www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းမာယာနှင့်သွေးသစ္စာ



၁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

### ရွှေအိမ်နန်းမှ စိတ္တသောခင်

ယန်ကျိုးမြို့. . .

ယန်ကျိုးမြို့သည် ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာသော မြို့ကြီးတစ်မြို့ဖြစ်သည်။

စိမ်းလန်းစိုပြေသော သစ်ပင်ပန်းမန်များနှင့် လှပသောရှုခင်းရှုကွက်များ ပေါသောကြောင့် စည်ကားသောမြို့ကြီးဖြစ်သည်။

ယင်းယန်ကျိုးမြို့နှင့် ခေတ်ပြိုင်ထင်ရှားနေသောမြို့ကား စူကျိုးမြို့ဖြစ်သည်။

ထိုမြို့ဒေသသည် ရွှေများ ကျင်ယူရရှိရာဒေသ ဖြစ်သဖြင့်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ချင်ဝိုင်ဒေသထက်ပင် တော့ာ်ဖောထင်ရှားနေသည်။

ယန်ကျိုးမြို့ စည်ကားနေသည့်အကြောင်းရင်းများအနက် သိသာထင်ရှားလှသော အကြောင်းတစ်ခုကား အိမ်သုံးဆား အရောင်းအဝယ် ကောင်းလွန်းသောကြောင့်ဖြစ်သည်။

ဆားခွန် ကြီးကြပ်သည့်အရာရှိများနှင့် ဆားကုန်သည် များသည် ဤမြို့တွင် ခြေချင်းလိမ်အောင် ရှိနေကြသည်။

ကုန်ရောင်းကုန်ဝယ် စည်ကားလှသော မြို့ကြီး ဖြစ်သော ကြောင့် မူးယစ်သောက်စားပြီး အပျော်ကျူးသူ၊ လောင်းကစား သူများလည်း ပေါများလှသည်။ မိန်းမပျက်၊ မိန်းမပေါ့များလည်း အလွန်ပေါသည်။

ထို့ကြောင့်. . .

'သင့်အိတ်ထဲမှ ငွေတစ်သိန်းကို အချိန်အနည်းငယ် အတွင်း ကုန်စေလိုလျှင် ယန်ကျိုးမြို့သို့ ကြွပါ' ဟူ၍ပင် ပြောစမှတ် ပြုကြရသည်။

ပျော်ပွဲရွှင်ပွဲမျိုးစုံ၊ စားသောက်ဆိုင်မျိုးစုံနှင့် ပြည့်တန်ဆာ ခန်းများသည် အပ်ချစရာ မရှိလောက်အောင် ပေါသည်။

ထို့ကြောင့်လည်း. . .

'လွတ်လပ်တဲ့ သိုင်းလောကမြို့တော်မှာ ဓားတစ်လက်နဲ့ အရက်အိုးဆွဲပြီး လည်ခဲ့ ပတ်ခဲ့ ပျော်ခဲ့တာတွေ. . .

မြင်ကွင်းထဲက ခါးသေးရင်ချီ မိန်းမလှပန်းချီတွေကို ပေးရင်း ရင်ခုန်ပျော်ပါးခဲ့ရတာတွေ. . .



'အပျော်. . . အပျော်. . . ဆယ်နှစ်ကြာအောင် ပျော်ခဲ့ရ လဲ့ အိပ်မက်မက်သလိုပါပဲ' ဟူ စာဆိုရှင် တုဖူက ရေးခဲ့ဖူးသည်။

ယန်ကျိုးမြို့သည် ဓာတ်လမ်းပေါင်းစုံ ဘဝပေါင်းစုံသော မြို့ကြီးတစ်မြို့ပင်။

မြို့၏တစ်နေရာတွင် မြစ်တစ်မြစ်ရှိသည်။ ရေတား စိမ်းမြ ကြည်လင်သော ရေမျိုးမဟုတ်။ နောက်ကျိုကျိုဖြစ်သည်။

ထိုမြစ်ကို ဖြတ်ဆောက်ထားသောတံတားကား နာမည် ကျော် နှစ်ဆယ့်လေးဆင့်တံတားမျိုးဖြစ်သည်။

မြစ်၏ဘေးတစ်ဖက်တစ်ချက်တွင် ခန့်ညားထည်ဝါသော အဆောက်အဦများ တန်းစီနေသည်။ လူနေအိမ်ထက် ပျော်ပွဲစားရုံ က များသည်။

တံတားပေါ်မှကြည့်လျှင် မြစ်ထဲမှ လှေကလေးများကို ပျားပန်းခတ်သလို တွေ့နိုင်သည်။

နေ့ညမဟူ စည်ကားနေလေ့ရှိသောဤမြို့တွင် နဂါးများ၊ မြွေများကဲ့သို့ ခိုအောင်းကျက်စားနေကြသော သိုင်းသမားများလည်း များစွာရှိသည်။

ဤမြို့သည် ဧရိယာ သိပ်ကျယ်ဝန်းသည် မဟုတ်သော် လည်း လူမျိုးပေါင်းစုံ အကြောင်းပေါင်းစုံ ဓာတ်လမ်းပေါင်းစုံသော မြို့ပင်။

ယန်ကျိုးမြို့၏နေဝင်ဖြိုးဖျ မှောင်လုမှောင်ခင် ဆည်းဆာ

www.burmeseclassic.com

www.burmeseclassic.com



ချိန်ပင်ဖြစ်ပါ၏။

သဘာဝသည် လွမ်းမောတသဖွယ် လှပသာယာနေပါ၏။ မြစ်ကိုဖြတ်ဆောက်ထားသော နှစ်ဆယ်လေးဆင့် တံတားပေါ်တွင် သွားလာနေကြသည့်သူများ၊ ယာဉ်ရထားများသည် ရက်ကန်းလွန်းပျံလေးများအလား ကြည့်ကောင်းနေသည်။

ထိုအချိန်တွင် တံတားဦးနံရံကိုမှီလျက် လူတစ်ယောက် ခြေဆင်း ထိုင်နေသည်။

ဤလိုနေရာမျိုး၌ ဤပုံစံနှင့်ထိုင်နေလေ့ရှိသူများသည် တစ်ဝမ်းတစ်ခါးအတွက် လက်ဖြန့်တောင်းစားနေသော သူတောင်းစားများသာ ဖြစ်လေ့ရှိသည်။

ဤသို့မဟုတ်လျှင်လည်း အရူးသာ ဖြစ်လိမ့်မည်။

ယခုမူ လောကကြီးကို ဂရုမစိုက်သည့်ဟန်နှင့် ခြေပစ်လက်ပစ် ထိုင်နေသူသည် သူတောင်းစားလည်း မဟုတ်၊ သွက်သွက်ခါအောင် ရူးသွပ်နေသောလူလည်း မဟုတ်ချေ။

သို့သော် ဤလူ၏ပုံဟန် အမူအရာကို ကြည့်ရုံနှင့် ဦးနှောက်ချောင်နေသူ၊ စိတ်မနှံ့သူ တစ်ကား သိမြင်နိုင်ပေသည်။

အရာအားလုံးကို မသိတော့အောင် ရူးနေသူ မဟုတ်သဖြင့် ယဉ်ယဉ်ကလေးနှင့် ရူးနေသူတဲ့ ဆိုရပေလိမ့်မည်။

သို့သော်. . .

ထိုလူ၏ ရုပ်လက္ခဏာသည် ဆင်းရဲနုံချာသော အမျိုးအနွယ်မှ ဆင်းသက်လာသူ ဖြစ်ဟန်မရှိချေ။



ထို့ကြောင့် မွဲခြောက်နေသော အသားအရည်နှင့် စုတ်ပြတ်ပေကျံနေသော အဝတ်အစားများသည် သူ၏မူလဇာတိဇရုပ်ကို ဖုံးကွယ်မပျောက်စေခြင်း မရှိချေ။

အဝတ်အစားများသည် စုတ်ပြတ်ညစ်ပေနေသော်လည်း စာပေသိုင်းသိမ်းဝတ်စုံ ဖြစ်သဖြင့် နွယ်နွယ်ရရလူ မဟုတ်သည်ကား သေချာလှသည်။

ထိုလူသည် ခြေကိုဆင်းပြီး အဝေးကို ငေးနေရာမှ လက်နှစ်ဘက်ကို ဆတ်ခနဲ မြှောက်တင်လိုက်ပြီး ဝေ့ယမ်းပြ နေသည်။

သူ၏မျက်ခုံးနှင့် မျက်လုံးအစုံသည် သူ၏ခန့်ညားချောမောမှုကို ဖော်ပြနေဆဲရှိသည်။

ဖြောင့်တန်းပေါ်လွင်သော နှာတံနှင့် မထူလွန်း မပါးလွန်းသော နှုတ်ခမ်းအစုံသည် တည်ကြည်ခန့်ညားသော လူတစ်ယောက်၏ရုပ်သွင်ကို ထင်ရှားနေဆဲရှိသည်။

သို့သော်. . .

သူ၏အကြည့်နှင့် မျက်လုံးဂဏာမငြိမ်ပုံသည် ဦးနှောက်ပုံမမှန်သူမှန်း သိသာလှသည်။

ထိုလူသည် အသက်အားဖြင့် ကြီးလှသူကား မဟုတ်ပါ။ အလွန်ဆုံးရှိမှ နှစ်ဆယ်ကျော်ရုံသာ။

ဤရုပ်ရည်မျိုးနှင့် ဤအရွယ်သည် ပျော်ပွဲရွှင်ပွဲများနှင့် စားသောက်ဆိုင်များရှိရာ လှည့်လည်သွားလာပြီး မိန်းမချောမိန်းမလှကလေးများကို ငေးမောကြည့်နေတတ်သည့်အရွယ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ဤလူငယ်သည် သစ်လွင်တောက်ပသော အဝတ်အစားများကို ဝတ်ဆင်ပြီး လမ်းသလျှောက်နေပါက တောင်သောင်းမကသော မိန်းမပျိုကလေးများ၏ လွမ်းမောတသသော တိတ်တခိုးအကြည့်ကို အပ်ချစရာမရှိအောင် ခံယူရရှိနိုင်သည့်လူငယ်တည်း။

ယခုမူ သူ့ကို တွေ့မြင်သူများက နွားမြောသလိုလို၊ သနားသလိုလို၊ ရွံရှာစက်ဆုတ်သလိုလို အကြည့်များစွာနှင့် ကြည့်ကြည့်သွားပြီး ရိဝေမှုန်မှိုင်းသွားကြရသည်ချည်းဖြစ်သည်။

တံတားပေါ် ဖြတ်သန်းသွားလာနေသူများသည် လူငယ်ကို ခံစားမှုမျိုးစုံ၊ ထင်မြင်ချက်မျိုးစုံနှင့် ကြည့်သွားကြသော်လည်း လူငယ်ကမူ ထိုလူများကို ဂရုစိုက်ခြင်း မရှိချေ။

တစ်ကြိမ်တွင် တံတားကိုဖြတ်လာသည့် မြင်းရထားပေါ်မှ ယင်းကာသည် ဖျတ်ခနဲ ပွင့်သွားပြီး မိန်းမချောတစ်ယောက်၏ ခေါင်းတစ်လုံး ပြူထွက်လာသည်။

မိန်းမချောသည် လူငယ်ကို ဖျတ်ခနဲကြည့်ပြီး ယင်းကာကို ဖျတ်ခနဲ ပြန်ချလိုက်သည်။

ထို့နောက် မြင်းရထားထဲမှ မိန်းမပျိုအချို့၏ စုတ်သပ်သံများ၊ သက်ပြင်းချသံများ ပြန့်လွင့်သွားသည်။

သို့သော် လူငယ်က ထိုအခြင်းအရာများကို လုံးဝ ဂရုမစိုက်ချေ။

ရုတ်တရက်. . .

လူငယ်သည် တံတားနံရံကို မှီပြီး ခြေဆင်းထိုင်နေရာမှ ရှေ့ကို ထပ်တိုးလိုက်သည်။



ထို့နောက် တံတားဆီ ဦးတည်လာနေသော မြင်းရထားကို လှမ်းကြည့်ပြီး ခြေထောက်ကို ရှေ့ထပ်တိုးတာ ဆန့်ထားလိုက်သည်။

'ဗျို့. . . မြင်းရထားဆရာ. . . ဟိုအက်ကို ကွေ့ရှောင်မသွားနဲ့ဗျ၊ ကျုပ်ခြေထောက်ကိုဖြတ်ပြီး ကြိတ်သွားစမ်းပါ'

လူငယ်သည် သူ့ခြေထောက်နှစ်ချောင်းကို လက်ညှိုးထိုးပြီး အော်ပြောလိုက်သည်။ ထိုစဉ် မြင်းရထားက အနည်းငယ် ကပ်သွားသည်။

'ဗျို့. . . မြင်းရထားဆရာ၊ ကျုပ်ကို ကြိတ်ရမှာ ကြောက်နေသလား၊ မကြောက်ပါနဲ့ဗျ၊ ကျုပ်ခြေထောက်တွေကိုဖြတ်ပြီး ကြိတ်သွားစမ်းပါ၊ ကျိုးချင်ကျိုး၊ ကြေချင်ကြေ၊ ပြတ်ချင်ပြတ်ပါ၊ ကြိတ်သွားစမ်းပါ၊ ဘာလဲ. . . ခင်ဗျားက ကျုပ်ကို သိပ်ကြောက်နေတာလား၊ မကြောက်ပါနဲ့ဗျ၊ ကျုပ်က ခင်ဗျားကို ဒုက္ခမပေးပါဘူး၊ ဘယ်အရိုးကုဆရာနဲ့မှလည်း ကုနေမှာမဟုတ်ပါဘူး၊ ကျုပ်က တစ်ကောင်ကြွက် တစ်မျက်နှာသမားဗျ၊ ကျုပ် သေသွားရင်တောင် ဘယ်သူကမှ ခင်ဗျားကို တရားစွဲမှာ မဟုတ်ဘူးဗျ၊ ကျုပ်ကို လျော်ကြေးပေးဖို့လည်း မလိုပါဘူး၊ ဗျို့. . . ဆရာ ဘာဖြုလို့ ကွေ့ရှောင်ဖို့ ကြိုးစားနေရတာလည်း၊ မကွေ့နဲ့၊ မရှောင်နဲ့၊ ကြိတ်သွား. . . ကြိတ်သွား၊ အို. . . ခင်ဗျားက ဘာပြုလို့ ရှောင်ပြေးရတာလည်းဗျ၊ မပြေးနဲ့၊ မပြေးနဲ့'

www.burmeseclassic.com

www.burmeseclassic.com



လူငယ်သည် သံကုန်အော်ဟစ်နေရင်း တဟားဟား အော်ရယ်လိုက်ပြန်သည်။

ထို့နောက် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဟိုဟိုသည်သည် ကြည့်လိုက်ပြီး ဆက်ပြောပြန်သည်၊

'ဘာလဲ မြင်းရထားဆရာ၊ ခင်ဗျားက ကျုပ်ခြေထောက်တွေကို ရွှံ့နဲ့လုပ်ထားတယ် အောက်မေ့လို့လား၊ ခင်ဗျားရဲ့ ရထားဘီးကြီး ဘယ်လိုနှင်းသွားနင်းသွား ပြတ်မယ်ထင်မနေနဲ့၊ ကျုပ်ခြေထောက်က သံမဏိခြေထောက်၊ ဓားနဲ့ခုန်လည်း မပြတ်ဘူး၊ ပုဆိန်နဲ့ခုတ်လည်း မပြတ်ဘူး သိရဲ့လား၊ မယုံရင် လာစမ်းကြည့်လေဗျာ၊ ဟား . . ဟား . . .'

လူငယ်က မခံချင်အောင် ပြောသည်။ သူ့စကားတို့ သူ့ဘာသာ သဘောကျပြီး ခွက်ထိုးခွက်လှန် ရယ်သည်။

မြင်းရထားဆရာသည် သူ့စကားကို ဂရုစိုက်ဟန် မရှိပါ။

စင်စစ် အဘယ်သူသည် ဤလို ရူးနှမ်းနေသူကို အနိုင်အထက် ပြုလိုအံ့နည်း၊

အကယ်၍ လူတစ်ယောက်၏ခြေထောက်တို့ စမ်းသပ်ခုတ်ပိုင်းလိုသူ ရှိအံ့။ ဤလူငယ်၏ခြေထောက်ကိုကား ခုတ်ပိုင်းလိမ့်မည် မဟုတ်ချေ၊

သို့သော် လူငယ်သည် တံတားပေါ် သွားလာနေသူတို့အား မခံချင်အောင်ပြောပြီး ဖိတ်ခေါ်နေဆဲပင်တည်း။

ထိုစဉ် နှင်းကာအင်္ကျီနှင့် အသားမည်းမည်း လူတစ်



ယောက်သည် တံတားဆီ ဦးတည်ပြီး ခပ်ဖြည်းဖြည်းလျှောက်လာ၏။

ထိုလူသည် ခပ်ဖြည်းဖြည်း လျှောက်လာနေရာမှ ဖျတ်လတ်ဆွက်လက်လာ၏၊

သူ၏မျက်လုံးအကြည့်သည် စူးရဲနေပြီး ရဲသွေးရဲမာန်များ တက်ကြွနေ၏။

ထိုလူ၏လှုပ်ရှားမှုကို ကြည့်မြင်ရုံနှင့် သိုင်းသမားတစ်ယောက်မှန်း သိနိုင်၏။

နှင်းကာအင်္ကျီအောက် ခါးကြားနေရာသည် ခပ်ဖောင်းဖောင်း ဖြစ်နေသဖြင့် ဓားပါလာကြောင်း သေချာနေ၏၊

မကြာမီမှာပင် ထိုလူသည် ခြေဆင်းထိုင်နေသော လူငယ်အနီးသို့ ရောက်ရှိလာ၏။

ထိုလူသည် လူငယ်အနီးသို့ ရောက်မှ ကွေ့ရှောင်သွားရန် ကြိုးစားနေပြန်သည်၊

သို့သော် သူ၏ကွေ့ရှောင်ထွက်ခွာမှုသည် နောက်ကျသွားလေပြီ၊

အဘယ်ကြောင့်ဆိုသော် ခြေဆင်းထိုင်နေသောလူငယ်ကသူ၏ နှင်းကာအင်္ကျီအနားစကို ဆွဲကိုင်လိုက်သောကြောင့်တည်း။

နှင်းကာအင်္ကျီနှင့်လူ ပုံပျက်ပန်းပျက် ဖြစ်သွားစဉ်မှာပင် လူငယ်က ခပ်ကျယ်ကျယ် ပြောတော့သည်။

'နေပါဦးမိတ်ဆွေရဲ့၊ ဟိုလူတွေက ကျုပ်ကိုမှာကျင်အောင်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ရဲကြဘူးဗျ၊ ခင်ဗျားကတော့ သိုင်းသမားတစ်ယောက်နဲ့ တူတယ်၊ ခါးကြားထဲမှာလည်း ဓားပါလာတယ်၊ ဒီတော့ ဟောဒီမှာ ဆင်းထားတဲ့ ကျုပ်ခြေထောက်ကို ခုတ်ပိုင်းပစ်လိုက်စမ်းပါ၊ ဒါမှ ကျုပ်ခြေထောက် ပြတ်၊မပြတ် သိရမှာ၊ လုပ်ပါ ခုတ်ပါ'

နှင်းကာအကျီနှင့်လူသည် တခဏအတွင်း စိတ်ရှုပ်သွား၏။ ဤသို့ ညစ်ပတ်ပေကျပြီး ရူးသွပ်နေသူနှင့်လည်း စကားပြောလိုဟန် မရှိ။ ထို့ကြောင့် စက်ဆုတ်ရွံရှာသော အကြည့်မျိုးနှင့် စိုက်ကြည့်လိုက်ပြီး အကျီကို ခဆောင့်ဆွဲပစ်လိုက်သည်။

ဤတွင် 'ရှဲ' ဟူသော အကျီစုတ်ပြဲသံကြီး ပေါ်ထွက်လာပြီး နှင်းကာအကျီအောက်နားစသည် ပြတ်ထွက်သွား၏။ ပြတ်သွားသောအကျီစသည် ပြတ်ထွက်သွား၏။ပြတ်သွားသောအကျီစသည် လူငယ်၏လက်ထဲတွင် ရောက်ရှိနေ၏။

နှင်းကာအကျီနှင့်လူသည် မမျှော်လင့်သောအဖြစ်ကြောင့် ဒေါသထောင်းခနဲ ထွက်လာသည်။ လူငယ်ကို ဆောင့်ကန်ရန် ဟန်ပြင်မိသည်။

သို့သော် . . . မှကာန်ဖြစ်ပါ။ မြှောက်ထားသောခြေတစ်ဘက်ကို ဆတ်ခနဲ ပြန်ရုပ်လိုက်မိသည်။

အကြောင်းကား တံတားထိပ်တစ်ဘက်၌ ချုံဖုတ်ထဲမှ တောက်ပသောမျက်လုံးတစ်စုံကို တွေ့မြင်လိုက်ရသောကြောင့်တည်း။

နှင်းကာအကျီနှင့်လူသည် ရင်တထိတ်ထိတ် ခုန်လာရာမှ



သက်ပြင်းကို ဟင်းခနဲ ချလိုက်မိတော့သည်။

'အရင်တုန်းကတော့ လူတိုင်းလိုလိုဟာ ခင်ဗျားကို မြင်ရုံနဲ့ ခေါင်းငုံ့ရိုကျိုးဟန်နဲ့ ရှောင်ထွက်သွားကြတာချည်းပဲ၊ ခုတော့ ဒီလို မဟုတ်တော့ဘူး၊ ကျုပ် ရှောင်ထွက်ရတာဟာ ဒီနှစ်ဆယ့်လေးဆင့် တံတားအနီးမှာ ချုံခိုစောင့်ရှောက်နေတဲ့လူရှိလို့ပဲ'

နှင်းကာအကျီနှင့်လူသည် ချုံဖုတ်ရှိရာသို့ လှမ်းကြည့်လိုက်ပြန်သည်။ ချုံဖုတ်ထဲမှ မျက်လုံးနှစ်လုံးသည် စောစောကထက် ပို၍ ဝင်းပြောင်တောက်ပလာနေကြောင်း သတိပြုလိုက်မိသည်။

မကြာမီ နှင်းကာအကျီနှင့် အသားမည်းမည်းလူသည် ရပ်နေရာမှ ဆတ်ခနဲ လှည့်ထွက်သွားတော့သည်။

---

လူငယ်သည် လှည့်ထွက်သွားသူ၏ ကျောပြင်ကြီးကို ငေးကြည့်ရင်း အော်ဟစ်လိုက်ပြန်သည်။

'ဟော့လူ . . . ဘာဖြစ်လို့ ထွက်ပြေးတာလည်းဗျ၊ သတ္တိနည်းလှချေလား။ သိုင်းသမားလည်း ဆိုသေး၊ တိုက်ခိုက်ရမှာလည်း ကြောက်သေး၊ ဟား . . . ဟား၊ ဘာလဲ ခင်ဗျားပညာက လှည့်ပတ်ထွက်ပြေးရေးပညာလားဗျ ဟား . . . ဟား'

အရှေ့လူငယ် ရယ်မောနေစဉ်မှာပင် အလွန်ခေါင်းမာဟန်ရှိသော လူငယ်တစ်စုသည် အရှေ့လူငယ်အနီးသို့ ရောက်ရှိလာကြပြန်လေ၏။ သူတို့အားလုံးသည် ဆယ့်ငါးယောက်ခန့်ရှိပြီး ဆယ်ကျော်သက်ရွယ် လူငယ်များသာဖြစ်သည်။ ထိုလူငယ်ကလေးများ

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ယောက်က. . .

'အရူးဦးဦး၊ ခင်ဗျားက ဘာကိစ္စနဲ့ ဒီကို ရောက်လာရတာလည်းဗျ' ဟုမေးသည်။

အရူးလူငယ်သည် ထိုကောင်ငယ်လေးကို စေ့စေ့စပ်စပ်ကြည့်လိုက်ပြီး ရယ်မောခြင်းကို ရပ်တန့်ပစ်လိုက်သည်။

'ငါက ဘယ်သူတွေများလည်းလို့၊ လက်စသတ်တော့ မင်းတို့ကိုး၊ လူရှုပ်ဗရုတ်ကလေးတွေပဲ၊ ဒါနဲ့. . . မင်း. . . မင်းနာမည်က ဘယ်သူလဲ၊ ငါ မင်းနာမည်ကို မေ့နေတယ်ကွ'

အမေးခံလိုက်ရသောကောင်ငယ်လေးသည် ရှုံ့မဲ့မဲ့ဖြစ်သွားသည်။ သူ၏ရှည်လျားသောဆံပင်များကို ကျစ်ဆံမြီးကျစ်ထားသဖြင့် သူ ခေါင်းယမ်းလိုက်တိုင်း ကျစ်ဆံမြီးက ယမ်းခါသွားသည်။

ကောင်ငယ်လေးသည် အရူးလူငယ်ရှေ့တွင် ဆောင့်ကြောင့် ထိုင်ချလိုက်ပြီး မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်သည်။

'ကျွန်တော့်နာမည် ရှောင်စွန်လေ အရူးဦးဦးရဲ့'

'အင်း. . . အင်း. . . ဟုတ်သားပဲ၊ မင်းနာမည် ရှောင်-ရှောင်-ဘာလဲကွ မေ့သွားပြန်ပြီ'

'ဟာဗျာ. . . ခုပဲပြော ခုပဲမေ့၊ တတယ်အသုံးမကျတဲ့လူပဲ၊ ကျွန်တော်ဆို မေမေပြောထားတာတည်းက တစ်ခါမှ မမေ့တော့ဘူး၊ ခင်ဗျားက တစ်မျိုးပဲ၊ တော်တော် မှတ်ဉာဏ်နည်းတယ်၊ ကဲ. . . နောက်တစ်ခါ ထပ်ပြောပြမယ်၊ သေသေချာချာ မှတ်ထား၊ ကျွန်



တော့်နာမည် ရှောင်စွန်. . . ရှောင်စွန်'

'ဟုတ်ပြီ. . . ဟုတ်ပြီ၊ ငါမေ့တတ်တာကိုတော့ စိတ်ဆိုးပြီး ဝိုင်းမရိုက်ပါနဲ့ကွာ ဟုတ်လား'

အရူးလူငယ်သည် ကြောက်ရွံ့ဟန်နှင့်ပြောရင်း နောက်သို့ အနည်းငယ် ပြန်ဆုတ်လိုက်သည်။

လူရှုပ်ကလေးများသည် အရူးလူငယ်၏ အမူအရာကို ကြည့်ပြီး တဟားဟား ရယ်ကြသည်။

ထိုစဉ် ကျစ်ဆံမြီးနှင့်ကောင်လေးကခပ်ကြွားကြွားဟန်နှင့် ထပ်ပြောသည်။

'ကဲ. . . ကျွန်တော်မေးတာကို ဖြေစမ်းပါဦး၊ ခင်ဗျား ဒီကို ဘာကိစ္စနဲ့ ဘယ်လိုလုပ် ရောက်လာတာလဲဗျ'

အရူးလူငယ်သည် တွေခနဲဖြစ်သွားပြီးမှ . . .

'ဘာလဲ မင်းတို့က ငါ့ကို ဝိုင်းမရိုက်တော့ဘူး ဟုတ်လား' ဟု အမေးတစ်ခြား အဖြေတစ်ခြား ပြောသည်။

ကျစ်ဆံမြီးနှင့်ကောင်လေးသည် စိတ်ပျက်သွားဟန်ဖြင့် ခေါင်းကို ယမ်းခါလိုက်သည်။ ထို့နောက် လက်နှစ်ဘက်ကို ခါးပေါ် ထောက်ထားလိုက်ပြီး. . .

'ကျွန်တော်တို့က လူဆိုးတွေကိုမှ ဝိုင်းရိုက်တတ်ကြတာဗျ၊ အရူးဦးဦးက လူကောင်းပဲဥစ္စာ ဘာဖြစ်လို့ ရိုက်ရမှာလဲ'

'ကောင်းကွာ၊ ကောင်းမှကောင်း၊ မင်းတို့ရဲ့ အရူးဦးဦးတာ လူဆိုးတွေရဲ့ နှိပ်စက်မှုကို ခံခဲ့ရတဲ့လူကွ၊ ဒီတော့ ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



ကူညီတဲ့အနေနဲ့ လူဆိုးမှန်သမျှ ရိုက်သတ်ကြပါကွာ၊ ဟုတ်လား၊ ငါပြောတာ ကောင်းတယ်မဟုတ်လား'

ရှောင်စွန့်က လူကြီးတစ်ယောက်၏ဟန်မျိုးနှင့် ခေါင်းကို အသာ ညိတ်ပြသည်။

'ကောင်းတယ်၊ ဒါမှ မိတ်ဆွေကောင်း ပီသတာ၊ မင်းတို့ဟာ ငါ့ရဲ့ တကယ့်မိတ်ကောင်းဆွေကောင်းတွေပဲ၊ ငါ တတ်ထားတဲ့ပညာကလည်း ခေတာမဟုတ်ဘူးကွ၊ သိပ်စွမ်းတာ၊ ငါ လမ်းပေါ်ထွက်လျှောက်လိုက်တာနဲ့ လူတွေအားလုံး အနားမကပ်ရဲကြဘူး၊ စေးဝေးက ရှောင်ပြေးကြတော့ ငါ့ကို ဝေးဝေးရှောင်သိုင်းသမားလို့ ဘွဲ့ပေးရင် သိပ်ကောင်းမှာ ဟား. . . ဟား'

ထိုစဉ် လူရှုပ်လေးတစ်ယောက်က သူ့ကို ဝင်ပြောသည်။

'အရှူးဦးဦး. . . ကျွန်တော်တို့ သီချင်းနားထောင်ချင်တယ် အရှူးဦးဦးက သီချင်းဆို သိပ်ကောင်းတာ'

အရှူးလူငယ်က ပြုံးဖြီးဖြီးနှင့် ခေါင်းညိတ်ပြသည်။

'တဲ. . . သေသေချာချာ နားထောင်၊ တဲ့နယ်. . . တဲ့နယ် . . . တဲ့နယ် . . . တယ်နယ်. . . တလ်နယ်. . . တဲ့နယ်နယ်. . .'

'ဆိုင်းမဆင့်. . . ပုံမပါ. . . ငါ ဆိုပြတာ နားထောင်ကြပါ. . . သိုင်းလောက မြေမဟီမှာ. . . အမှန်တရားဆိုတာ ရှိသလိုလို. . . မရှိသလိုလိုပျာ၊ သေသေချာချာကြည့်မှ ဝိုးတဝါး မြင်ရတာ၊ သစ္စာဆိုတာ. . . အမှန်တရားဆိုတာ မိုးပေါ်မှာလား မြေမှာလား ခွဲခြားမသိဘူး၊ လေထဲမှာ ဆိုရင်လဲပျာ. . .



တောင်းကင်က ဟိုတောင်ထန်းကို ဖမ်းကြည့်ချင်တာ၊ တကယ်တမ်းကျတော့. . . အမှန်တရားသစ္စာဆိုတာ. . . ဘဝထဲမှာ တကယ်ရှိတာ၊ တွေ့ရမြင်ရသပျာ. . .

အမှန်တရားသစ္စာဆိုတာ. . . ဘဝထဲမှာ တောထဲမှာ တောင်ထဲမှာ သမုဒ္ဒရာထဲမှာ တည်ရှိတာအမှန်ပါ၊ အရင်းစစ်တော့. . . ကျုပ်တို့ ရင်ထဲမှာ။

အမှန်တရားဆိုတာ သတ္တိနဲ့ ညီအစ်ကိုပါ၊ သတ္တိဆိုတာ အမှန်တရားအတွက်သာ. . . အရိုးကြေကြေ အရေခန်းခန်း. . . မကြောက်တမ်း. . . မရွံ့တမ်း. . . လှမ်းလျှောက်တတ်တာ၊ ရေမြေတောတောင်သမုဒ္ဒရာ. . . ကြမ်းတမ်းခက်မာနေလဲ. . . နောက်မတွန့်ပါ၊ ခေါင်းမငုံ့ပါ၊ အောက်ကျမခံ ဒူးမထောက်ပါ၊ ငွေကြေးနဲ့ ဝုဏ်မနဲ့အောက်မှာ ဆိုမဝင်ပါ၊ သတ္တိဆိုတာ အမှန်တရားအတွက်ပါ၊ သွေးတွေ ပင်လယ်ဝေလဲ မကြောက်တမ်း. . . မရွံ့တမ်း. . . ရင်ဆိုင်ကျော်လွှားရဲကြပါပျာ. . . ပျာ. . . ပျာ. . . ဟား. . . ဟား'

'ဖြောင်း. . . ဖြောင်း. . .'

အရှူးလူငယ်သည် အသက်ပါပါ သီဆိုရင်း လက်ခုပ်ကိုပါ တဖြောင်းဖြောင်း တီးမစ်လိုက်သည်။

လူရှုပ်လူငယ်ကလေးတို့သည် သဘောကျစွာနှင့် ခုန်ပေါက် မြူးတူးသွားကြသည်။

ထိုစဉ် ခပ်လှမ်းလှမ်းမှ မိန်းမပျိုတစ်ယောက်သည် သူတို့

www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ အူယားဖားယား ပြေးလွှားလာသည်။

သူမ၏အကျီနှင့် ဆံပင်များသည် လေထဲ၌ တလူလူလွင့်နေသည်။

ထိုမိန်းမပျိုသည် မလှမ်းမကမ်းသို့ရောက်သည်နှင့် သံကုန်အော်အော်သည်။

'ရှောင်စွန့် သေခြင်းဆိုးလေး၊ နင် ဒီကို ရောက်နေပြီပြီလား'

မိန်းမပျိုသည် အော်ဟစ် တိုင်ဆဲနေရင်းက တံတားပေါ်ပြေးတက်လာသည်။

ထို့နောက် လူရှုပ်ကောင်လေးတို့ အုပ်စုကို ကြိမ်းမောင်းပြီ ဆွဲခေါ်သွားသည်။

သူမ၏ လှုပ်ရှားမှုသည် အလွန်ဖျတ်လတ်သော လှုပ်ရှားမှုဖြစ်သည်။

သူမသည် အရှုးလူငယ်ကို လုံးဝ ဂရုမစိုက်ချေ။

အရူးလူငယ်သည် မိန်းမပျိုကို ငေးကြည့်နေရင်း ခေါင်းတယမ်းယမ်းလုပ်ကာ မကျေမနပ် ရေရွတ်လိုက်သည်။

'အံ့ရော၊ ဒီလောက်ကောင်းတဲ့ သီချင်းကိုတောင် ဇိမ်ရှိရှိ နားမထောင်ချင်ကြပါလား၊ ခက်တယ် တော်တော်ခက်တဲ့လူတွေ'

အရူးလူငယ်သည် ဘာစကားမျှ ဆက်မပြောတော့ဘဲ ခေါင်းငုံ့ ငြိမ်သက်သွားသည်။

မကြာမီ နှစ်ဆယ့်လေးဆင့် တံတားအနီးရှိ ချုံဖုတ်ထဲမှလူသည် ဖျတ်ခနဲ ခုန်ထွက်လာသည်။



ထိုလူသည် ပိန်ပိန်ရှည်ရှည်ဖြစ်ပြီး မျက်လုံးအရောင်တောက်ပြောင်လှသည်။

သူ့ဟန်က သိုင်းသမားကောင်းတစ်ယောက်ဟန် ပေါ်လွင်လှသည်။

ထိုလူသည် တံတားဦးသို့ လျှောက်လာပြီး အရူးလူငယ်လူငယ်အနီးတွင် ရပ်မိသည်နှင့် ဦးညွှတ်ခါးကုန်းပြီး အရိုအသေပေးသည်။

ထို့နောက် နူးညံ့သိမ်မွေ့သောအသံနှင့် စကားဆိုသည်။

'ဒုတိယသခင်လေးခင်ဗျာ. . . အချိန်မရှိတော့လို့ အိမ်တော်ပြန်ဖို့ သင့်ပါပြီ၊ ခုဆို သခင်လေးအလာကို မျှော်နေတဲ့ သခင်ကြီးလဲ စိတ်မောလူမော ဖြစ်နေလောက်ပါပြီ၊ ကဲ. . . ကျွန်တော်တို့ အိမ်တော် ပြန်ကြရအောင်လား'

အရူးလူငယ်သည် ငုံ့ပြီးငြိမ်နေရာမှ ဆတ်ခနဲ မော့ကြည့်ကာ တုဆတ်ဆတ်ပြောတော့သည်။

'အိမ်တော်. . . အိမ်တော်ကို ပြန်ရမယ် ဟုတ်လား၊ ဘယ်နေရာက ဘယ်အိမ်တော်ကို ဘာဖြစ်လို့ ပြန်ရမှာလဲဗျာ၊ အိမ်တော်ဆိုတာ ကျုပ်အိမ်လား၊ ကျုပ်အိမ်က ဘယ်နေရာမှာရှိလို့လဲ'

ပိန်ပိန်ရှည်ရှည်လူသည် ရှည်ရှည်ဝေးဝေး ပြောဆိုရန် ခေါင်းစားမိသော်လည်း ဖြေဆိုရန်မသင့်ဟု ယူဆမိလိုက်ပြန်သဖြင့်

www.burmeseclassic.com



သင့်သလိုသာ ပြောရတော့သည်။

'သခင်လေးမှာ အိမ်ရှိပါတယ်၊ သိပ်ကောင်းတဲ့အိမ်ပေါ့'

'ဟား. . ဟား. . . ခင်ဗျားက ဘာတွေ လာပြောနေတာလဲ၊ ပြန်ချင်ရင်လဲ ရပါတယ်ဗျာ၊ ခင်ဗျားကို ဘယ်သူကမှ တားမနေပါဘူး၊ ပြန်. . . ပြန်၊ ခင်ဗျားဘာသာ ခင်ဗျားပြန်၊ ကျုပ်မှာက အိမ်မရှိဘူး၊ မြေကြီးပဲ ရှိတယ်၊ အို . . . နေဦး၊ ကျုပ်မှာ အိမ်ရှိတယ်ဗျ၊ အဲဒီအိမ်က တောင်ကြီးတစ်လုံးပေါ်မှာ ဆောက်ထားတာ၊ ဟုတ်တယ်၊ အဲ. . . မဟုတ်သေးဘူး၊ အဲဒါက အိမ် မဟုတ်ဘူး လူသတ်ကွင်း၊ ဟုတ်တယ် လူသတ်ကွင်း၊ ကျုပ်အိမ်က ကျုပ်ထိုင်နေတဲ့နေရာ၊ ဟုတ်တယ် ဒီနေရာဟာ ကျုပ်အိမ်ပဲ'

'သခင်လေးကလဲဗျာ၊ တွေ့ကရာတွေ လျှောက်ပြောမနေစမ်းပါနဲ့၊ ထပါ၊ ကောင်းကောင်း ခေါ်လို့မရရင်တော့ . . .'

'ဘာလဲ ခင်ဗျားက ကျုပ်နဲ့ ရန်ဖြစ်ချင်နေသလားဟင်'

'မ . . မ. . မဟုတ်ပါဘူး သခင်လေးရယ်၊ ကျွန်တော် ဒီလိုမလုပ်ရဲပါဘူး၊ အချိန်မရှိတော့လို့ ကောင်းကောင်းမွန်မွန် ခေါ်နေတာပါ'

'အေး. . . ဒီကိစ္စက ဒီလိုသာ ဖြစ်သင့်တဲ့ကိစ္စပါ'

'ဟုတ်ပါတယ် သခင်လေးရယ်၊ သခင်ကြီးကလဲ ဒီလိုပါပဲ၊ ထဲ. . . ကျွန်တော်တို့ သွားကြရအောင်'

အရှေ့လူငယ်သည် ထိုင်ရာမှ ထလိုက်ပြီး ရှေ့ကို လျှောက်သွားတော့သည်။



ပိန်ပိန်ရှည်ရှည်လူသည် ဘာစကားမျှ မပြောရဲတော့ဘဲ အရှေ့လူငယ်နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားတော့သည်။

---

နှစ်ဆယ်လေးဆင့်တံတားကို ဖြတ်ကျော်ပြီးသည်နှင့် လမ်းတစ်လျှောက်လုံးတွင် ခန့်ညားထယ်ဝါသော အဆောက်အအုံများ၊ စစ်တုရင်စားဝိုင်များ စသည်တို့ကို တွေ့မြင်ရတော့၏။

အရှေ့လူငယ်သည် မည်သူ့ကိုမျှ ဂရုစိုက်ဟန်မရှိဘဲ ခြေဦးတည့်ရာလျှောက်နေရာမှ 'ချင်းဖုန်းကန်း' လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားသည်။

လက်ဖက်ရည်ဆိုင်ထဲတွင် စစ်တုရင်ဝိုင်းများကို တွေ့ရသည်။

အရှေ့လူငယ်သည် ဟိုဟိုသည်သည် လှည့်ပတ်ကြည့်ပြီး စစ်တုရင်ဝိုင်းတစ်ဝိုင်းဆီသို့ ဦးတည်မလျှောက်သွားသည်။

ထိုဝိုင်းထဲမှ လူတစ်ယောက်သည် စစ်တုရင်ကွက်များကို ကြည့်ရင်း လူအများ နားကြားဖြင်းကပ်အောင် ကြွားဝါနေသည်။

သူ့ဟန်က ပြိုင်ဘက်ကင်း စစ်တုရင် ဘုရင်တစ်ပါးအလား အောက်မေ့ရသည်။ စင်စစ် သူသည် စစ်တုရင်ဝင်ထိုးနေသူ မဟုတ်ပေ၊ ဘေးမှ ကြည့်နေသူသာဖြစ်သည်။

တကယ်ထိုးနေသော စစ်တုရင်သမားနှစ်ယောက်ကား စကားတစ်လုံးမှ မပြောကြ။ ဦးနှောက်ကို ပွက်ပွက်ဆူအောင် အလုပ်ပေးရင်း ငြိမ်ချက်သား ကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလူကြွားနှင့် မျက်နှာချင်းဆိုင်တွင် ရပ်ကြည့်နေသူသည် စစ်တုရင် ဝါသနာကြီးဟန် တူသည်။

ကိုလူကြွား နားညည်းအောင် ပြောနေသောစကားများကိုပင် ကြားဟန် မရှိချေ။

ထိုလူသည် သူ့မိတ်ဆွေ စစ်တုရင်သမား၏ အခက်အခဲကို ဖြေရှင်းပေးရန် ကြံဆနေပုံရသည်။

ထိုအချိန်၌ ငွေသိမ်းကောင်တာမှ ဆိုင်ရှင်သူဌေးသည် ဆိုင်ထဲသို့ အရူးတစ်ယောက်ဝင်လာသည်ကို နှစ်မြို့ခြင်း မရှိလှသဖြင့် အော်ငေါက်နှင်ထုတ်ရန် ဟန်ပြင်နေသည်။ သူ့မျက်နှာသည် တမုဟုတ်ချင်း ဖြစ်ပေါ်လာသောဒေါသကြောင့် နီရဲနေ၏။

တစ်ချိန်တည်းမှာပင် ပိန်ပိန်ရှည်ရှည် လူတစ်ယောက် ဝင်လာသည်ကို တွေ့ရသဖြင့် ဆိုင်ရှင်သူဌေး ပါးစပ်ပိတ်သွားသည်။ သူ၏မျက်နှာသည် တမုဟုတ်ချင်း ပျားရည်ဆမ်းထားသော မျက်နှာကဲ့သို့ ပြောင်းလဲသွားသည်။

ဤတွင်မက ထိုင်ရာမှထလိုက်ပြီး အရိုအသေပင် ပေးလိုက်သေးသည်။

နှုတ်ကလည်း. . .

'ဆရာကြီးတို့ပါလား၊ ကြွပါခင်ဗျာ၊ ကြွပါ။ အင်း. . . ဒီနှစ်တော့ အရောင်းအဝယ် အတော်ညံ့နေတယ်ဆရာကြီးရယ်၊ လုပ်ကိုင်စားရတာ အရင်ကလို မချောင်တော့ဘူး'

'အိုး. . . ခင်ဗျားကလည်း တွေ့တာနဲ့ ညည်းတာကိုးဗျ။



ကဲ. . . ခင်ဗျား လိုတာရမယ်၊ မနက်ဖြန် ကျုပ်အိမ်ကို လာခဲ့၊ ဒီနေ့ ကုန်ကျမယ့်သင့်ငွေကိုလဲ မှတ်ထား၊ မနက်ဖြန်မှ တစ်ခါတည်းယူ'

'ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့ခင်ဗျ'

ဆိုင်ရှင်သူဌေးသည် ပိန်ပိန်ရှည်ရှည်လူ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရင်း စကားဆက်ဖြန်သည်။

'အင်း. . . ဟိုနှစ်တုန်းကတော့ ဖျပ်စောင်းဓားရှည် တာခပ သမားဟာ စကြဝဠာ နံပါတ်တစ်ဗျ၊ လူတိုင်းကလည်း သူ့ကို အားကျကြတယ်၊ ခုတော့ မမျှော်လင့်တဲ့ အဖြစ်အပျက်တွေဟာ လျှပ်ပြက်သလိုပဲ၊ မင်္ဂလာကိစ္စကနေ အမင်္ဂလာကိစ္စ ဖြစ်သွားရတာဟာ တော်တော်အံ့ဩဖို့ကောင်းတာပဲ'

ဆိုင်ရှင်သူဌေးသည် အရက်ဖန်ခွက်ကို လှမ်းကိုင်လိုက်ရင်း စကားရပ်သွားသည်။

အဘယ်ကြောင့်ဆိုသော် ပိန်ပိန်ရှည်ရှည်လူ၏ အမူအရာသည် ပြောင်းလဲသွားသောကြောင့်တည်း။

ဆိုင်ရှင်သူဌေးသည် ခုမှ သူ့စကား မှားသွားမှန်း သတိရလာသည်။

ထိုအချိန်၌ အရူးလူငယ်သည် စစ်တုရင်ဝိုင်းကို အာရုံစိုက်နေ၏။

စစ်တုရင်ဝိုင်းမှ အဘိုးကြီးလေးယောက်သည် ဘေးတိုအနားသို့ အရူးလူငယ် ရောက်နေသည်ကို သတိမထားမိလိုက်ကြချေ။

www.burmeseclassic.com



အရူးလူငယ်သည် စစ်တုရင်ကွက်များကို ကြည့်နေရာမှ မနေနိုင်မထိုင်နိုင် ဝင်ပြောတော့သည်။

'ဘကြီးကလဲဗျာ၊ ဦးနှောက်အခြောက်ခံပြီး စဉ်းစားနေရသေးတယ်၊ ဒီအကွက်များ အဆန်းလုပ်လို့၊ ကျွန်တော်စစ်ကွက်ပဲ ပြောမယ်၊ ဒီမြင်းရုပ်ကို ရှေ့ကိုခုန်လိုက်'

စစ်တုရင်ကစားနေသော အဘိုးကြီးနှစ်ယောက်သည် အံ့အားသင့်ပြီး မျက်လုံးပြူးသွားကြသည်။ အရူးလူငယ်ကို ဘာမျှ မပြောကြသော်လည်း မကျေမနပ်နှင့် ဘုကြည့်ကြည့်ကြသည်။

စောစောက ဘယ်အကွက် ရွှေ့ရမည်မသိ ဖြစ်နေသော အဘိုးကြီးသည် ခုမှ အသိအမြင် ရလာဟန်နှင့်. . .

'ဟုတ်ပါ့ဗျာ ဟုတ်ပါ့၊ ဒီအကွက်ဟာ တော်တော်အဆင့်မြင့်တဲ့အကွက်ပဲ၊ ကျုပ်ဘယ်လိုမှ စဉ်းစားလို့ မရတဲ့အကွက်ဗျ၊ အံ့ရော အံ့ရော'

ဟု အသံထွက်လာသည်။

ထို့နောက် အလွန် သဘောကျသွားဟန်နှင့် မုတ်ဆိတ်မွေးများကို ပွတ်သပ်နေတော့သည်။

စင်စစ် ထိုအဘိုးကြီးသည် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော်လည်း စကားနာထိုးတတ်သော လူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့်. . .

'နောင်ကြီးဟူ. . . ကျုပ် ရွှေ့ပြီးပြီလေ ခင်ဗျားအလှည့် ရောက်နေပြီ၊ ရွှေ့လေဗျာ၊ ဘာလဲ သူများကို အားကိုးချင်သေး



လို့လား'

မခံချင်စရာကောင်းသောစကားကြောင့် အဘိုးကြီးမှာ စိတ်တိုလာသည်။ စောစောက အတွက်သည် နိုင်ချေ ရှိနေသော အကွက်ဖြစ်သော်လည်း ယခုမူ အချဉ်းအချပ် အခြေအနေသို့ပြန်ရောက်နေသည်။ ခုနက အရူးလူငယ်ကို သဘောကျသလို ဖြစ်မိသော်လည်း ယခုမူ သူ့ကြောင့် ရှုံးရတော့မည်ဟု တွေးမိလာသည်။

'ရပ်ကြည့်နေတဲ့လူ မဆိုင်ဘဲ ဝင်မစွက်နဲ့၊ အသာငြိမ်နေမှ ယောကျ်ားပီသတယ်လို့ ဆိုနိုင်တယ်'

ပြောပြောဆိုဆို အကြံပေးသူကို လှည့်ကြည့်သည်။

'ဩော်. . . လက်စသတ်တော့ အရူးလေးကိုး'

'ဖြန်း. . .'

အဘိုးကြီးဟူသည် စိတ်တိုတိုနှင့် စားပွဲကိုပါ ရိုက်ပစ်လိုက်သည်။ ကျယ်လောင်သောအသံကြောင့် ဆိုင်ရှင်သူဌေးပင် လန့်သွားသည်။ ဆိုင်ရှင်သူဌေးသည် အဘိုးကြီးဟူကို လှမ်းကြည့်ပြီး တောင်းပန်သည်။

'စိတ်မဆိုးပါနဲ့ အစ်ကိုကြီးဟူ၊ စိတ်မဆိုးပါနဲ့'

အဘိုးကြီးဟူသည် ဆိုင်ရှင်သူဌေးကို မော့ကြည့်ရာမှ ပိန်ပိန်ရှည်ရှည်လူကို မြင်သွားသည်။ ဤတွင်သူ၏ အမူအရာပါ ချက်ချင်း ပြန်ပြောင်းသွားသည်။

'ဩော်. . . ဆရာကြီးတို့လည်း ရောက်နေတာကိုး၊ ဆရာကြီးတို့ကို မမြင်မိလို့ပါဗျာ၊ ဟဲ. . . ဟဲ. . .

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးဟူသည် ဒေါသမျက်နှာကိုပြင်ပြီး ရယ်သွမ်းသွေးသည်။ ပိန်ပိန်ရှည်ရှည်လူသည် အဘိုးကြီးဟူတို ပြုံးပြုံးရင်း စကားဆိုသည်။

'အကြီးတူ စကားပြောရင် ဆင်ခြင်ပြောပါ၊ ကျုပ်တို့ သခင်လေးအခြေအနေကို ခင်ဗျားတို့လဲ သိပြီးသားပဲ၊ ခင်ဗျားတို့အနေနဲ့ သူ့ကို ဝိုင်းစန်းပြီး စောင့်ရှောက်ကြဖို့လိုပါတယ်'

'ဟဲ... ဟဲ... ဟုတ်ပါတယ်ခင်ဗျာ ဟုတ်ပါတယ်၊ ကျုပ်စိတ်တိုသွားတာကို ခွင့်လွှတ်ပါ၊ ဒီက ဆရာလေးပြတ်တဲ့ စစ်တုရင်ကွက်ဟာ တော်တော်ကောင်းတဲ့အကွက်ပါ၊ ဒါကိုကြည့်ရုံနဲ့ သူ့အစွမ်းထက်မြက်မှုကို ကျုပ်တို့ သဘောပေါက်ပါတယ်'

ပိန်ပိန်ရှည်ရှည်နှင့် 'တုံ'အမည်ရှိလူသည် မပြုံးချင်ပြုံးချင် ပြုံးသွားသည်။

စိတ်ထဲ ခပ်ချဉ်ချဉ် ဖြစ်နေသဖြင့်လည်း ပြောရန်မလိုသောစကားကိုပင် မျက်နှာထားတင်းပြီး ထပ်ပြောသည်။

'ကျုပ်တို့ သခင်လေးဟာ နှယ်နှယ်ရရပုဂ္ဂိုလ် မဟုတ်ဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ 'ဗျပ်စောင်းမားရှည် စာပေသမား' လို့ ကျော်ကြားခဲ့တာဟာ သိုင်းလောကတစ်ခုလုံး လက်ဖျားခါရတဲ့ကိစ္စဗျ၊ သိုင်းပညာမှာ နံပါတ်တစ် ဖြစ်သလို စာပေအနုပညာနဲ့ တွေးခေါ်မှုမှာလဲ ထိပ်ထိပ်ကြလှပဲ၊ သူ မသိတာ မတတ်တာရယ်လို့ ဘာမှ မရှိဘူးလို့တောင် ကျုပ်က ဆိုချင်တယ်၊ ဒါပေမယ့် သူ ခုလိုဖြစ်ရတာကတော့ အသည်းနာစရာပဲ'



တုံသည် စကားပြောရင်း တုန်ခါလာသည်။ ခံစားချက်ပြင်းထန်သည့် အမူအရာပင်။

'ဆရာကြီးတို့ သူ့စိတ်ရောဂါက ကုလို့မရတော့လို့လားဗျာ၊ ကုကောကုကြည့်ရဲ့လား'

ဆိုင်ရှင်သူဌေးက ဂရုဏာသက်နေဟန်နှင့် ဟန်လုပ်ပြီး မေးသည်။ တုံက ဖခုံးနှစ်ဖက်တွန့်ပြီး ဖြေသည်။

'မေးမှ မေးရက်ပလေ အစ်ကိုကြီးချန်ရယ်၊ ပြောရရင် ကျုပ်တို့ရဲ့သခင်ကြီးဟာ အင်မတန်တော်တဲ့လူဗျ၊ ဒါကြောင့်လည်း 'သတ္တမနတ်မင်း ကျိုးတုံးချွင်'လို့ ခေါ်ကြရတာပေါ့၊ ပညာရပ် ခုနစ်မျိုးကို ကျွမ်းကျွမ်းကျင်ကျင် တတ်ထားလို့ ဒီဘွဲ့ကို ရခဲ့တာပဲ၊ သခင်ကြီးဟာ မိုးအောက်မြေပြင်မှာ ပြိုင်ဘက်ကင်းတဲ့သူဗျ ဟဲဟဲ၊ ယောဒီ ဒုတိယသခင်လေးနဲ့လည်း ညီရင်းအစ်ကိုလို ချစ်ခင်ကြတဲ့လူတွေဗျ။ သခင်လေးရဲ့ရောဂါကို ဘယ်မကုဘဲ နေပါ့မလဲ၊ ကုလိုက်တာမှ သမားပေါင်းကို စုံလို့၊ ကုလို့ မရလို့သာ ခုလို ကြည့်နေရတဲ့အခြေအနေ ရောက်နေတာပေါ့'

ချန် အမည်ရှိ ဆိုင်ရှင်သဌေးသည် ခေါင်းတညိတ်ညိတ် လုပ်လိုက်သည်။

'ဟုတ်ပါ့ဗျာ ဟုတ်ပါ့၊ ဆရာကြီးတို့ ပြောသလို သခင်ကြီးကျိုနဲ့ သခင်လေးဟာ သွေးသောက်ရဲဘော်တွေပါ၊ သခင်ကြီးဟာ တန်မှာခန်းမှာတို တွေးပြီးပူနေမယ့်လူစားလည်း မဟုတ်ပါဘူး'

'မှန်တယ်၊ ကျုပ် ရှင်းရှင်း ပြောပြမယ်၊ သခင်ကြီးကျိုဟာ

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးရဲ့ရောဂါကို နာမည်ကျော်သမားတော်ကြီးတွေ တစ်ယောက်ပြီးတစ်ယောက်ပင့်ပြီး ကုခဲ့တာပျ၊ ဆေးဖိုးဝါးခကို တစ်ပြားတစ်ချပ်မှ နောက်တွန့်ခဲ့တာ မဟုတ်ဘူး၊ ခုဆို သခင်လေးကို ကုရလွန်းလို့ သူ့ရခဲ့တဲ့အမွေပစ္စည်းတွေတောင် ကုန်သလောက်ရှိနေပြီ၊ ဒါတောင် ကုန်တယ်ခန်းတယ် တစ်ခွန်းမပြောဘူး'

'ဟုတ်တယ်၊ သခင်ကြီးတို့ဟာ သိပ်လေးစားစရာတောင်းတဲ့ပုဂ္ဂိုလ်ပဲ၊ ဟုတ်တယ်နော် ဆရာကြီး'

တုံသည် ဆိုင်ရှင်ကြီးချန်ကို ဘာမျှမပြောဘဲ တစ်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ထို့နောက် သိသိသာသာကြီး မျက်မှောင်ကြုတ်သွားသည်။

အကြောင်းမှာ အရှူးလူငယ် ခေါ် ဒုတိယသခင်လေးသည် စစ်တုရင်ဝိုင်းမှနေ၍ ဖဲဝိုင်းရှိရာသို့ ရောက်သွားသောကြောင့်တည်း။



အခန်း (၂)

ဇာချွေးပြန်နေသော ငွေကိုင်

ဤလက်ဖက်ရည်ဆိုင်တွင် 'လောင်းကစားခွင့် မပြု' ဟူသောစာတန်း ချိတ်ဆွဲထားခြင်း မရှိပါ။

ရှင်းရှင်းဆိုရလျှင် ဤလက်ဖက်ရည်ဆိုင် လက်ဖက်ရည်ရောင်းရုံမက ကစားဝိုင်းများကိုပါ အကောက်ယူပြီး ခွင့်ပြုထားသော လက်ဖက်ရည်ဆိုင်တည်း။

ဖဲဝိုင်းတွင် ဝိုင်းဖွဲ့ကစားနေကြသော လူငါးယောက်သည် ကြောက်စရာကောင်းသော မျက်နှာပိုင်ရှင်များသာဖြစ်သည်။

သူတို့သည် ဖတ်ဝန်းကျင့်ကိစ္စများကို လုံးဝ ဂရုမစိုက်ဘဲ ဖဲပွင့်နှင့် ငွေကြေးကိုသာ အာရုံစိုက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ကိုင်သူသည် မည်မျှရှုံးနေသည် မသိ၊ နဖူးတွင် ချွေးများ သီးနေသည်။

'တောက်. . . ယောက်ကကလည်း ဒီနေ့မှ နိမ့်လိုက်တာ၊ ကဆိုးတဲ့နေ့ပဲ၊ ဇကန္တတော့ အောက်လမ်းမှော်ပညာဒဏ် ခံနေရပြီနဲ့တူတယ်၊ ထွီ'

ဒိုင်သည် စိတ်တိုတိုနှင့် တံတွေးကို ထွေးလိုက်ပြီး စိတ်ထင်ရာကို ဗြောဆိုလိုက်သည်။

ကျန်လေးယောက်ကား ပြုံးပြုံးပြုံးပြုံးနှင့် ရွှင်ရွှင်ပျပျဖြစ်နေသည်။ သူတို့ရှေ့တွင်လည်း ငွေများ အစုလိုက်အပုံလိုက်ဖြစ်နေသည်။

ဒိုင်လုပ်သူသည် မျက်နှာတစ်ပြင်လုံး ဖြူဖပ်ဖြူရော်ဖြစ်နေပေပြီ။

'နောင်ကြီးက ဘယ်လိုလဲ၊ ဖဲကို ရှေ့တိုး ချပြပါဗျ၊ ဒီလောက်ကစားနေတာတောင် ဖဲထုံးစံကို နားမလည်ဘူးလား'

အရှုံးလူငယ်သည် ရပ်ကြည့်နေရာမှ ခပ်ကျယ်ကျယ် ပြောလိုက်သည်။

အပြောခံရသူသည် မထင်မှတ်ဘဲ ပေါ်လာသောစကားကြောင့် ထိတ်ခနဲဖြစ်သွားသည်။

ဒိုင်သည် ဤပွဲတွင် အရှုံးမရှိဘဲ အနည်းငယ် နိုင်သွားသည်။

ထို့ကြောင့် ပြန်ပြုံးနိုင်လာသည်။ ထိုးသားများက ဘေးမှ



အသံကြောင့် မကျေမနပ် ဖြစ်သွားသည်။

သူတို့လုပ်ကွက်တစ်ကွက် ပျက်သွားသဖြင့် ဒေါသလည်းဖြစ်လာသည်။ ဝင်ပြောသူ မည်သူမှန်း သတိမထားနိုင်ချေ။

ဒိုင်တိုင်ထားသောဖဲကိုသာ အာရုံစိုက်နေကြသည်။ ဒိုင်ကချွေးသုတ်ပြီး စကားပြောလာသည်။

'တော်ပါသေးရဲ့၊ ဒီပွဲ ပြန်ရလို့၊ ဒီအတိုင်းဆိုရင် ကံလိုက်လာပြီလို့ ဆိုရမယ်. . . ဟဲဟဲ'

ဒိုင်၏ညိုမှိုင်းနေသောမျက်နှာသည် ချက်ချင်း ပြန်ရွှင်လာသည်။

ထိုးသားထဲမှ တစ်ယောက်သည် အပိုင်ကွက်တစ်ကွက်နစ်နာသွားသဖြင့် ခပ်ဆတ်ဆတ် ပြောလာသည်။

'ဘိုင်ကောင်တွေ ပါးစပ်ပိတ်ထား၊ သေသွားမယ်၊ ဘာအောက်မေ့လဲ၊ သွားကွာ၊ ဖဲဝိုင်းမှာ ဝင်မရှုပ်နဲ့ သွားသွား၊ ခုထွက်သွား'

ထိုလူသည် အရှုံးလူငယ်ကို လှည့်မကြည့်ဘဲ ပြောနေသည်၊ ဘယ်သူပြောနေမှန်းမသိ၍ ဟိန်းဟောက်နေခြင်းဖြစ်မည်ထင်သည်။

အဘယ်ကြောင့်ဆိုသော် ဤနယ်တစ်ဝိုက်တွင် အရှုံးသူငယ်ကို မသိသူ ရှားလှသည်။ အရှုံးလူငယ်သည် ဟိန်းဟောက်နေသူကို နောက်မှ စိုက်ကြည့်နေပြီး မကျေမနပ်နှင့် ပြောလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လူလိမ်လူညာက ဆဲလားဆိုလား ကြိမ်းလားမောင်းလား လုပ်နေပါလား၊ ဟား. . . ဟား. . . ခင်ဗျားအကျီလက်အိုးထဲ ဖဲတွေဖွက်ပြီး လိမ်ကစားနေတာ ကျုပ် သိတယ်၊ သူခိုးက လူလူ ဟစ်မနေနဲ့'

အရှုံးလူငယ်၏စကားကြောင့် ဒိုင်လုပ်သူ မျက်လုံးပြူး သွားသည်။

ထိုစဉ် ထိုးသားထဲမှ တစ်ယောက်က ဆတ်ခနဲ ထလိုက်ပြီး အရှုံးလူငယ်ကို လှမ်းထိုးတော့သည်။

'မဆိုင်ဘဲ ဝင်ရှုပ်တဲ့ကောင် သေပေတော့. . . ရော့ ဗုန်'

ထိုးသား၏လက်သီးသည် လေတိုးသံကြီး မြည်သွားသည်။ သို့သော် အရှုံးလူငယ်က ဝင်လာသောလက်သီးချက်ကို ရှောင်တိမ်းခြင်း မပြုချေ။

ထိုးသူသည် အားစိမ့်သော လေတိုးမှုကို ခံစားလိုက်ရပြီး ထိုးချက်သည် တွန့်ခနဲဖြစ်သွားသည်။ တစ်စုံတစ်ယောက်၏ ဆုပ်ကိုင်ခြင်းကို ခံလိုက်ရသောကြောင့်တည်း။

'အရမ်းမလုပ်ပါနဲ့ မိတ်ဆွေ၊ ခွင့်လွှတ်သင့်သူကို ခွင့်လွှတ်ဖို့ ခင်ဗျားမှာ တာဝန်ရှိပါတယ်'

ထိုးသူသည် ထိတ်ထိတ်လန့်လန့်ဖြစ်သွားပြီး အသံရှင်ကို မော့ကြည့်လိုက်သည်။

အသံရှင်က ဆုပ်ကိုင်ထားသောလက်ကို ပြန်လွှတ်ပေးလိုက်သည်။



ထိုးသူသည် မကျေမနပ် ဖြစ်နေသော်လည်း တုန်လှုပ်ချောက်ချားမှုကို ခံစားနေရသည်။

အသံရှင်၏မျက်လုံးသည် အရောင်တဝင်းဝင်း တောက်နေသဖြင့် စိမ့်ကြောက်သွားသည်။

'မိတ်. . . မိတ်ဆွေက. . .'

'ကျုပ်နာမည်က တုံ၊ ဟန်ကျူးမြို့က ကျိုမိသားစု အိမ်တော်ဝင်းကပဲ၊ ဒီလူဟာ အဲဒီက ဒုတိယသခင်လေးပဲ၊ စိတ်ဝေဒနာရနေတဲ့သူမို့ ခွင့်လွှတ်စေချင်ပါတယ်'

ထိုအချိန်မှာပင် ကစားဝိုင်းထဲမှ ထိုးသားသုံးယောက်သည် စားပွဲပေါ်မှ ဖဲချပ်များ၊ ဆေးလိပ်ခွက်များ၊ ပန်းကန်လုံးများ စသည်တို့ကို ပလူမျှသွားအောင် လုပ်ပစ်လိုက်ကြသည်။

သူတို့အထဲမှ လူတစ်ယောက်က. . .

'ဟေ့. . . ဘာကောင်ကြီးပဲဖြစ်ဖြစ် မဆိုင်ဘဲ ဝင်ရှုပ်ရင် စာရင်း ရှင်းပစ်လိုက်' ဟု လှမ်းအော်သည်။

တပြိုင်နက်တည်းတွင် သူတို့အားလုံး ခါးကြားမှဓားများကို အသီးသီး ဆွဲထုတ်လိုက်ကြသည်။

ထို့နောက် တုံကို ဝိုင်းထားလိုက်ကြသည်။

လက်ဖက်ရည်လာသောက်သူများသည် ကြောက်လန့်ပြီး ထပြေးကုန်ကြသည်။ လက်ဖက်ရည်ဆိုင်သည် တစ်ခဏအတွင်း ဝရုန်းသုန်းကားဖြစ်သွားသည်။

အရုပ်ပုသော ဆိုင်ရှင်သဌေးချန်သည် မျက်လုံးမျက်ဆန်

www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေပြီး တိုးလျှိုးတောင်းပန်ရန် ရှေ့ကို တိုးလာသည်။

ရန်သူ့အဝိုင်းခံနေရသောတုံကား တုန်လှုပ်ခြင်း မရှိချေ။ ရပ်မြဲနေရာတွင်သာ ငြိမ်သက်နေဆဲရှိသည်။

တုံသည် ဆိုင်ရှင်သဌေးချုန်ကိုကြည့်ရင်း ခပ်အေးအေး လှမ်းပြောသည်။

'ဆိုင်ရှင်ကြီးချုန်၊ သိပ်လည်း စိုးရိမ်မနေစမ်းပါနဲ့၊ ကျုပ်တို့တစ်တွေဟာ သိုင်းလောကက ဘဝတူ မိတ်ဆွေတွေပါ၊ တစ်ယောက်အကြောင်းတစ်ယောက် သိပါတယ်လေ'

'ရှေ့မတိုးနဲ့ နောက်ပြန်ဆုတ်နေ၊ ခင်ဗျား ဘာမှ ဝင်လှုပ်လို့ ရတာမျိုး မဟုတ်ဘူး၊ မိတ်ဆွေအချင်းချင်း ရန်ဖြစ်ရင် ဘေးလူနာတတ်တယ်ဗျ၊ အဲဒါ သတိထား၊ ကျုပ်တို့တွေ တိုက်ကြခိုက်ကြလို့ ကျိုးပဲ့ဆုံးရှုံးကုန်ရင် ဟောဒီက ဓားသမားမိတ်ဆွေသုံးယောက်ကို ကျုပ်က လျော်ကြေး ပေးခိုင်းမှာပါ၊ ဘာမှ ပူစရာ မလိုပါဘူး၊ အေးအေးသာ နောက်ဆုတ်နေလိုက်ပါ'

'တယ်လဲ လေလုံးထွားတဲ့သူကိုး တွေ့ကြသေးတာပေါ့'

ဖဲသမားတစ်ဦးသည် မကျေမနပ် ကြိမ်းဝါးရင်း ဓားကို ဝှေ့ယမ်းကာ စတင်တိုက်ခိုက်တော့သည်။

တုံက ထိုလူ၏လှုပ်ရှားမှု အကဲမပြတ်ကြည့်ရင်း . . .

'တယ်ကောင်းတဲ့ ဓားကွက်ပါလား' ဟု အော်လိုက်သည်။ တပြိုင်နက်တည်းတွင် အနီးတွင်ရှိနေသော ဖဲသမားတစ်ယောက်ကို ဖမ်းဆွဲပြီး ဝင်လာသောဓားဦးဆီ တွန်းပေးလိုက်သည်။



ဒေါသတွက်နေသော ဓားရှင်သည် သူ၏တိုက်ကွင်းထဲသို့ သူ့လူ ဝင်လာသည်ကို တွေ့လိုက်ရသဖြင့် ဆန့်ထုတ်လိုက်သော ဓားကို ပြန်ရုပ်လိုက်သည်။

တုံသည် ထိုအချက်ကို အခွင့်ကောင်းယူပြီး လျှပ်ပြက်သလို လှုပ်ရှားလိုက်သည်။

'အ. . . အား. . . အာ. . .'

ဒေါသကြီးနေသော ဓားရှင်သည် တုံ၏တိုက်ကွက်ကို ခံလိုက်ရပေပြီ။

ထိုလူသည် တုံ မည်သို့ တိုက်ခိုက်လိုက်သည်ကိုပင် မသိလိုက်ရဘဲ သူ၏ ဓားကိုင်လက်တစ်ဖက်လုံး ကျိုးသွားခဲ့ချေပြီ။

တုံ၏သွေးကိုသောက်ရန် မှန်ယိုခဲ့သောဓားသည် ကြမ်းခင်းပေါ် ပြုတ်ကျသွားလေပြီ။

သို့သော် တုံက ထိုဓားကို လေထဲမှာပင် ဖမ်းယူလိုက်နိုင်သည်။ ရန်သူ့လက်နက်သည် ကိုယ့်လက်နက် ဖြစ်လာလေပြီ။

တုံသည် ဓားစာခံလုပ်ထားသော ဖဲသမားကို သူ့နေရာသူ ပြန်ရောက်အောင် ဆောင့်တွန်းပစ်လိုက်ပြီး ရလာသောဓားကို ယမ်းခါစပ်လိုက်သည်။ ဓားပျော့ရှည်သည် မြွေတစ်ကောင်လို တွန့်လိမ်ပြီး တုန်ခါသွားသည်။

'ကဲ. . . မိတ်ဆွေတို့၊ မိတ်ဆွေတို့ထဲက မြည်းစမ်းချင်သူ ရှိရင် ထွက်ခဲ့၊ သေမှာ မကြောက်သူ ရှေ့ကို တိုးခဲ့'

တုံ၏အသံသည် လေးနက်ပြီး ပြတ်သားသည်။ လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင်သည့် အပ်တျသ်ပင်. ကြားရလောက်အောင် တိတ်ဆိတ်သွားသည်။

ဖဲသမားအုပ်စုသည် တုံ၏ဓားကိုင်ပုံ၊ သူတို့ကို ချဉ်းကပ်မှု ဒကျော်ရာရအောင် လုပ်သွားပုံ၊ ဓားကိုလှယူလိုက်ပုံ အလုံးစုံတို့ တွေ့မြင်ပြီးလေပြီ။ အခြေအနေကို အကဲခတ်မိနေပြီ။

တုံ၏လှုပ်ရှားမှုသည် ကြောက်စရာကောင်းသော လှုပ်ရှားမှုပေတည်း။

ဖဲသမားသုံးယောက်သည် ဓားကို ဆုပ်ကိုင်ထားကြသော်လည်း မည်သို့တိုက်ခိုက်ရမည်ကိုပင် မသိအောင် ဖြစ်နေကြတော့သည်။

'လက်စသတ်တော့ မိတ်ဆွေက ရှက်ပုန်းသီး သီးနေတဲ့ တကယ့် သိုင်းပညာရှင်ကြီးတိုး'

ဖဲဒိုင်ကိုင်သူက အံ့ဩတန်ဖြင့် ဝင်ပြောသည်။

စင်စစ်သူတို့သည် အုပ်စုတစ်စုတည်းဖြစ်သည်။ အချင်းချင်း ဖဲကစားနေခြင်းဖြစ်၍ ဖဲလိမ်ခြင်းကိစ္စသည် ပြဿနာ မတက်ပေ။

တုံသည် ဒိုင်လုပ်သူ၏ ပြောပုံဆိုပုံကို ကြည့်ရင်း တဟဲဟဲ ရယ်လိုက်သည်။

'ဟဲဟဲ. . . လက်စသတ်တော့ ခင်ဗျားတို့က ကျုပ်ကို ဝိုင်းသတ်ကြမလို့ကိုး၊ တကယ်တော့ ခင်ဗျားတို့ဟာ နိုင်ချေရှိရင် ပိုင်[illegible]ယ်လူတွေပဲ၊ ကဲ. . . ဒါတွေ ထားလိုက်ပါလေ၊ ကြီးတဲ့ကိစ္စ



တို့ သေးအောင်လုပ်လို့ရသလို သေးတဲ့ကိစ္စကိုလည်း ပပျောက်အောင်လုပ်လို့ရပါတယ်၊ ဒီတော့ ခင်ဗျားတို့ကြောင့် ပျက်စီးသွားရတဲ့ ပစ္စည်းတွေထက် တန်ရာတန်ဖိုး လျော်ကြေးပေးပြီး အေးအေးဆေးဆေး ထွက်သွားကြပါလို့ ကျုပ် မေတ္တာရပ်ခံပါတယ်၊ ဒီလိုမှ မဟုတ်ရင်တော့ အသက်နဲ့လဲပြီး လက်စွမ်းပြဖို့ပဲ ရှိတော့တယ်'

တုံ့စကားကြောင့် ဖဲသမားအုပ်စုသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

သူတို့ထဲမှ အစွာဆုံးလူသည် လက်ထဲမှ ဓားကိုပင် အလုံခံလိုက်ရရုံမက လက်တစ်ဘက်ပင် သွင်သွင်ကျိုးခဲ့ပြီးချေပြီ။

တစ်ယောက်မှာလည်း ဝက်တစ်ကောင်လို တွန်းထိုးခံရပြီးချေပြီ။

သည့်လိုအခြေအနေမျိုး၌ အဘယ်သူသည် အမိုက်ခံပြီး ထွက်လာရဲအံ့နည်း။

ဖဲသမားသုံးယောက်သည် ထုတ်ထားသောဓားများကို ဓားအိမ်ထဲသို့ ပြန်သွင်းလိုက်ကြရတော့သည်။

ထို့နောက် ငွေတုံးတစ်တုံးကို စားပွဲပေါ် လှမ်းတင်လိုက်ပြီး ခေါင်းငုံ့ကာ ထွက်သွားကြတော့သည်။

ထိုစဉ် တုံက လက်ကျိုးသွားသောဖဲသမားကို လှမ်းဆွဲထားလိုက်သဖြင့် ကျန်လူများပါ ခြေလှမ်းတုန့်သွားကြသည်။

'ခဏနေကြပါဦး၊ ခင်ဗျားတို့ ဘယ်သူဘယ်ဝါတွေဆိုတာ နာမည်လေးတွေတော့ ပြောသွားကြပါ'

www.burmeseclassic.com



တုံက စူးစူးရဲရဲကြည့်ပြီး မေးသည်။

ဒိုင်ကိုင်သူသည် တွေတွေဝေဝေ ဖြစ်သွားပြီး ခပ်ကုပ်ကုပ် ပြောသည်။

'ကျုပ်တို့ငါးယောက်ဟာ အုပ်စုညီအစ်ကိုထွေ့ပါ မိတ်ဆွေ၊ နာမည်တွေကို ခြုံပြီးပြောရရင် 'လူကျုံကျား၀ါးကောင်' လို့ ခေါ်ပါတယ်'

တုံက ဒိုင်ကိုင်သူ၏ အဖြေကို ရယ်သွမ်းသွေးလိုက်သည်။

'ဟဲဟဲ . . . လူကျုံကျားငါးကောင်ဆိုတဲ့လား၊ ဟဲဟဲ . . . ကျုပ်ကလည်း ပြန်ပြောပါရစေ၊ ကျုပ်နာမည် အပြည့်အစုံက 'တုံထန်းကျ' သိုင်းယောကသားတွေ မေးထားတဲ့ဘွဲ့ကတော့ 'မိုးသိမ့်တုန်လက်'တဲ့၊ ခင်ဗျားတို့ကို အခုလို ဆက်ဆံလိုက်တဲ့ အတွက် မကျေနပ်ဘူးဆိုရင် ကျုပ်ကို အချိန်မရွေး လိုက်ရှာနိုင်တယ်'

တုံသည် စကားဆုံးသည်နှင့် လက်ထဲမှ ဓားကို ဝုစ်ခနဲ မြည်အောင် ပစ်လွှတ်လိုက်သည်။ ဓားသည် မြှားတစ်စင်းလို ပြေးထွက်သွားပြီး အခန်းနံရံထဲ နစ်ဝင်သွားသည်။ ဓားကိုယ်ထည်နှင့် လက်ကိုင်သည် အတန်ကြာအောင် တုန်ခါနေတော့သည်။

'လူကျုံကျားငါးကောင်'သည် မျက်စိပျက်မျက်နှာပျက် ဖြစ်သွားကြပြီး အခန်းထဲမှ ခပ်ကုပ်ကုပ် ထွက်ခွာသွားကြတော့သည်။

တုံသည် သက်ပြင်းတစ်ချက်ကို ဟင်းခနဲ ချလိုက်ပြီး



ဆိုင်ရှင်ကြီး 'ချန်'ကို လှမ်းကြည့်လိုက်သည်။ ချန်သည် ဘာလုပ်ရမှန်းမသိသော မျက်နှာထားမျိုးနှင့် ခပ်ကြောင်ကြောင်ရပ်နေသည်။

တုံက စားပွဲပေါ်မှ ငွေတုံးကို လက်ညှိုးထိုးပြကာ . . .

'ယောဟိုက ငွေတုံးဟာ ခင်ဗျားပိုင်တဲ့ ငွေတုံးပဲ' ဟု ပြောပြီး စောစောက သခင်လေးရှိရာနေရာကို လှမ်းကြည့်သည်။ သခင်လေး၏အရိပ်အရောင်ကို မတွေ့ရသောအခါ တုံ မျက်လုံးပြူးသွားသည်။

'ဒါနဲ့ ကျုပ်ရဲ့သခင်လေး ဘယ်ရောက်သွားလဲဗျ' ဟု ဆက်မေးသည်။

ချန်သည် ဟိုဟိုသည်သည် လှည့်ပတ်ကြည့်လိုက်ပြီး ထစ်ထစ်ငေါ့ငေါ့ ပြောသည်။

'ခုနကတော့ သူ . . . သူ ရှိသေးတယ်ဗျ၊ ခု . . . ခု ဘယ်ရောက်သွားတယ် မပြောတတ်ဘူး'

ချန်၏အမူအရာသည် ပျာယီးပျာရာ နိုင်နေသည်။

တုံသည် စိတ်တိုသွားဟန်နှင့် ကြမ်းခင်းကို ဖနောင့်နှင့် ပေါက်လိုက်သည်။

'တောက် . . . အဲဒါမှ ဒုက္ခပဲ၊ သူ့ကို လိုက်ရှာဖို့ လွယ်သလောက် ရှင်းရတဲ့ ပြဿနာက လွယ်တာမဟုတ်ဘူး၊ ခင်ဗျားကလည်း သေသေချာချာ ကြည့်ထားမှပေါ့'

ချန်သည် ဘာမှ ပြန်မပြောနိုင်တဲ့ ခပ်ကြောင်ကြောင် လုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထုံက ဆက်ပြောသည်။

'သခင်လေးသာ တစ်ခုခုဖြစ်သွားရင် သခင်ကြီးက ကျွန်ုပ်ကို သတ်မှာ သေချာတယ်၊ ခက်လိုက်တာ၊ ခင်ဗျားလည်း အလကားလူပဲ၊ ငွေရဖို့သာ စဉ်းစားနေတဲ့လူ ထွီ'

ထုံသည် ဒေါသထွက်ထွက်နှင့် လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာခဲ့တော့သည်။

အရှုံးလူငယ်ခေါ် သခင်လေးသည် စားသောက်သူများနှင့်အတူ ထွက်ပြေးသွားခဲ့ပြီလော။

တုံသည် သခင်လေး သွားလာတတ်သည့်နေရာများကို အပူတပြင်း စဉ်းစားပြီး ခြေကုန်သုတ်ရလေတော့သတည်း။

---

'ယန်ကျိုး ထိပ်တန်းဟိုတယ်'

တုံသည် ရွှေစာလုံးများရေးခြယ်ထားသည့် ဆိုင်းဘုတ်ကြီးကို ကြည့်လိုက်ပြီး မဖြူးချင်ပြုံးချင် ပြုံးလိုက်သည်။

ဤဟိုတယ်ကြီးသည် နာမည်ကြီးဟိုတယ်ကြီးတစ်ခုဝင်းနန်ကော့မှ အချောအလှကလေးများ လေးဆယ်ကျော် ငါးဆယ်ခန့်ကိုခေါ်ပြီး ချော့မြှူယူယခိုင်းထားသည့် ဟိုတယ်ကြီးဖြစ်သည်။ အလုပ်ပေးဟိုတယ်တုဆိုလျှင် မှားမည်မဟုတ်ပေ။

ထို့ကြောင့်လည်း အချောအလှ၊ အနုအရွ ဖူးဖူးကြွကြွကလေးများ၏ ပြုစုမှုကို ခံယူလိုသူများနှင့် စည်ကားသိုက်မြိုက်နေလေ့ရှိသည့် ဟိုတယ်ကြီးဖြစ်သည်။



ဟိုတယ်သည် ကြီးမားကျယ်ဝန်းသည်နှင့်အမျှ သီးသန့်စားသောက်ခန်းများလည်း များစွာရှိသည်။ အပေါ်ထပ်၏ အခင်းအကျင်းသည် အောက်ထပ်ထက် သာလွန်ကောင်းမွန်သည်။

ထူးခြားသည်ကား ဆေးဂီတ သက်သက်အခန်း၊ အကပါသည့် ကချေသည်အခန်း၊ သီးသန့်ပြည့်တန်ဆာများနှင့် ပျော်ပါးရာအခန်း စသည်စသည်ဖြင့် လိုတရအခန်းများ များစွာရှိသည်။

ငွေကို ရေလို သုံးနိုင်ဖြုန်းနိုင်သူများအတွက် အထူးတည်ဆောက်ထားသည့် ဟိုတယ်ကြီးပင်။

အောက်ထပ်တွင်မူ အရက်ဝိုင်းများနှင့် ကစားဝိုင်းများဖြစ်သည်။ စားသောက်နားနေရန် အဖိုးအခကား အောက်ထပ်ထက် အပေါ်ထပ်က ပိုဈေးကြီးသည်။ အစားအသောက်ချင်းတူသော်လည်း ဈေးနှုန်းချင်း မတူ။ အပေါ်ထပ်က အောက်ထပ်ထက် တစ်ဆပိုသည်။

သို့သော် ဤဟိုတယ်သို့ လာရောက်စားသောက်သူများသည် ဈေးကြီးသည်တု တစ်ခွန်းမျှ မပြော။ ဤဟိုတယ်သို့ ရောက်သည်နှင့် အိတ်သွတ်ဖာမှောက် သုံးကြသည်ချည်းဖြစ်သည်။

လာရောက်ပျော်ပါးသူများ၊ စားသောက်နားနေသူများသည် အထက်တန်းစားဟု ခေါ်သော လူများသာဖြစ်သည်။

ဤနေရာ၌ အကျင့်စာရိတ္တသည် ထိပ်တန်း မရောက်၊ ငွေကို ရေလို သုံးနိုင်ခြင်းနှင့် အာဏာပါဝါ ပြနိုင်ခြင်းသာ ထိပ်တန်းရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အထ[illegible]တန်းစားဟူသည် ဩဇာအာဏာရှိခြင်းနှင့် ငွေကို ရေလို သုံးနိုင်ခြင်း၏ သတ်မှတ်ချက်ပင်။

မှန်သည်။ ဤဟိုတယ်ကြီးတွင် လာရောက်စားသောက်နေသူများ၊ ပျော်ပါးနေသူများသည် သူဌေး၊ သူကြွယ်၊ ကုန်သည်ပွဲစားများနှင့် မင်းမျိုးမင်းနွယ်များ၊ အရာရှိအရာခံများ၊ စော်ဘွားများ စသည်တို့သာဖြစ်သည်။

ထို့ကြောင့် ဤဟိုတယ် နာမည်ကျော်နေခြင်းဖြစ်သည်။

ဤသို့ကျော်ကြားထင်ရှားပြီး ခန့်ညားထယ်ဝါလှသော ဟိုတယ်ကြီးထဲသို့ စုတ်ပြတ်နုံချာသော အရူးတစ်ယောက် ဝင်လာသည်မှာ ထူးခြားသော အခြေအနေဖြစ်သည်။

ဟိုတယ်တွင်း၌ စားသောက်နေသူများသည် အရူးလူငယ်ကို တွေ့လိုက်သည်နှင့် တအံ့တသြ ဖြစ်သွားကြသည်။ အားလုံး၏ မနှစ်မြို့နိုင်သောအကြည့်များသည် အရူးလူငယ်၏ ကိုယ်ပေါ်သို့ မြားတံများ မိုးရွာချသလို ကျရောက်သွားကြသည်။

သို့သော် အရူးလူငယ်သည် မည်သူ့ကိုမျှ ဂရုစိုက်ခြင်း မရှိဘဲ အပေါ်ထပ်သို့ပင် တက်သွားခဲ့သည်။

ဤတွင် မနေနိုင်မထိုင်နိုင် ဖြစ်နေကြသော စားသောက်နေသူ သုံးလေးယောက်က ငွေသိမ်းကောင်တာတွင် အိပ်ငိုက်နေသော ငွေကိုင်ထံသို့ အပြေးအလွှား သတင်းပို့လိုက်ကြသည်။

ထိုအချိန်၌ အရူးလူငယ်သည် အပေါ်ထပ်ရှိ အခန်းတစ်ခုအတွင်းသို့ ဝင်သွားခဲ့လေပြီ။



အရူးလူငယ်သည် အခန်းတစ်ခုကို လွန်ပြီး ပုလဲသွယ်ယင်းကာ ကာထားသည့် အခန်းရှေ့သို့ ရောက်သွားသည်။ ထို့နောက် ဘယ်ကိုမျှ မကြည့်ဘဲ ယင်းကာကိုဖယ်ကာ အပေါက်ဝတွင်တွေ့ရသော ချောမောလှပသည့် တေးသံရှင် ပျော်တော်ဆက်မတလေးကို ဆွဲခေါ်သည်။

သို့သော် တေးသံရှင် ပျော်တော်ဆက်မကလေးက အတင်းရုန်းထွက်သွားသည်။

'အို... ဘာဖြစ်လို့ ရုန်းထွက်သွားရတာလဲဗျာ၊ မသွားပါနဲ့၊ ကျုပ်က ခုမှရောက်လာတဲ့ ဧည့်သည်ပါ'

အရူးလူငယ်သည် နောက်ဆုတ်ထွက်ခွာသွားသော မိန်းမချော ပျော်တော်ဆက်မကလေးကို ကြည့်ရင်း ပြောသည်။

သို့သော် တေးသံရှင် ပျော်တော်ဆက်မကလေးသည် အနားတွင် မရှိတော့ချေ။ သူမ၏ကိုယ်မှ ရေမွှေးနံ့များသာ ပျံ့လွင့်ကျန်ရစ်ခဲ့သည်။

အရူးလူငယ်သည် တေးသံရှင် ပျော်တော်ဆက်မကလေး ပျောက်ကွယ်သွားရာကို တမ်းတမ်းတတ ငေးကြည့်နေရင်း အတွတ်တွတ် ပြောနေပြန်သည်။

'အင်း... ကျုပ်လို စုတ်ပြတ်နုံချာနေတဲ့ အရူးတစ်ယောက်ကို ဘယ်မိန်းမချောက အနားကပ်ချင်မှာလဲဗျာ၊ ခင်ဗျား ပုံလို မိန်းမတွေဟာ တောက်တောက်ပြောင်ပြောင်နဲ့ လူတောတိုးသာ ခြံဆုပ်လက်နယ် ပြုချင်ကြတာပဲ၊ ကျုပ်လိုလူကို မချော့ချင်

www.burmeseclassic.com

www.burmeseclassic.com



မမြူးချင် မယူယချင်တာဟာ အဆန်းမဟုတ်ပါဘူး၊ အဓိကအချက်ကတော့ ကျုပ်အိတ်ထဲမှာ ရွှေတုံးငွေတုံးတွေ ပါမလာလို့ပဲ၊ စုတ်ပြတ်တဲ့အဝတ်အစားတွေကို ဝတ်ထားရင် ခင်ဗျားတို့လို မိန်းမချောတွေ ဘယ်ကပ်ပါ့မလဲ၊ တုတ်တယ် မဟုတ်လား၊ စုတ်စုတ်ပြတ်ပြတ် ပေပေကျံကျံ ဝတ်ထားတဲ့လူဆိုရင် ခွေးဝဲစားတွေကတောင် အလကားနေရင်း လိုက်ဟောင်တတ်တာပဲ၊ ဟား ဟား. . . တကယ်တော့ ကျုပ်ဟာ ခုလိုနေချင်လို့ နေနေရတာ မဟုတ်ပါဘူးဗျာ၊ လူမိုက်တွေက ဒုက္ခပေးထားလို့ပါ'

အရှုးလူငယ်သည် ရင်ထဲရှိသမျှ ပြောနေရင်း လွတ်နေသော ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ပြန်သည်။

ထို့နောက် မြိန်ရည်ယှက်ရည် စားသောက်နေကြသော လူများကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောလိုက်ပြန်သည်။

'ခင်ဗျားတို့တတွေကလည်း အလကားနေ ငွေကို ရေလို သုံးနေကြတာပဲ၊ ကြည့်စမ်း မျက်နှာကြီးတွေက နီလို့၊ အရက်ခိုးတွေလား၊ တကျော့ခိုးတွေလား၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဟဲဟဲ ကျုပ်အမှန်တို ပြောတာနော်၊ စိတ်မဆိုးကြနဲ့၊ ဒါနဲ့ ခင်ဗျားတို့ ခါးကြားထဲမှာ လိမ်ထားတဲ့ ရွှေတုံးတွေနဲ့ ငွေတုံးတွေကို ဘယ်လို ရလာကြသလဲဗျ၊ ပြောကြစမ်းပါ၊ ခင်ဗျားတို့ရင်ထဲမှာကော ဘာတွေ ခံစားနေကြရသလဲ၊ ခင်ဗျားတို့ခေါင်းထဲမှာကော ဘာတွေ စဉ်းစားနေကြလဲ၊ ဆိုစမ်း၊ ဆိုစမ်း'

စားသောက်ပျော်ရွှင်နေကြသူများသည် အရူးလူငယ်၏



လက်ညှိုးငေါက်ငေါက်ထိုးပြီး မေးမြန်းခြင်းကို ခံလိုက်ကြရသဖြင့် မျက်စိဖျက် မျက်နှာပျက် ဖြစ်သွားကြသည်။

အရူးလူငယ်သည် ထိုင်ရာမှ ထရပ်လိုက်ပြီး သူနှင့် အနီးဆုံးစားပွဲဝိုင်းဆီ တိုးကပ်သွားပြန်သည်။

ထိုဝိုင်းတွင်ထိုင်နေသူများကား ကုန်သည်နှင့်တူသော ဗိုက်ပူပူ လူနှစ်ယောက်ဖြစ်သည်။

စားပွဲပေါ်တွင်မူ အရက်အိုးနှင့် စားကောင်းသောက်ဖွယ်များ ပြည့်နေသည်။

ယခုမှလာရောက် ချထားခြင်းဖြစ်သဖြင့် အစားသောက်အားလုံး အငွေ့တထောင်းထောင်း ထနေသည်။

အရူးလူငယ်သည် စားပွဲဝိုင်းနားတွင် ရပ်နေရင်း စားသောက်ဖွယ်ရာများကို သွားရည်တမြားမြားနှင့် ငေးကြည့်နေသည်။

မကြာ. . .။

ကြက်ပေါင်တစ်ချောင်းကို နှိုက်ယူဝါးစားတော့သည်။

ဗိုက်ပူပူလူနှစ်ယောက်သည် ရှုံ့ရှုံ့မဲ့မဲ့ဖြစ်သွားကြပြီး အနီးမှ လူတစ်ယောက်ကို တီးတိုးစကားပြောလိုက်သည်။

ထို့နောက် အခြားစားပွဲဝိုင်းတစ်ခုသို့ ရွှေ့သွားကြသည်။

ထိုအခါကျမှ အရူးလူငယ်သည် စားပွဲဝိုင်းတွင် ကျကျနန ဝင်ထိုင်ကာ ကျကျနန စားသောက်တော့သည်။

သူသည် ပတ်ဝန်းကျင်ကို လုံးဝ ဂရုမစိုက်တော့ဘဲ ပုံပန်း

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်အောင် စားသောက်သည်။

သူစားသောက်နေသည်ကို ကြည့်နေကြသောလူများသည် ရှုံ့မဲ့သွားကြသည်။

လူစားစား၊ ကျားစားစားသော လူငယ်ပါတကား။

အရှုးလူငယ်သည် ဝက်ခြေထောက်တစ်ချောင်းကို ကိုက်နေရင်းက အခြားစားပွဲဝိုင်းသို့ ရောက်သွားသော ဗိုက်ပူပူ လူနှစ်ယောက်ကို လှမ်းပြောပြန်သည်။

'ဗျို့ ဆရာကြီးတွေ၊ ဒီကို လာလေဗျာ၊ ကျုပ်ကို ကူညီတဲ့အနေနဲ့ ဝိုင်းပြီး စားသောက်ပေးကြစမ်းပါ၊ အစားအသောက်တွေက သုံးလေးယောက်စာဆိုတော့ ကျုပ်တစ်ယောက်တည်း စားလို့သောက်လို့ကုန်မှာ မဟုတ်ဘူးဗျ၊ လာလေဗျာ၊ လာစားကြစမ်းပါ၊ ဘာလဲ အားနာလို့လား၊ အားမနာပါနဲ့၊ ကျုပ် ဒကာခံမှာပါ၊ လာပါဗျ လာပါ'

အရှုးလူငယ်သည် စကားပြောလိုက်၊ အစားစားလိုက်၊ အရက်သောက်လိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေပြန်သည်။

တစ်ခဏအတွင်းမှာပင် အရက်အိုးတစ်အိုး ပြောင်သွားသည်။

ထိုစဉ် အောက်ထပ်မှ ပြေးတက်လာသော ခြေသံများ တဝုန်းဝုန်းကြားရသည်။

မကြာမီ မျက်မှန်သေးသေးလေး တပ်ထားသည့် အဘိုးကြီးတစ်ယောက်နှင့် လူငယ်နှစ်ယောက်ကို တွေ့ရသည်။



မျက်မှန်နှင့်အဘိုးကြီးသည် ဟိုတယ်မန်နေဂျာ ငွေကိုင်ကြီးပင်ဖြစ်သည်။

ငွေတိုင်ကြီးသည် အရှုးလူငယ်ကို မြင်လိုက်သည်နှင့် မျက်လုံးပြူးသွားသည်။

ထွက်နေသောဒေါသကို ထိန်းချုပ်ပြီး ရွှေကိုသာ တိုးလာသည်။

ထို့နောက် ရိုရိုသေသေ အမူအရာနှင့် ခါးညွတ်ပြီး ပြောလိုက်သည်။

'ကျုပ်က ဘယ်သူများလဲလို့၊ လက်စသတ်တော့ သခင်လေးကိုး'

'သခင်လေးဆိုတာ ဘယ်သူ့ပြောတာလဲဗျ'

'ခင်ဗျားကိုပေါ့ သခင်လေးရဲ့၊ ဟဲဟဲ'

'ခင်ဗျား ကျုပ်ကို သိလို့လား၊ ကျုပ်ကတော့ ခင်ဗျားကို မသိဘူး၊ အသက် ဒီလောက်ကြီးနေတဲ့အဘိုးကြီးက ကျုပ်ကို သခင်လေးလို့ ခေါ်ရသလား'

'ဟဲဟဲ. . . သခင်လေးက ကျုပ်ကို မသိချင်ဟန်ဆောင်နေပြန်ပါပြီ၊ ကျုပ်ဟာ ဒီဟိုတယ်ရဲ့ ငွေတိုင်ကြီး 'ခုန်ဖန်း' လေဗျား၊ သခင်လေး မေ့နေတယ်ထင်တယ်. . . ဟဲဟဲ'

'ဟုတ်ပြီ ဟုတ်ပြီ၊ ခုမှ သတိရတယ်၊ လက်စသတ်တော့ ခင်ဗျားဟာ အဘိုးကြီး 'ခုန်ဖန်း' လို့ခေါ်တဲ့ ခုန်ဖန်းအဘိုးကြီးကိုး'

www.burmeseclassic.com

www.burmeseclassic.com



အရူးလူငယ်၏စကားကြောင့် အာရုံစိုက်နေသော လူ
သည် တဝါးဝါး တဟားဟား ဖြစ်သွားကြသည်။

ငွေကိုင်ကြီး ခုန်ဖန်းကား ရှက်ကိုးရှက်ကန်းနှင့် မျက်
ကြီး နီရဲသွားသည်။

အရူးလူငယ်သည် အစားအသောက်များကို ဟိုနှိုက်သ
နှိုက်လုပ်နေရင်းက ငွေကိုင်ကြီး ခုန်ဖန်းကို လက်ယမ်းပြပြီး ထ
လိုက်သည်။

ခုန်ဖန်းက စိတ်ထိန်းပြီး ပြောသည်။

'ကျုပ်ကြားထားရတဲ့ သတင်းစကားကတော့ သခင်
ဟာ . . . ဟာ'

'တော် . . . တော်၊ ကျုပ်က ကျုပ်လမ်းကို ကျုပ်သွား
တဲ့လူဗျ၊ အဘိုးကြီးက ခုန်ဖန်းဆိုတဲ့အတိုင်း နေရာလွတ်
ခုံလွတ်တွေချည်း လိုက်ကြည့်မနေနဲ့'

အရူးလူငယ်သည် ပြောပြောဆိုဆို ရှေ့ကိုလှမ်းထွ
သွားသည်။

ငွေကိုင်ခုန်ဖန်းသည် ဘာဆက်ပြောရမည် မသိသ
သက်ပြင်းကိုသာ ဟင်းခနဲ ချလိုက်ရတော့သည်။

အရူးလူငယ်သည် ငွေကိုင်ကြီးနှင့် မလှမ်းမကမ်းတွ
ရပ်နေရင်းက ခပ်တည်တည် လှည့်ပြောသည်။

'ဒီမှာလယ် အဘိုးကြီးခုန်ဖန်း၊ ဒီကိုရောက်လာတဲ့လူတွေဟ
တကယ့်ဖော်၊ သူဌေးတွေချည်းပဲဗျ၊ ဒီတော့ ဘာမှ အားနာမနေ



ကျုပ်ရဲ့ စားသောက်စရိတ်ကို ဟိုစားပွဲပေါ်က ဗိုက်ပူပူသူဌေး
နှစ်ယောက်ဆီမှာ တောင်း၊ သူတို့ ရှင်းပေးပါလိမ့်မယ်၊ နေဦး . . .
နေဦး ခင်ဗျား မတောင်းနဲ့၊ ကျုပ်ကိုယ်တိုင် ကျုပ်ပဲ ရှင်းမယ်'

အရူးလူငယ်သည် ပြောပြောဆိုဆို စားပွဲဝိုင်းသို့ ရောက်
သွားပြန်သည်။

ငွေကိုင်ကြီးခုန်ဖန်းသည် တစ်စုံတစ်ရာ ပြောရန် ဟန်ပြင်
လိုက်သော်လည်း သူ၏လှုပ်ရှားမှုသည် နောက်ကျသွားပြန်သည်။

အရူးလူငယ်သည် စားပွဲဝိုင်းတစ်ဝိုင်းမှ လူနှစ်ယောက်ကို
စိုက်ကြည့်ရင်း လက်ဝါးဖြန့်လိုက်သည်။

'တဲ . . . ခင်ဗျားတို့ဟာ သူဌေးတွေချည်းပဲ၊ ကျုပ်မှာ ငွေ
မရှိလို့ စားသောက်ခတွေ မရှင်းနိုင်ဘူး ဖြစ်နေတယ်၊ အဲဒါ တဆိတ်
ကူညီတဲ့အနေနဲ့ ငွေစလေးတွေ နည်းနည်းပါးပါး ပေးခဲ့စမ်းပါဗျာ'

ထိုလူနှစ်ယောက်သည် သိုင်းသမား အဝတ်အစားများကို
ဝတ်ဆင်ထားကြသည့် သိုင်းသမားနှစ်ယောက်မင်ဖြစ်သည်။

လက်ဝဲဘက်တွင်ထိုင်နေသောလူသည် အရူးလူငယ်ကို
မခိုးမခန့် ပြုံးကြည့်လိုက်ပြီး လက်တစ်ဘက် ဝှေ့ယမ်းလိုက်သည်။

အရူးလူငယ်သည် ဘာစကားမျှ မပြောဘဲ ဖင်ထိုင်ကျ
သွားသည်။

သို့သော် ချက်ချင်း ပြန်ထပြီး အော်ဟစ်ကြိမ်းမောင်း
တော့သည်။

'ခင်ဗျားက ကျုပ်ဘယ်သူ ဆိုတာ မမေးမြန်း မစူးစမ်းဘဲနဲ့

www.burmeseclassic.com

www.burmeseclassic.com



အရှမ်းလုပ်ရသလားဗျ၊ ခင်ဗျားဟာ တကယ်အသုံးမကျတဲ့လူပဲ၊ ကျုပ်ဟာ သိုင်းလောကကို မှောက်လိုမှောက် လှန်လိုလှန် လုပ်နိုင်တဲ့လူဗျ၊ နားလည်ရဲ့လား၊ သိုင်းသမားတိုင်းဟာ ကျုပ်နဲ့တွေ့ရင် အညံ့ခံကြရတာချည်းပဲ၊ ဒါကို ခင်ဗျား မသိဘူးလားဟင်၊ ကျုပ်က ခင်ဗျားတို့နှစ်ယောက်လောက်ကို ဖွဲ့လို့ ထင်ထားတာဗျ၊ ဟုတ်တယ် ခင်ဗျားတို့ဟာ တကယ့်ဖွဲ့မှုဖွဲ့ပဲ'

'တော်စမ်းပါ၊ အရင်က ရွှေထီးဆောင်းခဲ့တာတွေကို လာပြောမနေစမ်းပါနဲ့၊ အရှုံးဟာ အရှုံးစကားပဲ ပြော၊ အလကား လျှာရှည်နေတယ်၊ ခု ခင်ဗျားခေါင်းပေါ်မှာ ရွှေထီး မရှိတော့ဘူး ထီးစုတ်ထီးပြတ်မဲ့ ရှိတော့တယ်၊ ဟားဟား'

သိုင်းသမားနှစ်ယောက်သည် ဝုန်းခနဲ ထရပ်လိုက်ကြသည်။

ငွေကိုင်ကြီးခုန်ဖန်းသည် ဒိတ်ခနဲ ဖြစ်သွားပြီး ရှေ့သို့ ဖျတ်ခနဲ တိုးလာသည်။

လက်နှစ်ဘက်ကို ခါယမ်းပြီး. .

'မလုပ်ကြပါနဲ့ဗျာ မလုပ်ကြပါနဲ့၊ ကျုပ်အနူးအညွတ် တောင်းပန်ပါတယ်၊ ဒီလူဟာ စိတ်မနှံ့တဲ့လူပါ၊ တစ်ကြိမ်တစ်ခါ မှားယွင်းတာကို သည်းခံကြပါ၊ ကျုပ်မျက်နှာကို ထောက်ထားကြပါ ကျုပ် တောင်းပန်ပါတယ်၊ ကျုပ် တောင်းပန်ပါတယ်'

ငွေကိုင်ကြီးခုန်ဖန်း၏ တောင်းပန်မှုကြောင့် အခြေအနေ ငြိမ်အေးသွားသည်။



ဝဲဘက်မှလူက. . .

'ခင်ဗျားမျက်နှာကြောင့် ဒီလူ ကံကောင်းသွားပြီ၊ ကဲကဲ. . အပြင်ရောက်အောင် မောင်းထုတ်လိုက်စမ်းဗျာ'

'ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့ခင်ဗျ'

ငွေကိုင်ကြီးခုန်ဖန်းသည် သိုင်းသမားနှစ်ယောက်ကို မျက်နှာချိုသွေးပြီး၊ အရှုံးလူငယ်ကို ချော့လိုက်၊ ခြောက်လိုက် လုပ်ရင်း ဖျောင်းဖျသည်။

ထို့နောက်သိုင်းသမားနှစ်ယောက်အနီးမှ ဆွဲခေါ်ခဲ့သည်။

ငွေကိုင်ကြီးခုန်ဖန်းသည် စိတ်မောလူမောဖြစ်သွားသောကြောင့် နဖူးတွင် ချွေးများပင် သီးနေလေပြီ။

ထိုစဉ် အရှေ့ဘက်ထောင့်တစ်နေရာရှိ စားပွဲဝိုင်းဆီမှ တီးတိုးသံများ ထွက်ပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ဝိုးတဝါး အတိတ်

'အဒေါ် . . . အဲဒီလူက ဘယ်သူလဲ၊ ရှေးချင်ဟန်ဆောင်ပြီး ရန်လျှောက်ဖြစ်နေတာလား'

ထိုစကားရှင်သည် နုပျိုချောမောသော လူငယ်တစ်ဦးဖြစ်သည်။

အမေးခံရသောအမျိုးသမီး၏ အမူအရာတာမှ အေးစက်စက်နှင့် ကြောက်စရာကောင်းသည်။ သူမ၏ အသားအရေသည် ဖွေးပြီး နုနေသည်။ ဤမိန်းမသည် ဤဟိုတယ်ကြီးတွင် အလုပ်လုပ်နေကြသော မိန်းမပျိုများထက်ပင် ချောမောလှပသည်။

သို့သော် သူမ၏ပါးချိုင့်ကလေးသည် လှသလောက်



ကြောက်စရာကောင်းသည်။ ဤအချက်ကို သိုင်းသမားအတော်များများ သိထားပြီးဖြစ်သည်။

သူမသည် လူချောလူငယ်ကို ငေးကြည့်ရင်း ခေါင်းငုံ့သွားသည်။ ထို့နောက် သူမ၏နှုတ်ဖျားမှ တိုးသက်သော အသံတလေးများ ထွက်ပေါ်လာသည်။

'စိတ်ထင်ရာ အရမ်းမပြောနေနဲ့ မော်လင်၊ သူဟာ အရှူးဟန်ဆောင်နေတဲ့လူ မဟုတ်ဘူး၊ တကယ်ရူးနေတဲ့လူ'

မော်လင် ဆိုသောလူငယ်သည် အမျိုးသမီး၏စကားကို မကျေနပ်ဟန်နှင့် မျက်ခုံးနှစ်ဘက် မြင့်တက်သွားသည်။

'အဒေါ်ရှန်းကလဲ ပြောရော့မယ်၊ သူ့ပုံက အရူးဟန်ဆောင်နေတဲ့ပုံဗျ၊ လူကတော့ လူချောပဲ၊ အဒေါ်ရှန်း ပြောသလို တကယ်ရူးနေတာဆိုရင်တော့ တော်တော်နှမြောဖို့ကောင်းတယ်'

'ဟုတ်တယ်၊ သူ့နောက်ကြောင်းကို သိရင် နင် ပိုပြီး နှမြောလိမ့်မယ်'

'စိတ်ဝင်စားစရာပဲ၊ ဒါနဲ့ အဒေါ်ရှန်းက သူ့အကြောင်းကို တော်တော်သိထားသလား'

အဒေါ်ရှန်းဟု အခေါ်ခံရသော အမျိုးသမီးသည် ဟိုဟိုသည်သည် လှည့်ကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။

သူတို့ တစ္စဝိုင်းနှစ်ယောက်သည် အနက်ရောင်ဝတ်စုံများကို ဆင်တူဝတ်ထားကြသဖြင့် အများသူငါထက် ပိုပြီးထူးခြားနေသည်။ သို့သော် သူတို့ကို မည်သူကမျှ သိပ်ပြီးဂရုမပြုမိကြချေ။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက သက်ပြင်းမျှင်းမျှင်းချပြီး စကား ဆက်သည်။

'ငါသူ့အကြောင်း တော်တော်သိထားပါတယ်။ သူ့အကြောင်းကို သိထားတဲ့လူတွေဟာ တစ်လောကလုံးမှာရှိတဲ့ သိုင်းသမားတိုင်းလိုလိုပဲ'

'အဒေါ်ရှန်းကလည်း ပြောရော့မယ်၊ ကျွန်တော်ကျတော့ သူ့အကြောင်းကို ဘာဖြစ်လို့ မသိဘဲ နေရတာလဲ'

'နင်က တောထဲတောင်ထဲမှာ အနေများလို့ပါ၊ သူ့ဘဝ သူ့အကြောင်းဟာ တော်တော်ရင်နာစရာကောင်းတဲ့ ဇာတ်ကြောင်းပဲ၊ နင် မသိတာက နင့်အမေက အပြင်ကို လွတ်လွတ်လပ်လပ် ထွက်ခွင့်မပေးခဲ့လို့ဟဲ့'

'ဒီလိုဆို အဒေါ်ရှန်းပဲ ပြောပြတော့'

'ပြောပြမှာပါ။ သိုင်းသမားတစ်ယောက်ဟာ သိုင်းလောကသားတွေရဲ့အကြောင်း သိထားဖို့လိုတယ်'

'ဟဲ . . . ဒီလိုဆိုရင် တစ်ခုခုစားရင်း ပြောကြတာပေါ့'

'ဟင်း . . . ဟင်း . . . နင်က ခုမှ စေတနာကောင်းလာတော့တာကိုး'

အမျိုးသမီးက မျက်စောင်းခဲပြီး ပြောသည်။ မော်လင်က ရယ်ကျဲကျဲလုပ်ပြီး ချေပသည်။

'အဒေါ်ရှန်းကလည်း ပြောရော့မယ်၊ ကျွန်တော်က အဒေါ်ရှန်းကို ရိုသေလေးစားသလောက် အမြဲစေတနာ ရှိနေတဲ့လူ



ပါဗျ . . . ဟားတား'

မော်လင်သည် စားသောက်ဖွယ်ရာများကို မှာလိုက်ပြီးသည်နှင့် အမျိုးသမီးကို လှမ်းကြည့်သည်။ အမျိုးသမီးက ပြုံးပြီး ပြောလာသည်။

'မော်လင်၊ ဗျပ်စောင်းဓားရှည် စာပေသမားဆိုတဲ့ လူတစ်ယောက်ရဲ့ နာမည်ကိုတော့ မင်း ကြားဖူးလိမ့်မယ်ထင်တယ်'

'ဗျပ်စောင်းဓားရှည် စာပေသမား၊ ကြားဖူးတယ်၊ ဒီနာမည်ကို လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်ကတည်းက ကြားဖူးနေတာပါ'

'ဟုတ်ပြီ၊ အဲဒီနာမည်နဲ့ အဲဒီလူကို ကြားဖူးနေပေမယ့် သူ့ရဲ့ဆရာ ဘယ်သူဆိုတာကိုတော့ ခုထိ မသိသေးဘူး မော်လင်၊ သူ့ရဲ့သိုင်းပညာအဆင့်ကိုတော့ နံပါတ်တစ်ပဲလို့ အသိအမှတ်ပြုခဲ့ကြတယ်၊ ဒီလူဟာ သိုင်းပညာကောင်းသလောက် ရုပ်လဲချောတယ်၊ ဗျပ်စောင်းတီးတဲ့ပညာကော စာပေအနုပညာပါ တတ်ကျွမ်းတယ်၊ ဒီအချက်တွေကြောင့်လည်း တို့တိုင်းပြည်ရဲ့ အထွတ်အထိပ်နေရာတစ်ခုမှာ ရှိနေတဲ့ မိန်းမချောနဲ့ လက်ထပ်ခွင့်ရခဲ့တယ်'

'တော်တော် စိတ်ဝင်စားစရာကောင်းတာပဲ၊ ဆက်ပြောပါ အဒေါ်ရှန်း'

'အေး . . . ဒီလူဟာ ကံကောင်းသလိုလိုနဲ့ မမျှော်လင့်ဘဲ တံဆိုးမိုးမှောင်ကျခဲ့တယ်၊ သူ့နဖူးစာ မင်းရည်ကျဲလို့ လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲဟာ ဝမ်းနည်းစရာတွေ ဖြစ်မွားခဲ့ရတယ်'

'ဘယ်လို ဝမ်းနည်းစရာတွေလဲ'

'စားသောက်ဝိုင်းမှာ အရက်သောက်ရင်း ရုတ်တရက် ရူးသွပ်သွားလို့ပဲ'

'တယ်ဆိုးတဲ့အဖြစ်ပါလား၊ မဟုတ်မှလွဲရော တစ်ယောက် ယောက်က အဆိပ်ခတ်သွားတာ ဖြစ်မယ်'

'ဒါလို ယူဆလို့ရတယ်၊ ဒီတိုစ္စနဲ့ဝတ်သက်ပြီး သူ့ရဲ့ ဇနီး လောင်းလေးဟာ ရင်ထုမနာ ဖြစ်ခဲ့ရတယ်၊ အဲဒီတုန်းက သူတို့ရဲ့ လက်ထပ်မင်္ဂလာပွဲကို အားပေးချီးမြှင့်ခဲ့ကြတဲ့ ဧည့်သည်တော်တွေ ဟာ စိတ်ထိခိုက်ပြီး ပြန်ခဲ့ကြတယ်'

'ဖြစ်မှဖြစ်ရပလေဗျာ၊ သူတို့ရဲ့ မင်္ဂလာဦးညဟာ သဘာဝ နဲ့ ဆန့်ကျင်တဲ့ အမင်္ဂလာညကြီးပါလား၊ တော်တော်ဆိုးတဲ့အဖြစ် နော်၊ ဒါနဲ့ သူ့ဇနီးလောင်းက ဘယ်မှာလဲ၊ ခု သူ ဘာတွေများ လုပ်နေမလဲ'

'ကတ်ကတ်သပ်သပ် မေးနေရသေးတယ် မော်လင်ရယ်၊ သူ့ဇနီးလေးဟာ ခုလောက်ဆို ဘုရားရဲ့တရားတော်တွေကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး ဆုတောင်းပတ္ထနာ ပြုနေရောပေါ့၊ ဒါမှ မဟုတ်လဲ သံဝေဂရစရာ တရားစာအုပ်တွေကို တစ်ရွက်ပြီး တစ်ရွက် လှန်ပြီး ဖတ်နေရောပေါ့၊ ဒီပြင်ဘာများ လုပ်နေနိုင်မှာ လဲတွေယ်'

အမျိုးသမီး၏အသံသည် ပြောရင်းပြောရင်း တိမ်ဝင်



သွားသည်။

သူမသည် ကာယကံရှင် သတို့သမီးလေး၏နေရာတွင် ဝင်ရောက် ခံစားနေရသလိုပင်။

'သနားစရာကောင်းလိုက်တာ အဒေါ်ရှန်းရယ်၊ ဒီအဖြစ် ဟာ ယုံတမ်းပုံပြင်တွေထက်တောင် စိတ်ဝင်စားစရာကောင်း နေတယ်၊ ဒါနဲ့ ဒီလူ့ရောဂါကို ပျောက်အောင် ကုနိုင်တဲ့လူ မရှိ တော့ဘူးလားဟင်'

မော်လင်က အလွန် စာနာထောက်ထားသော အမူအ ရာနှင့် မေးသည်၊ အမျိုးသမီးက အဝေးကို ငေးပြီး တစ်လုံးချင်း ပြောသည်။

'သူ့မိတ်ဆွေတစ်ယောက်ကတော့ ဆူပိုင်တဲ့ ဥစ္စာနေ တွေကို ပြောင်သလင်းခါအောင် ကုပေးခဲ့သတဲ့၊ ကုသမှု နာမည် ကျော်သမားတော်မှန်သမျှ တစ်ယောက်မှ မကျန်အောင် ရှာဖွေပြီး ကုခဲ့သတဲ့၊ ဒါပေမယ့် သူ့ရောဂါဝေဒနာဟာ လုံးဝ မပျောက်တင်း ခဲ့ဘူး'

'အင်း. . . ဒီလိုဆိုရင် သူ့ကို အဆိပ်ခတ်တဲ့လူကိုယ်တိုင် ကုပေးမှ ပျောက်ကင်းလိမ့်မယ်ထင်တယ်၊ ကျွန်တော့်အမြင် ဘယ်နှယ်လဲ အဒေါ်ရှန်း'

ဤမေးခွန်းကို အမျိုးသမီးက တစ်စုံတစ်ရာ အဖြေ မပေး ချေ။

မော်လင်က သူ့ သိလိုရာကို ဆက်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ . . . သူ့မိတ်ဆွေဆိုတာက . . .'

'သတ္တနတ်မင်းဘွဲ့ရ ကျို့ကုန်းချွင် ပဲ'

'ဩော် . . . ဩော် . . . လက်စသတ်တော့ သူကိုး'

'ဟုတ်တယ် . . . ဒီပုဂ္ဂိုလ်ဟာ မော်လင့်အနေနဲ့ ဒုတိယမြောက် လေးစားရမဲ့ပုဂ္ဂိုလ်ပဲ။ သူက အရာရာမှာ ဗျပ်စောင်းမားရှည် စာပေသမားထက် နည်းနည်း အဆင့်နိမ့်တယ်။ ဒါပေမယ့် သူ့မှာ ထူးချွန်တဲ့ပညာရပ် ခုနစ်မျိုး ရှိတယ်၊ သူ့ဘဝမှာ ထူးထူးခြားခြား ဖြစ်နေတာက စေတနာပဲ'

'ဟုတ်ကဲ့ . . . အဒေါ်ရှန်း။ ကြားရတာတွေဟာ ဗဟုသုတဖြစ်စရာတွေချည်းပါပဲ'

'ဟင်း . . . ဟင်း . . .'

'ဒါနဲ့ သူတို့လို တော်တဲ့လူတွေထဲက နောက်တစ်ယောက်ဟာ ဘယ်သူလဲ'

'မင်းခေါင်းထဲမှာ အဖြေ ရှိပါတယ်'

'ဩော် . . . ဟိုနောက်တစ်ယောက်က အ . . . အဒေါ်ရှန်းပဲပေါ့ဗျာ'

'ဟုတ်ရဲ့လား . . . ဟင်း . . . ဟင်း'

'အဒေါ်ရှန်းဆိုသူ အမျိုးသမီးချောက တဟင်းဟင်း ရယ်သည်။

'ကျွန် . . . ကျွန်တော် ညာမပြောတတ်ပါဘူးဗျာ၊ ဟဲ . . . ဟဲ'



မော်လင်သည်ပြောရင်း မျက်နှာကြီး နီရဲလာသည်။

အတန်ကြာမှ ခေါင်းကို တဖြင်းဖြင်းကုတ်လိုက်ပြီး တိုးတိုးလေး ပြောသည်။

'ဒါ . . . ဒါဖြင့်ရင် ဒီလူဟာ ကျွန်တော်တို့ တွေ့ချင်နေတဲ့လူများလား'

'ပြောရမှာ ခပ်ခက်ခက်ပဲ မော်လင်၊ အခြေအနေကို သေသေချာချာ စောင့်ကြည့်ပြီးမှ ဆုံးဖြတ်လို့ရမယ်ထင်တယ်'

'ဘာပဲဖြစ်ဖြစ်လေ၊ ခုအခြေအနေကတော့ ဒီလို့ကို မေးလို့ မြန်းလို့လည်း ရမှာ မဟုတ်ပါဘူး'

'သူ့ကို မေးနေဖို့ မလိုပါဘူး မော်လင်'

'ဘာဖြစ်လို့လဲ'

'မေးရမယ့်လူ အဆင့်သင့် ရှိနေလို့ပေါ့'

'ဘယ်သူလဲ အဒေါ်ရှန်း'

'သတ္တမနတ်မင်းရဲ့ဇနီး'

'လွယ်ပါ့မလား'

မော်လင်၏ ပခုံးနှစ်ဘက် တွန့်ခနဲ ဖြစ်သွားသည်။

အဒေါ်ရှန်းက ပြုံးပြီး ပြောလာသည်။

'အစွမ်းအစပေါ်မှာ မူတည်တယ်'

'ဖြစ်မယ် မထင်ပါဘူး အဒေါ်ရှန်း'

'ဘာကြောင့် မဖြစ်ရမှာလဲ မော်လင်'

'ဩော် . . . ဒီလိုပါ၊ ကျွန်တော့်စကားတွေ ရှုပ်သွားတယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်၊ ဗျပ်စောင်းဓားရှည် စာပေသမားဆိုတာ အင်မတန် ထက်မြက်တဲ့ သိုင်းပညာရှင်ပဲ၊ ဒီလိုလူမျိုးဟာ သူတစ်ပါးရဲ့ ကောက်ကျစ်မှုကို လွယ်လွယ်နဲ့ မခံရနိုင်ဘူး'

'ပညာရှိ သတိဖြစ်ခဲတဲ့ မော်လင်၊ မနေသသော ဆေးသမား ဆိုတာ လောကမှာ မရှိဘူး'

'ကျွန်တော်ပြောတာ မဖြစ်နိုင်ဘူးလားဗျာ'

'မဖြစ်နိုင်ဘူးလို့ ယတိပြတ် မပြောသေးပါဘူး၊ ပြောမိရင် လည်း ပြန်ပြီး စဉ်းစားရမှာပဲ၊ ဒါပေမယ့် ဆုံးဖြတ်ချက်ပေါ်မှာ သံသယ ရှိနေတာတော့ အမှန်ပဲ'

'ကိစ္စကဲ ရှင်းနေတာပဲ အဒေါ်ရှုန်းရယ်၊ ဘာများ မပြောစရာရှိလို့လဲ'

'သတ္တမနတ်မင်းကြောင့်ပေါ့ မော်လင်၊ သတ္တမနတ်မင်းတ သူ့ရဲ့ အဆင့်မြင့်တပည့်တွေကို မိုးအဆုံး မြေအဆုံး လွှတ်ပြီး ထိပ်တန်းသမားတော်ကြီးတွေကို ပင့်ဖိတ်ခိုင်းခဲ့တာပဲ။ တကယ် လည်း ကုပေးခဲ့တာပဲ။ ဒါတွေဟာ ကောလာဟလ ဖြစ်နိုင်သလား'

အဒေါ်ရှုန်း၏ ဦးနှောက်ကို အလုပ်ပေးသည့် စကားဖြစ် သည်။

မော်လင်က မျက်မှောက်ကြုတ်ပြီး ခပ်အေးအေးဆိုသည်။

'အကြောင်းမရှိဘဲနဲ့တော့ ခုလို ရှုနေစေမှာ မဟုတ်ပါဘူး'

'ဒီလိုလည်း မြင်နိုင်တာပဲ'

'ဒါမှမဟုတ် သူ့ အာသာ ဟန်ဆောင်နေတယ်ဆိုရင်ကော



မလွဲသာမရှောင်သာကိစ္စတွေ ရှိနေလို့ ဒီလိုလုပ်နေတာများလား'

'ငါ့ခေါင်းထဲမှာတော့ နာမည်ကျော် ရောမ သိုင်းပညာရှင် မျိုးကောင်းနွယ်ဝင်တစ်ယောက်ဟာ ဘယ်လို အခြေအနေမျိုး မှာပဲဖြစ်ဖြစ် ခုလို စုတ်ပြတ်နုံချာတဲ့အဝတ်ကို ဝတ်ပြီး လူတကာ အော့နှလုံးနာစေတဲ့ဘဝမျိုးကို လုပ်ကြံနေထိုင်နိုင်ပါ့မလားလို့ တွေးနေမြင်နေတယ်'

'ကျွန်တော် စဉ်းစားမိတာကတော့ ဒီလူဟာ တကယ် ရူးနေတာမှန်ရင် ခုလောက်ဆို သူများသတ်လို့ အရိုးဆွေးနေ လောက်စရာပေါ့ဗျာ'

'ထားပါလေ၊ ဒီကိစ္စကို ဦးနှောက် အခြောက်ခံပြီး စဉ်းစား မနေပါနဲ့တော့၊ ဒါဟာ နင့်ကိစ္စ နင် စဉ်းစားနေရမယ့် အရာ မဟုတ်ပါဘူး။ ကဲ . . ၊ စားစရာရှိတာ မြန်မြန်စားပြီး သောက် စရာရှိတာ မြန်မြန်သောက်တော့၊ တို့မှာ လုပ်ကိုင်ဆောင်ရွက် စရာတွေ ရှိနေသေးတယ်'

'အဒေါ်ရှုန်းကလည်းဗျာ။ စကားကောင်းနေမှ အတင်း ဖြတ်ပစ်ရတယ်လို့'

မော်လင့်စကားကြောင့် အဒေါ်ရှုန်း မျက်နှာပျက်သွား သည်။

'တော်တော့ မော်လင်၊ တော်တော့၊ ဘာမှထပ်မပြောနဲ့ တော့၊ ကိုယ်လုပ်စရာရှိတာသာ ဆက်လုပ်၊ သူများအကြောင်း ပြောနေလို့ အလကားပဲ'

www.burmeseclassic.com

www.burmeseclassic.com



'တုတ်ဝါတယ် အဒေါ်ရှန်းရယ်၊ ကျွန်တော်က အဒေါ်ရှန်းတို့ စိတ်အနှောင့်အယှက်ဖြစ်အောင် ပြောနေတာ မဟုတ်ပါဘူးဗျာ၊ ကြားရတာတွေက စိတ်ဝင်စားစရာကောင်းနေလို့ပါ'

'ကဲ. . . တော်တော့ ဒီစကားကို ဒီတင်ရပ်၊ သောက်စရာရှိတာသာ သောက်'

'ဟုတ်. . . ဟုတ်ကဲ့ပါ အဒေါ်ရှန်း'

မော်လင်သည် သူ့အဒေါ်ရှန်း စိတ်ပြောင်းသွားသည်ကို အံ့တသြ ဖြစ်နေမိပြန်သည်။ သို့သော် မည်သည့်စကားမျှ ဆက်မပြောရဲတော့သဖြင့် အရက်ဖန်ခွက်ကိုသာ ကောက်ကိုင်ရတော့သည်။

ထိုစဉ် သူ့ရှေ့တည့်တည့် စားပွဲဝိုင်းမှ ရှုတည်တည်နှင့် ကြည့်နေသော အစိမ်းရောင်ဝတ်စုံနှင့် အဘိုးကြီးကို သတိပြုမိလာသည်။ အစိမ်းရောင်အဘိုးကြီးသည် မော်လင့်ကို စိုက်ကြည့်နေရာမှ အရက်အိုးတို လှမ်းကိုင်ပြီး မျက်လွှာချသွားသည်။

အဘိုးကြီးသည် အိုမင်းနေပြီ ဖြစ်သော်လည်း သန်မာတုန်းကျန်းမာတုန်းဖြစ်သည်။

မည်းနေသော မုတ်ဆိတ်မွေးများသည် ရင်ညွန့်ရိုးထိအောင် တွဲလောင်းကျနေသည်။

မော်လင်အရက်ကို မော့သောက်လိုက်စဉ်မှာပင် အပေါ်ထပ်သို့ တက်လာသော ခြေသံပြင်းပြင်းကို ကြားလိုက်ရသည်။

ခြေသံရှင်သည် အပေါ်ထပ်သို့ ရောက်သည်နှင့် စားပွဲဝိုင်း



းကို ကျိုးကန်းတောင်းမှောက် လိုက်ကြည့်နေတော့သည်။

ထိုလူသည် 'မိုးသိမ့်တုန်လက်' အမည်ရ တုံထန်းကျပင်ဖြစ်သည်။

တုံထန်းကျသည် အရူးလူငယ်ကို တွေ့လိုက်သည်နှင့် ဝ်သွက်သွက် လျှောက်လှမ်းလာသည်။

ဟိုတယ်မန်နေဂျာ ငွေကိုင်ကြီးခုန်ဖန်းသည် တုံထန်းကျ မြင်လိုက်သည်နှင့် မျက်နှာကြီး ဝင်းခနဲဖြစ်သွားသည်။

'ဆရာကြီးတုံ ပါလား၊ ကြွပါ ကြွပါ၊ ဆရာကြီးက ခုမှ ါလာတော့တာကိုးဗျ'

ခုန်ဖန်းက လက်အုပ်ချီ ဂါရဝပြုပြီး ရယ်ရယ်ပြုံးပြုံး ပြောသည်။

'ဘယ်လိုလဲ ငွေကိုင်ကြီး၊ ကျုပ်ကို မျှော်နေပုံထောက်တော့ တိယ သခင်လေးတ ခင်ဗျားတို့ကို စိတ်အနှောင့်အယှက် ဖြစ်အောင် ပြုခဲ့ပြီ ထင်တယ်၊ ဒါကြောင့်မို့ မျှော်နေတာ မဟုတ်လား ငွေကိုင်ကြီး'

'အို အို. . . ကျုပ် ဒီသဘောနဲ့ပြောတာမဟုတ်ပါဘူး ဆရာကြီး တုံရယ်၊ ဆရာကြီး တုံ ရောက်မလာတာကြာလို့ ပြောမိတာပါ၊ ဆရာကြီးတို့အပေါ် ဒီလိုသဘောမျိုး မထားစံပါဘူး ဗျာ'

ခုန်ဖန်းက လက်တတွတ်ကာဖြင့် တုန်ထုန်ယင်ယင် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



တုံထန်းကျက မပြုံးချင် ပြုံးချင်နှင့် မဲ့ပြုံးပြုံးသည်။

'ဟန်လုပ်မနေစမ်းပါနဲ့ဗျာ၊ အခြေအနေကို ကျုပ် သဘော ပေါက်ပါတယ်၊ သခင်လေးနဲ့ ပတ်သက်ပြီး ကုန်ကျတဲ့သင့်ငွေ နက်ဖြန်ကျရင် ကျို့မိသားစုအိမ်တော်ဝန်းမှာ လာယူပါ'

'ဟုတ် ဟုတ်ကဲ့ပါခင်ဗျာ၊ ကျေး ကျေးဇူးတင်ပါတယ်'

'မလိုပါဘူး၊ ကျုပ်ရဲ့သခင်လေးကို ဒီမှာတွေ့ရတာကို ကျေနပ်ပါပြီ၊ ကျုပ်တို့ တစ်မြို့လုံးနှံ့အောင်း လိုက်ရှာနေရတာ သခင်လေး 'ဝန်ရှင်မော်' က ဒီကို ရောက်နေတာကိုး'

အရှုံးလူငယ်ဟု လူသိများနေသည့် သခင်လေး 'ဝန်ရှ မော်' က တုံထန်းကျအနီးသို့ တိုးကပ်လာသည်။

'အစ်ကိုကြီး တုံ၊ ဟောဟိုစားပွဲကလူတွေက ကျွန်တော့် ရိုက်ကြတယ်ဗျ'

သခင်လေး ဝန်ရှင်မော်က လက်ညှိုးထိုးပြီး တိုင်သည် ပြုံးနေသော ခုန်ဖန်းသည် ချက်ချင်း မျက်နှာပျက်သွားသည်။

တစ်စုံတစ်ရာ ကာကွယ်ပြောဆိုရန် ကြံရွယ်လိုက်သော လည်း နောက်ကျသွားချေပြီ။

'ဟိုက မိတ်ဆွေတွေ၊ ကျုပ်သခင်လေးပြောတာ ဟုတ် သလား'

တုံထန်းကျက ခပ်မာမာ လှမ်းမေးလိုက်သည်။

ခုန်ဖန်းက ဆင်သေကို ဆိတ်သားရေနှင့် ဖုံးရန် ကြိုးစ လာသည်။



'သခင်လေး ပြောသလို တကယ်မဟုတ်ပါဘူး ဆရာကြီး တုံ၊ သခင်လေး ဝန်ရှင်မော် ပြောနေတာက . . . ပြောနေတာ က . . .'

တုံထန်းကျက ခုန်ဖန်းစကားကို ဂရုမစိုက်ချေ။ စားပွဲဝိုင်း မှ သိုင်းသမား အဝတ်အစားနှင့် လူနှစ်ယောက်ကိုသာ ထပ်မြီး မေးသည်။

'ဟေ့ လူတွေ၊ ကျုပ်မေးနေတာ မကြားဘူးလား၊ သခင် လေးဝန်ပြောတာ ဟုတ်သလား'

ထိုလူနှစ်ယောက်က ဘာမျှ မဖြေချေ။ ခုန်ဖန်းကသာ ထိတ်ထိတ်ပျာပျာနှင့် ဝင်ဖြေသည်။

'ကျွန် . . . ညာ . . . ညာ . . . ညာမပြောဝံ့ပါဘူးဗျာ၊ သခင်လေးဝန်ပြောသလို မဟုတ်ရပါဘူး၊ မယုံရင် ဒီအခန်းထဲက ဧည့်သည်တော်တွေကို မေးကြည့်ပါ၊ တဲ . . . ကဲ . . . မိတ်ဆွေတို့ ဒီစားပွဲက ဧည့်သည်နှစ်ယောက်က ဟောဒီက သခင်လေးကို ရိုက်လိုက်ပါသလား ခင်ဗျာ၊ မရိုက်ဘူး မဟုတ်လားဗျာ၊ ဖြေကြ ပါ . . . ဖြေကြပါ'

ခုန်ဖန်း၏ မေးခွန်းနှင့်အဖြေကို မည်သူကမျှ ဟုတ်သည် မဟုတ်သည် အဖြေမပေးကြ။

အားလုံးသည် သွေးအရေးအခင်းတစ်ခု ဖြစ်လာမည်ကို စိုးရိမ်နေကြဟန်နှင့် ငြိမ်တုပ်နေကြသည်။

ဧည့်သည်တော်များအနားတွင် ချောင်းမြောင်းနေကြသော

www.burmeseclassic.com

www.burmeseclassic.com



မျှော်တော်ဆက်မယ်ကလေးများကလည်း အရွးလူငယ် (ခေါ်) သခင်လေးဝန်ကို ကြောက်ရွံ့နေကြပြီဖြစ်သဖြင့် တုတ်တုတ်ပင် မလှုပ်ကြ။

ဟိုတယ်မန်နေဂျာ ငွေကိုင်ကြီးခုန်ဖန်းကား အတွေ့အကြုံရှိပြီး ပါးနပ်သူဖြစ်သည်။

သူ့ဟိုတယ်တွင် သွေးထွက်သံယိုမှုများ မဖြစ်ပွားစေချင်သည်မှာ ဟိုတယ်မန်နေဂျာတိုင်း၏ သဘာဝဖြစ်သည်။

ဟိုတယ်တွင်း၌ ခိုက်ရန်ဖြစ်ပွားခြင်းသည် သူ့အတွက် ဆုံးရှုံးမှုပင်၊ ထို့ကြောင့် အခြေအနေကို သင့်သလို အသုံးချလိုက်သည်။

'ဆရာကြီးတို့. . . ကျုပ် အမှန်ပြောနေတာပါဗျာ၊ ဘယ်သူမှ ရိုက်တာနှက်တာကို မမြင်ခဲ့ကြပါဘူး၊ ကျုပ်လည်း မမြင်ခဲ့ပါဘူး၊ မြင်ခဲ့ရင် မြင်တယ်လို့ ပြောမှာပါ၊ ကျုပ်. . . ကျုပ်ဆရာကြီး တို့ကို ညာမပြောဝံ့ပါဘူး'

'ခင်ဗျားတို့ မမြင်ဘူးဆိုပေမယ့် ကျုပ် မြင်တယ်ဗျ၊ ဟိုလူနှစ်ယောက်က ဒီလူငယ်ကို တကယ်ရိုက်ခဲ့တာ၊ ကျုပ် သေသေချာချာမြင်တယ်၊ ဒီမြင်လူတွေလည်း မြင်တာပဲ'

မမျှော်လင့်ဘဲ ထွက်ပေါ်လာသောစကားကြောင့် ငွေကိုင်ကြီးခုန်ဖန်းနှင့်တကွ ဧည့်သည်တော်များပါ ထိတ်လန့်တုန်လှုပ် သွားကြသည်။

ကာယကံရှင်နှစ်ယောက်သည် မျက်စိပျက်မျက်နှာပျက်



ဖြစ်သွားကြသည်။

တုံထန်းကျသည် အခြေအနေမှန်ကို ထုတ်ဖော်လိုက်သည့် လူကို လှမ်းကြည့်ပြီး ပြုံးပြလိုက်သည်။

'ကျေးဇူးတင်ပါတယ် မိတ်ဆွေ၊ အမှန်တရားကို ဖော်ထုတ်ရဲတဲ့ စိတ်ဓာတ်ဟာ မြင့်မြတ်တဲ့စိတ်ဓာတ်ပါပဲ၊ မြင့်မြတ်သူဟာ အမှန်တရားအတွက်ဆိုရင် အသက်တောင် ပေးလှူရဲကြပါတယ်၊ ကျုပ်ခင်ဗျားကို လေးလေးစားစား ဂါရဝပြုပါတယ်'

တုံထန်းကျက လက်သီးဆုပ်ပြီး ဦးညွှတ်ဂါရဝပြုသည်။

အမှန်ကို ထုတ်ဖော်လိုက်သူသည် အရှေ့ထောင့် စားပွဲဝိုင်းမှ ဝတ်စုံနက်နှင့်လူငယ် မော်လင်ပင်ဖြစ်သည်။

မော်လင်ကလည်း ထိုင်ရာမှ ထပြီး တုံထန်းကျကို ဂါရဝပြုသည်။

'ကျွန်တော်ဟာ မိတ်ဆွေကြီး ချီးကျူးသလို မြင့်မြတ်သူ မဟုတ်သေးပါဘူးဗျာ၊ အဆင့်မြင့်တဲ့ အသိတရားရှိသူလည်း မဟုတ်သေးပါဘူး၊ ခိုးကြောင် ခိုးဝှက်လုပ်တာ နိုင့်ထက်စီးနင်း လုပ်တာကို မကြိုက်လို့ပါ'

အကျီနက်နှင့်လူငယ် သို့မဟုတ် မော်လင်၏စကားကြောင့် စားသောက်ပျော်ပွဲခန်းကြီးတစ်ခုလုံး အပ်ကျသံ ကြားရ လောက်အောင် ထိတ်ဆိတ်သွားတော့သည်။

»«

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

### ရယူလိုက်သော ကြွေး

တုံထန်းကျောက ပြုံးပြီး လှမ်းမေးသည်။

'မိတ်ဆွေလေးရဲ့နာမည်က ဘယ်လိုများ ခေါ်ပါသလဲ ခင်ဗျား၊ သိခွင့်ရှိရင် သိပါရစေ'

'ကျွန်တော့်မျိုးရိုးကတော့ 'လီ' မျိုးပါ။ နာမည်ကိုတော့ မှတ်မနေပါနဲ့တော့ခင်ဗျာ။ အမြင်မတော်လို့ အောင့်မနေနိုင်လို့ ဝင်ပြောခဲ့တာပါ'

မော်လင်နှင့် တုံထန်းကျောတို့ အပြန်အလှန် ပြောနေကြစဉ် အရှေ့ဘက်ရှိ ထိုင်ခုံတွင် ထိုင်နေသော အကျီနက်နှင့်မိန်းမချော မျက်နှာပေါ်တွင် ထိုင်နေသော အကျီနက်နှင့် မိန်းမချော မျက်နှာပေါ်



ကျရောက်နေလေ၏။

အကျီနက်နှင့်မိန်းမချော၏ မျက်လုံးများသည် စိတ်ဆင်းရဲနေသော အရိပ်အရောင်များ ပေါ်လွင်နေသည်။

သူမသည် သခင်လေးဝန်၏မျက်လုံးများနှင့် အကြည့်ချင်းဆုံသွားသည်နှင့် ချက်ချင်း ခေါင်းငုံ့ပစ်လိုက်သည်။

သခင်လေးဝန်သည် မိန်းမချောကို စိုက်ကြည့်နေရာမှ အကျီနက်နှင့်လူငယ်ကို လှမ်းကြည့်လိုက်ပြန်သည်။

'အစ်ကိုလေးဟာ တကယ် သတ္တိရှိတဲ့သူပဲ။ ကျုပ်တလည်း အစ်ကိုကြီးတို့လို ဂါရဝပြုပါတယ်ခင်ဗျ'

ယခုအကြိမ်၌ သခင်လေးဝန်၏အမူအရာသည် အလျှံတစ်ယောက်နှင့် မတူတော့ပြန်ချေ။

အကျီနက်နှင့်လူငယ်သည် သခင်လေးဝန်၏ အရေးတယူပြုမှုကို ကျေနပ်နှစ်သိမ့်လွန်းသဖြင့် လူတောင်းတစ်ယောက်လို ဆက်ဆံကြည့်လိုက်သည်။

'သခင်လေးဝန်နဲ့ ခုလိုတွေ့ရတာကို ဝမ်းသာ လို့ မဆုံးပါဘူး၊ စောစောက အစ်ကိုလေးကို သခင်လေးဝန်မှန်း သူ့ရဲ့ကောင်းဝန်မှန်း မသိခဲ့လို့ပါ၊ ကျွန်တော်အနေနဲ့ အချိန်မီ အကာအကွယ်မပေးနိုင်တာကို ခွင့်လွှတ်စေချင်ပါတယ်'

'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်က ခင်ဗျားလို လူစားမျိုးနဲ့မှ မိတ်ဆွေဖြစ်ချင်တာပါ'

သခင်လေးဝန်သည် လူကောင်းတစ်ယောက်လို ပြောဆို

www.burmeseclassic.com

www.burmeseclassic.com



နေရုံမျှမက အနားသို့ပင် တိုးကပ်လာတော့သည်။

သို့သော် တုံထန်းကျက ကမန်းကတန်း လှမ်းတား
လိုက်သည်။

'ဒုတိယသခင်လေး ငြိမ်ငြိမ်လေး ထိုင်နေစမ်းပါဗျ'

'ဘာလဲဗျ၊ ကျုပ်ဘာသာ မိတ်ဆွေဖွဲ့တာကို ခင်ဗျား
တားနေရသေးသလား'

တုံထန်းကျက ရယ်သွမ်းသွေးပြီး ပြန်ပြောသည်။

'ဒုတိယသခင်လေးတလည်းဗျာ၊ သခင်လေးဆန္ဒကို ဖ
မဖျက်ရဲပါဘူး၊ ခုလို တားမြစ်ရတာက သခင်လေးရဲ့ကြွေးကို
တောင်းချင်လို့ပါ'

'ဒီလိုဆိုလည်း ပြီးရော... ပြီးရော... ကြွေးဆို
ပြန်ပြန်ယူနိုင်မှ ကောင်းတာ၊ တောင်း တောင်း တစ်မြားမှ
ချန်မထားနဲ့'

သခင်လေးဝန်က ကုလားထိုင်တစ်လုံးတွင် အေးအေး
ဆေးဆေး ထိုင်ချလိုက်သည်။

အခြေအနေကို အကဲမပြတ် စောင့်ကြည့်နေသေ
ငွေတိုင်ကြီးခုန်ဖန်းသည် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်လာ
ပျာပျာသလဲ တောင်းပန်လာသည်။

'ဆရာကြီးတို့... ဆရာကြီးတို့ မလုပ်ပါနဲ့... မလုပ်
ဗျာ၊ အေးအေးဆေးဆေး လုပ်ကြပါ၊ တော်ကြာ ... တော်

'တော်စမ်း... ခင်ဗျား ပါးစပ်ပိတ်ထားရင်ကောင်းမ



ခင်ဗျားက ခုချိန်ထိ ကိုးရိုးကားယား လုပ်နေသလား'

'မ... ဟုတ်ပါဘူးဗျာ၊ ကျုပ်ဆရာသူဌေးကြီးက ကျုပ်ကို
အရေးယူမှာ ကြောက်လွန်းလို့ပါ'

ခုန်ဖန်းသည် အလွန်ခြောက်ခြားနေသဖြင့် တုန်တုန်
ယင်ယင် ဖြစ်နေတော့သည်။

သို့သော် တုံထန်းကျက အလျှော့မပေးချေ။

'အကောင်းဆုံးက ခင်ဗျား ပါးစပ်ပိတ်ပြီး နောက်ဆုတ်နေ
ပါ၊ ဒီလိုမှ မဟုတ်ရင် ခင်ဗျားကိုယ်ထဲက သွေးတွေ ပန်းထွက်လာ
လိမ့်မယ်၊ ခင်ဗျားဆရာ ဆန်းကြွယ်သူဌေးကြီးရဲ့ ဒေါသထွက်မှုကို
ကျုပ် တာဝန်ယူတယ်၊ ဟိုတယ်မန်နေဂျာ ငွေတိုင်ခုန်ဖန်းက
ဆန်းကြွယ်သူဌေးရဲ့ ညီဝမ်းကွဲပဲ ဖြစ်နေတာတာ ဆန်းတော့
မဆန်းပါဘူး၊ ခုကိစ္စမှာ မဆိုင်တဲ့လူတွေကို လုံးဝ မထိခိုက်စေရ
ဘူးလို့ ကျုပ် ကတိပေးတယ်'

ခုန်ဖန်းသည် မည်သို့မျှ မတတ်သာတော့သဖြင့် နောက်
ဆုတ်လိုက်ရတော့သည်။

မူးယစ်သောက်စားပြီး ပျော်ပါးနေကြသော ဧည့်သည်
တော်များသည် 'သွေး' ဟူသောစကားကို ကြားလိုက်သည်နှင့်
ထိုင်နေရာမှ ထလိုက်ကြသည်။

သို့သော် တုံထန်းကျက ထွက်ပေါက်ကို ပိတ်ပြီး ရပ်နေ
လိုက်သဖြင့် အားလုံး ပြန်ထိုင်လိုက်ကြရသည်။

တုံထန်းကျသည် ဧည့်သည်တော်များကို တစ်ယောက်ချင်း-

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်ပြီးမှာ ရှေ့ကို တစ်လှမ်းချင်း ပြန်တိုးလာသည်။

သူ့ဟန်အမူအရာက သွေးအေးအေးနှင့် ရက်စက်မည့်ပုံမျိုးဖြစ်သည်။

တုံထန်းကျသည် တည်တည်ငြိမ်ငြိမ် ရပ်လိုက်ပြီးသည်နှင့် သိုင်းသမားဝတ်စုံနှင့်လူနှစ်ယောက်ကို စိုက်ကြည့်လိုက်သည်။

'ကျုပ်မေးတာကို ဖြေပါ၊ ကျုပ်တို့ရဲ့ သခင်လေးကို စော်ကားကားရိုက်ခဲ့တာ ဘယ်သူလဲ၊ ယောက်ျားဆိုတာ အမှန်တရားကို ရင်ဆိုင်ရဲရတယ်၊ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်ပါ၊ ယောက်ျားလား မိန်းမလျှာလားဆိုတာ'

တုံထန်းကျ၏စကားသည် ကာယကံရှင်၏အရိုက်ကို တည့်တည့်ကြီး ထိုးလိုက်နိုင်သည်။

သိုင်းသမားဝတ်စုံဝတ်ထားသော လူနှစ်ယောက်သည် အံကို တင်းခနဲ ကြိတ်လိုက်သည်။

ထို့နောက် လက်ဝဲဘက်ခုံတွင် ထိုင်နေသူက ခပ်မိုက်မိုက် ပြန်ပြောသည်။

'ကျုပ်ရှေ့မှာ တိုးရိုးကားရား လုပ်နေလို့ ဆုံးမလိုက်တာ ခင်ဗျားသခင်လေးဆိုတဲ့အရူးကို ရိုက်တာ ကျုပ်ပဲ၊ ခင်ဗျား ဘာလုပ်ချင်သလဲ'

'ဟဲဟဲ. . . ခင်ဗျားဟာ မိုက်မဲသူဝီပီ လူမိုက်စကားကို ပြောလာတာကိုး၊ အမှန်တို ဝန်ခံရဲတဲ့သတ္တိတိုတော့ ချီးကျူးပါတယ်ဗျာ၊ ဟဲဟဲ. . . ဒါနဲ့ ခင်ဗျား နားလည် ထားဖို့က ယန်ကျိုး



မြို့တော်ဟာ ကေရာဇ်ဘုရင်မင်းမြတ်ရဲ့ အာဏာစက်အောက်မှာ ရှိနေတဲ့မြို့တော်ပါ၊ တရားဥပဒေ စိုးမိုးမှုအောက်မှာ ရှိနေတဲ့ မြို့တော်ပါ။ ဒါကို ဂရုမပြုဘဲ မိတ်ဆွေက ဘာဖြစ်လို့ အကြမ်းဖက်ရတာလဲ'

'ကျုပ်မှာ ဖြေရှင်းနေဖို့ အချိန်မရှိဘူး၊ တိုတိုပြောရရင်တော့ ရိုက်ချင်လို့ ရိုက်တာပဲ၊ ရိုက်ချင်စရာကောင်းလို့ ရိုက်တာပဲ'

'မိတ်ဆွေရဲ့စကားကို ကြားရလို့ မိတ်ဆွေဟာ သိုင်းပညာအတော် ထက်မြက်သူ ဖြစ်လိမ့်မယ်ထင်တယ်၊ ကဲ. . . မိတ်ဆွေ ကျေးဇူးပြုပြီး ထိုင်ရာက ထလိုက်ပါ'

'အိုး. . . ကျုပ်က ဘာဖြစ်လို့ ထရမှာလဲ၊ ကျုပ်ကို ဒီလို အမိန့်ပေးလို့ ရမယ် ထင်နေသလား'

'ဟဲဟဲ. . . ကျုပ်စေတနာက ဘေးလူတွေကို မထိခိုက်စေချင်လို့ပါဗျာ၊ အထက်စီးကြီးနဲ့ အမိန့်ပေးနေတာ မဟုတ်ပါဘူး'

'တော်တော်နားထောင်လို့ကောင်းတဲ့ စကားလုံးတွေပဲ၊ ကဲ. . . ခင်ဗျားရဲ့တိုက်ကွက်ကိုသာ ထုတ်လိုက်ပါ၊ ကျုပ်အဆင့်သင့်ရှိနေပါတယ်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ကျုပ်ရဲ့သခင်လေးကို ခင်ဗျား ဘယ်ဘက်လက်နဲ့ ရိုက်ခဲ့သလဲဆိုတာ သိပါရစေ'

သိုင်းဝတ်စုံနှင့်လူသည် ဘာစကားမျှ မပြောတော့ဘဲ သူ၏ညာဘက်လက်ကို မြှောက်ပြလိုက်သည်။ ထို့နောက်. .

'ခင်ဗျားရဲ့သခင်လေးကို ရိုက်နက်ခဲ့တဲ့လက်ဟာ ဟောဒီ

www.burmeseclassic.com

www.burmeseclassic.com



ရွှေညာလက်ကလေးပဲ ဟဲဟဲ၊ တဲ. . . ခင်ဗျားမှာ အစွမ်းရှိရင်
ဟောဒီလက်ကို ဖြတ်ယူလိုက်ပါ'

'ဟုန်ကဲ့ ကျုပ် ရအောင်ယူပြပါမယ်။ ကျုပ်က ခင်ဗျား
မပေးချင်မှာကိုပဲ စိုးရိမ်နေတာပါ'

တုံထန်းကျူသည် ဖြည်းဖြည်းချင်း တိုးကပ်လာနေသည်။

သိုင်းသမားဝတ်စုံနှင့်လူသည် မြှောက်ထားသောလက်ကို
မသိမသာ ရုတ်သိမ်းနေသည်။

'ဟဲဟဲ. . . ကျုပ်က အဲဒီရွှေညာလက်တလေး တစ်ဘက်
ကိုပဲ ယူချင်တာပါ'

တုံထန်းကျူ၏ လှုပ်ရှားမှုသည် အေးစက်စက် နိုင်သ
လောက် ကြောက်စရာကောင်းသည်။

ညာဘက်ခုံတွင်ထိုင်နေသော လူသည် သူ့ရောင်းရင်းကို
မသိမသာကြည့်ရင်း အသားတဆတ်ဆတ်တုန်နေပြီး၊ နီရဲနေသော
မျက်နှာသည်ပင် ဖြူဖပ်ဖြူရော် ဖြစ်လာနေလေပြီ။ ကြောက်စိတ်
ကြောင့်လော၊ ဒေါသကြောင့်လော။ ခွဲခြားမရပေ။

စည့်ခန်းဆောင်ကြီးထဲတွင် ရှိနေကြသော ဧည့်သည်တော်
များကား ရင်တထိတ်ထိတ်ဖြစ်နေသည်။ အသက်ကိုပင် ပြင်းပြင်း
မရှူဝံ့ကြတော့။ လူအချို့သည် ချွေးစေးများပင် ထွက်နေသည်။

စောစောက ကျားတစ်ကောင်လို ရဲရင့်လှသော လက်ဝဲ
ဘက်မှလူသည် တုံထန်းကျူကို မျက်ခြေမပြတ် ကြည့်ရှုနေသော်
လည်း ရင်ထဲတွင်မူ ချွေးခုန်နှုန်းက တဒိန်းဒိန်း မြည်နေသည်။



ခြောက်သွေ့နေသောအကျီင်္ပြပင် ချွေးများစိုရွှဲနေလေပြီ။

တုံထန်းကျူ၏ မာဆတ်ဆတ်စကားသံသည် တိတ်ဆိတ်မှု
ကို ဖြိုခွင်းပစ်လိုက်သည်။

'ခင်ဗျားက ကျုပ်ရဲ့သခင်လေးကို ရိုက်နှက်ခဲ့တယ် ဟုတ်
သား'

ကာယကံရှင်သည် ဘာမျှ မဖြေတော့။

ထိုစဉ် ညာဘက်ခုံမှလူသည် ခါးကြားမှ ဓားကို ဖြုတ်ယူ
လိုက်ပြီး အနီးသို့ ရောက်လာသော တုံထန်းကျူနံကြားကို လှမ်းထိုး
လိုက်တော့သည်။

သူ၏တိုက်ကွက်သည် တုံထန်းကျူက ဝဲဘက်ခုံပေါ်မှ
သူကို အာရုံစိုက်နေစဉ် ထွက်ပေါ်လာသောတိုက်ကွက်ဖြစ်သဖြင့်
နိုင်နိုင်တိကျပြီး ရက်စက်သည်။

သို့သော် တုံထန်းကျူကလည်း လျှပ်ပြက်သလို မြန်နေ
သည်။ ညာဘက်လူ၏ဓားဦး ခါးကြားထဲ တန်းဝင်လာသည်နှင့်
နောက်ကို ဖျတ်ခနဲ ဆုတ်ပစ်လိုက်ပြီး လက်နှစ်ဘက်ကို ဖယ်ဆက်
အောင် လှုပ်ရှားလိုက်သည်။

ညာဘက်မလူ၏ ဓားသည် သူ့လက်ထဲသို့ရောက်လာပြီး
ထိုလူသည် ထိုင်ခုံပေါ်မှ ဘိုင်းခနဲ ပြုတ်ကျသွားသည်။

'အဆင့်မြင့် တိုက်ကွက်ပါလား'

အခြေအနေကို မျက်ခြေမပြတ်ကြည့်နေသော အကျိနက်
နှင့်လူငယ် မော်လင်က အားရပါးရ ချီးကျူးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တုံထန်းကျော ပြုံးပြီး ပြန်ပြောသည်။

'ချီးကျူးလောက်အောင်ကောင်းတဲ့ တိုက်ကွက်မဟုတ်သေးပါဘူး ငါညီ'

တုံထန်းကျော်သည် စကားဆုံးသည်နှင့် လက်ထဲမှဓားကို ဝှီးခနဲမြည်အောင် ပစ်လွှတ်လိုက်ပြန်သည်။

'ဒုတ်. . .'

ဓားသည် သိုင်းသမားဝတ်စုံနှင့်လူနှစ်ယောက် ထိုင်နေသည့်စားပွဲတွင် စိုက်နစ်သွားသည်။ ဓားရှိုး၏တုန်ခါမှုကြောင့် အလင်းတန်းများပင် ပြိုးပြိုးပြက်ပြက်ဖြစ်သွားသည်။

ထိုအချိန်မှာပင် လက်ဝဲဘက်မှလူ၏ လက်သီးက ဝုန်းခနဲ ဝင်လာတော့သည်။ လက်သီးသည် တုံထန်းကျော်၏ရင်ညွန့်ရိုးကို ချိုးလိုက်သော လက်သီးဖြစ်သည်။

သို့သော် တုံထန်းကျောာ အားပါ ပြင်းထန်လှသော လက်သီးချက်ကို ကိုယ်ကိုယိမ်းပြီး အသားလေး ရှောင်ပေးသွားသည်။

ဝဲဘက်မှလူသည် သူ၏ထိုးချက် လွဲချော်သွားသဖြင့် ဒေါင်းနပန်းကြီးသွားပြီး တန်းနေသောလက်ကို ချက်ချင်း ပြန်ရုပ်လိုက်သည်။

သို့သော် သူ၏ ရုပ်သိမ်းမှုသည် နှေးကွေးသော ရုပ်သိမ်းမှုဖြစ်နေသည်။

တုံထန်းကျော်၏လက်ထစ်ဘက်ကို ရိုပ်ခနဲ မြင်လိုက်ရပြီး နောက် 'ဖြောင်း' ဟူသော အသံကြီး မြည်ထွက်သွားတော့သည်။



'အား. . . အား. . .'

ဝဲဘက်မှာ ဖယ်သံပါအောင် အော်လိုက်သံသည် ခန်းမဆောင်ကြီးတစ်ခုလုံး ဆူညံသွားသည်။

သူ၏ညာလက်သည် သွင်သွင်ကျိုးသွားခဲ့ချေပြီ။

ဝဲဘက်မှလူသည် ဝုန်းခနဲ ဖင်ထိုင်ကျသွားသည်။

'နောက်မှာ. . . သတိထား. . .'

အကျိုနက်နှင့်မော်လင်က လဲနေရာမှာ ပြန်ထလာသောလူကိုကြည့်ရင်း အလန့်တကြား အော်သည်။

တုံထန်းကျောကို နောက်ကျောမှနေ၍ ဓားနှင့်ထိုးရန် ထလာသောလူသည် မမျှော်လင့်သောအော်သံကြောင့် တွန့်ခနဲ ဖြစ်သွားသည်။

'တျုပ် သတိမပြတ်ပါဘူး မိတ်ဆွေ'

တုံထန်းကျော ပြောပြောဆိုဆို ကိုယ်ကို ချာလပတ် လှည့်ပစ်လိုက်သည်။

နောက်ကျောမှလူသည် ထိတ်ခနဲ ဖြစ်ပြီး ဖျတ်ခနဲ နောက်ဆုတ်သွားသည်။

'ခင်ဗျားက မိန်းမကျင့် မိန်းမကြံနဲ့ လုပ်ကြံတယ်ပေါ့ဟုတ်လား၊ တဲ. . . ဒီလောက်တောင်ဖြစ်လှတဲ့ ခင်ဗျားလက်ထဲက ဓားနဲ့ ခင်ဗျားကိုယ်ထဲက သွေးတွေကို ဖောက်ထုတ်ပစ်ရမယ်ကဲ. . .'

တုံထန်းကျော်ရှေ့တိုးလာစဉ် ထိုလူသည် ဘယ်ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်ခနဲ ရွေ့သွားသည်။

'ကြောက်သွားပြီလား မိတ်ဆွေ . . . ဟဲ ဟဲ။ ယောကျ်ား ဆိုတာ လုပ်ရဲရင် ခံရဲရတယ်၊ ကျုပ်က နားလည်မှုမရှိတဲ့ ခင်ဗျားရဲ့ နားရွက်လေးတစ်ဘက်ကို ဖြတ်ရုံကလေး ဖြတ်မှာပါ၊ စိတ်တော့ မဆိုးနဲ့မိတ်ဆွေ ဟဲဟဲ. . .'

တုံထန်းကျသည် မျက်တောင်တစ်ခတ်အတွင်း ထိုလူ၏ ကျောဘက်သို့ ရောက်သွားသည်။

ထိုလူသည် ကိုယ်ကို အသာစောင်းလှည့်လိုက်ပြီး ဓားနှင့် ဝင်ထိုးတော့သည်။

ထို့သော် သူ့လက်ထဲမှ ဓားသည် တုံထန်းကျလက်ထဲသို့ လျှက်ပြက်သလို ရောက်ရှိသွားပြန်သည်။

'ကဲ. . . ခင်ဗျား နားရွက်နဲ့လက်ကို ဖြတ်ယူလိုက်တော့ မယ်. . . ကဲ. . .'

'တုံထန်းကျ ရပ်စမ်း'

ကျယ်လောင်မြည်ဟည်းသော ဟန့်တားသံသည် မိုးခြိမ်း သံအလား မြည်ဟိန်းသွားသည်။

တုံထန်းကျသည် မြှောက်တက်သွားသောလက်ကို အချိန်မီ ရုပ်သိမ်းလိုက်နိုင်သည်။ ဤအပြုအမူသည် သိုင်းပညာရှင်တိုင်း လုပ်၍ရသော အပြုအမူ မဟုတ်ချေ။ ထုတ်ပြီးသော အားအရှိန်ကို အချိန်မီ ရုပ်သိမ်းနိုင်ခြင်းသည် အတွင်းခွန်အား ကြီးမားခြင်း၏ လက္ခဏာဖြစ်နေသည်။



တုံထန်းကျသည် ဓားကို ရုပ်သိမ်းပြီးသည်နှင့် နောက်ဆုတ် ကာ ခေါင်းငုံ့နေလိုက်သည်။ ဟန့်တားသူသည် အပေါက်ဝတွင် ရပ်နေလေပြီ။

တုံထန်းကျက ထိုလူကို ခပ်အေးအေးပင် လှမ်းပြောသည်။

'ဆရာကြီးရွှေကိုယ်တိုင် ရောက်လာတာကိုး'

ဧည့်သည်များ၏ မျက်လုံးသည် ဆရာကြီးရွှေဆိုသူထံ ရောက်သွားကြသည်။

ဆရာကြီးရွှေဟု အခေါ်ခံလိုက်ရသူသည် ဝဖြိုး ပုသည်။ မျက်ခုံးမွေးသေးပြီး မျက်ပေါက်ကျဉ်းသည်။ သို့သော် သေးငယ်သော မျက်လုံးသည် ထူးခြားစွာ တောက်ပြောင်သည်။ သူ့ရုပ်သွင်ဟန်က မြင်ရသူတိုင်းကို ကျောချမ်းသွားစေမည့် ရုပ်မျိုးဟန်မျိုးဖြစ်သည်။ သို့သော် ထိုလူက သိမ်မွေ့စွာ ပြုံးပြနေသည်။ ရေလိုအေးသည့် အပြုံးလော၊ မီးလို ပူမည့် အပြုံးလော မည်သို့မျှ မသိနိုင်သေးချေ။

ဆရာကြီးရွှေသည် သခင်လေး ဝန်ရင်မော်ကို ပြုံးပြီး နှုတ်ဆက်လိုက်သည်။

'သခင်လေး၊ သခင်မက သခင်လေးကို စိတ်မချလို့ ကျုပ် ကိုယ်တိုင် လိုက်သွားပါဆိုလို့ ခုလို လိုက်လာခဲ့တာပါ'

အရှုံးလှငယ် သခင်လေး ဝန်ရင်မော်က ဘာမျှ ပြန် မပြောပေ။ အထိုက်အလျောက်သာ ပြန်ပြီး ပြုံးပြသည်။

တုံထန်းကျက ရှေ့ကို တစ်လှမ်းတိုးပြီး အဖြူအမျက် များကို တစ်လုံးချင်း ပြန်ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



တုံထန်းကျသည် ကျိုမိသားစုအိမ်တော်တွင် အိမ်ထိန်းကြီးဖြစ်သည်။

ဆရာကြီးရွှေဆိုသူကား တုံထန်းကျထက် ရာထူး တစ်ဆင့်ကြီးသူဖြစ်သည်။

ဆရာကြီးရွှေ ရောက်လာကတည်းက ဧည့်သည်များ၏ မျက်လုံးများသည် ဆရာကြီးရွှေကိုယ်ပေါ်သို့ ကျရောက်နေကြသည်။

သူတို့ စကားကောင်းနေစဉ် အကျီနက်နှင့်မော်လင်က အကျီနက်နှင့် အဒေါ်ရှန်းဆိုသူ အမျိုးသမီးကို လှမ်းမေးလိုက်သည်။

'သူကဘယ်သူလဲ အဒေါ်'

'မသိဘူး'

ထိုစဉ် သခင်ကြီးရွှေဆိုသည့် ပုပုဝဝလူက သိုင်းသမားဝတ်စုံဝတ်လူနှစ်ယောက်ကို ပြုံးပြီး လှမ်းမေးသည်။

'ခင်ဗျားတို့နှစ်ယောက်က ဘယ်သူတွေလဲ'

လက်ကျိုးသွားသော သိုင်းသမား က မရဲတရဲဖြေသည်။

'ကျုပ်တို့က မြွေ. . . မြွေစခန်းကပါ'

'ဪ. . . ဪ. . . စခန်းလေးချ ရဲတိုက်နှစ်တိုက်က မိတ်ဆွေတွေကိုး၊ စခန်းရှင်ကြီးစက်ရဲ့ ညီအစ်ကိုတော်တွေပါလား မမျှော်လင့်ဘဲ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ကြတာကို စိတ်မကောင်းပါဘူး၊ စက် ကိုယ်တိုင်လာရင်လည်း ကျုပ်က ရန်မဖြုပါဘူး ဒီစကားကို အကျီဖြူမိတ်ဆွေဟောင်းက မှာကြားလိုက်ပါ



အကြောင်း ပြောလိုက်ပါ၊ ခုလို ဖြစ်ပွားရတဲ့ကိစ္စကို မကျေလည်ရင် ကျုပ်ကို ဖိတ်ကြားပါ၊ ကျုပ် စင်ယန်မြို့ကို အရောက်လာခဲ့ပါမယ်၊ ကျုပ်ဟာ ကျိုမိသားစုအိမ်တော်က အမှုထမ်းတစ်ယောက်ပါ၊ ကျုပ်တို့ကျူးလွန်မိတဲ့ကိစ္စကို ကျုပ်တို့ ရဲရဲဝံ့ဝံ့ တာဝန်ယူပါတယ်'

ဆရာကြီးရွှေဆိုသူ၏ စကားက ပပေါ့ဆဲ့ဆန်သည်၊ လိမ္မာပါးနပ်ပြီး လျှို့ဝှက်သည်။

ဤအချက်ကို အရှုံးသမားနှစ်ယောက်စလုံး ကောင်းကောင်း သဘောပေါက်ကြသည်။

ဆရာကြီးရွှေဆိုသူ၏စကားများသည် စခန်းရှင်ကြီး စက်ကိုပင် ဂရုမစိုက်သည့်စကားမျိုးဖြစ်သည်။

ဤအတိုင်းဆိုလျှင် မိမိတို့ ဤနေရာတွင် ဆက်နေ၍ မသင့်တော့ချေ။

အရှုံးသမားနှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် မျက်ရိပ်ပြပြီး အပေါ်ထပ် ကောင်တာရှိရာသို့ လျှောက်သွားသည်။

ဤတွင် အကျီဖြူဝတ် ဆရာကြီးရွှေက ခပ်ကျယ်ကျယ် လှမ်းပြောလိုက်သည်။

'မိတ်ဆွေတို့ ခင်ဗျားတို့ စားပွဲဝိုင်းက စားသောက်ခကို ရှင်းသွားစရာ မလိုပါဘူး၊ ကျုပ်ကပဲ ဧည့်ခံတဲ့အနေနဲ့ တာဝန်ယူပါတယ်'

အရှုံးသမားနှစ်ယောက်သည် အကျီအိတ်ထဲမှ ငွေတုံးက

www.burmeseclassic.com

www.burmeseclassic.com



လေးများကို ယုတ်ပြီးမှ ပြန်ထည့်ထားလိုက်ရသည်။

ထို့နောက် နောက်ကိုပင် လှည့်မကြည့်တော့ဘဲ အောင်ထပ်သို့ ပြေးဆင်းသွားကြသည်။

▶▶ ◀◀



## အခန်း (၅)

## ထူးခြားသော ရှက်လေ့

အကျိဖြူဝတ် ဆရာကြီးရွှေသည် သက်ပြင်းဟင်းခနဲ ချပြီး ...ည့်သည်များတို့ လိုက်ကြည့်နေပြန်သည်။

ထို့နောက် အကျီနက်နှင့် မော်လင်ကို မတွေ့ရသဖြင့် ...ကျယ်ကျယ်အော်ပြောလိုက်သည်။

'အကျီနက်နဲ့ ညီလေးလီ ဘယ်ရောက်သွားပါသလဲ'

'ရှိပါတယ်၊ ကျွန်တော်ဒီမှာ ရှိနေပါတယ်၊ မိတ်ဆွေကြီး ...ဘာပြောချင်လို့ပါလဲ'

စားပွဲဝိုင်းတစ်ခုကို ကွယ်ပြီး ထိုင်နေသော မော်လင်က ...ဆတ်ခနဲ ထရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျိုးရိုးအမည် 'လီ' ကို ခေါ်ဝေါ်သုံးနှုန်းလိုက်သဖြင့် အမျိုးအမည်မသိသော ခံစားမှုကို ခံစားလိုက်ရသည်။

အကျိုးဖြုဖတ်ဆရာကြီးရွှေက လက်သီးဆုပ်ပြီး ဂါရဝပြုလာသည်။

'ညီလေးကို သိရတာ ဝမ်းသာပါတယ်၊ ကျေးဇူးပြုပြီး ညီလေးရဲ့နာမည် အပြည့်အစုံကို ပြောပြစေချင်ပါတယ်'

'မသိချင်ပါနဲ့တော့ဗျာ၊ လူကို မြင်ဖူးထားရင် လုံလောက်ပါပြီ၊ ကျွန်တော်ဟာ ကျွန်တော့်နာမည်ကို မှတ်သားထားလောက်တဲ့ အောင်မြင်မှုရှိသူ မဟုတ်သေးပါဘူး'

'ရပါတယ်ငါ့ညီ၊ မသိစေချင်တာကို အတင်းမမေးပါဘူး ဒါဟာ လူယဉ်ကျေးတို့ရဲ့ သဘာဝထုံးစံတစ်ခုပါ။ ...ဒါပေမယ့် ငါ့ညီရဲ့အပြုအမူတွေကို ငါတို့ အများကြီးလေးစားပါတယ်၊ ဒါကြောင့် သခင်ကြီးရဲ့ကိုယ်စား ညှို့ခံဝုဏ်ပြုပွဲလေး ကျင်းပပေးပါရစေ'

'အားနာစရာ ကောင်းပါတယ် ဆရာကြီးရယ်၊ ဆရာကြီးရဲ့ စေတနာကို အထူးလေးစားမိပါတယ်၊ နောင်မှ လုပ်တာပေါ့ အလျဉ်းသင့်တဲ့အခါ ဆရာကြီးတို့ဆီ လာလည်ပါဦးမယ်'

အကျိုးနက်နှင့်မော်လင်က မွှန်မွှန်ရည်ရည် ပြန်ပြောသည်။

'သိပ်ယောမနေပါနဲ့ ငါ့ညီ၊ ကျေးဇူးပြုပြီး အေးအေးဆေးဆေး ပြန်ထိုင်ပါ'

အကျိုးနက်နှင့် မော်လင်ဘည် ထသွားရန် ဟန်ပြင်နေရာမှ



ဟန်မပျက် ပြန်ထိုင်လိုက်ရသည်။

ဆရာကြီးရွှေသည် အသံဩဇာကြီးသော လူတစ်ယောက် ပေတည်း။

ဆရာကြီးရွှေသည် တုံးထန်းကျကို လှည့်ကြည့်လိုက်ပြန်သည်။

'တုံထန်းကျ သခင်လေးကို အိမ်တော်ပြန်ဖို့ ပြောလိုက်စမ်းပါဦး'

တုံထန်းကျသည် ခေါင်းညိတ်ပြပြီး သခင်လေး ဝန်ရှင်မော် အနီးသို့ တိုးကပ်သွားသည်။

အုံ့ဩစရာကောင်းလှသည်။

သခင်လေး ဝန်ရှင်မော်သည် အရှုံးလူငယ်နှင့် မတူတော့ဘဲ တကယ့်လူကောင်းတစ်ယောက်ဟန်နှင့် ထိုင်နေရာမှ ထရပ်လိုက်သည်။

ထိုအချိန်မှာပင် ဆရာကြီးရွှေက ငွေကိုင်ကြီးခုန်ဖန်း အနီးသို့ တိုးကပ်သွားပြီး တိုးတိုးစကား ပြောကြားလိုက်သည်။

ထို့နောက် သူတို့သုံးယောက်စလုံး ညှော်ခန်းထဲမှ ထွက်ခွာသွားကြတော့သည်။

ခုန်ဖန်းသည် ယခုမှ သက်ပြင်းရှည်ကြီး ချလိုက်သည်။

ထိုအချိန်မှာပင် အကျိုးနက်နှင့် မော်လင်က စားပွဲထိုးတစ်ယောက်ကိုလှမ်းခေါ်ပြီး ကျသင့်ငွေများကို ထွက်ခိုင်းသည်။

သူတို့ကို ကြည့်နေသော ငွေကိုင်ကြီးခုန်ဖန်းသည်

www.burmeseclassic.com

www.burmeseclassic.com



တောင်တာပေါ်မှ ဆင်းလာပြီး ကမန်းကတန်း တားမြစ်သည်။

'ငွေချေမလို့လား ဆရာလေး ၊ မလုပ်ပါနဲ့ မလုပ်ပါနဲ့၊ ဆင်းသွားတဲ့ဆရာကြီးက ဆရာလေးတို့ဝိုင်းအတွက် တာဝန်ယူသွားပါပြီ၊ ဆရာလေး ငွေရှင်းဖို့ မလိုတော့ပါဘူး'

'ဟုတ်ရဲ့လား၊ တကယ်ပေးသွားလို့လား'

'ဟုတ်ပါတယ်၊ ကျို့မိသားစုအိမ်တော်က ဆရာကြီးရွှေ ပေးသွားတာပါ'

'ဗျာ. . .'

အကျီနက်နှင့် မော်လင် အံ့ဩသွားသည်။

ငွေကိုင်ကြီးခုန်ဖန်းက. . .

'အားနာမနေပါနဲ့ ဆရာလေး၊ ဆရာကြီးရွှေက ကျို့မိသားစုရဲ့ စေတနာမွန်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံပါလို့ မှာသွားတယ်'

အကျီနက်နှင့် မော်လင်သည် ဘာမျှ မပြောသာတော့သဖြင့် မျက်မှောင်ကြုတ်ပြီး ငြိမ်နေလိုက်တော့သည်။

ဤတွင် အကျီနက်နှင့်အမျိုးသမီးက မော်လင့်ကို မကျေမနပ်ပြောတော့သည်။

'နင်တော်တော် လျှာရှည်တယ်၊ အခြေအနေသာ တစ်မျိုးတစ်ဖုံဖြစ်ခဲ့ရင် ပြဿနာမတက်ပေဘူးလား၊ နောင်ကို အဲဒီလို လျှောက်မလုပ်နဲ့ ၊ ခုလဲ ကိုယ်တစားပြီး သူများက ရှင်းသွားရတယ်ဆို၊ အာမဟုတ်တာနဲ့ ကျေးဇူးတင်နေရမယ့်ကိစ္စ၊ ဘယ်လောက်



အားနာစရာကောင်းလဲ'

အကျီနက်နှင့်အမျိုးသမီးက မကျေမနပ်နှင့် အပြစ်တင်သည်။ မော်လင် စောဒက မတက်တော့၊ မိမိ၏ မနေနိုင်မထိုင်နိုင် စွက်ဖက်မှုသည် အမှန်တရား ဖြစ်သော်လည်း လာရင်းကိစ္စကို အနှောက်အယှက်ဖြစ်ကောင်း ဖြစ်လာနိုင်သည်။ ယခုမှ မိမိ မှားမှန်း သတိပြုမိသည်။

အနားတွင် ရှိနေသေးသော ငွေကိုင်ကြီးခုန်ဖန်းက အကျီနက်နှင့်အမျိုးသမီးကို ထပ်မံရှင်းပြလာသည်။

'အားနာမနေပါနဲ့ ညီမရယ်၊ ဆရာကြီးရွှေက ဘာမှဖြစ်လောက်တဲ့ ကိစ္စမဟုတ်ပါဘူးလို့ တဖွဖွမှာ ကြားသွားပါတယ်၊ သူက စိတ်ကောင်းရှိတဲ့လူတွေကို မပြောပလောက်တဲ့ ချီးကျူးမှု ပြုသွားခဲ့တာပါတဲ့'

အကျီနက်နှင့် မော်လင်သည် ငွေကိုင်ကြီးခုန်ဖန်းကို ကြည့်ပြီး ပြုံးလာသည်။

'ဒါနဲ့ ဆရာကြီးရွှေဆိုတဲ့လူက ရာထူးတော်တော်ကြီးသလားဗျ'

ငွေကိုင်ကြီးခုန်ဖန်းသည် မျက်မှောင်ကြုတ်ပြီး စဉ်းစဉ်းစားစား ဖြေသည်။

'အင်း. . . အဲဒါတော့ ကျုပ်လဲ မသိဘူးဗျ၊ သူ့စကားကို ဆရာကြီးတို့တောင် နားထောင်ရတယ်ဆိုတော့ ဩဇာကြီးတာတော့ အမှန်ပဲ၊ ဘယ်အဆင့်ရှိသလဲဆိုတာတော့ မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'သူ့နာမည် အပြည့်အစုံကကောဗျာ'

'မသိဘူးဗျ၊ ဆရာကြီးရွှေဆိုတဲ့ အခေါ်အဝေါ်ကတော့ တစ်မြို့လုံးက ခေါ်နေတဲ့နာမည်ပဲ'

အကျီနက်နှင့်မော်လင်သည် ဘာမှ ဆက်မမေးချင်တော့ပေ။ အတန်ကြာမှ-

'ငွေကိုင် ခင်ဗျားဟာ ဘာမေးမေး မသိဘူးလို့ ဖြေမယ့်လူစားပါ။ အင်း. . . တို့ရဲ့ သိုင်းပညာတတော့ တော်တော်ကောင်းတဲ့ သိုင်းပညာပဲ၊ သူ့ရာထူးအဆင့်အတန်းကရောဗျာ၊ သူ့နေရာက. . .'

ငွေကိုင်ကြီးခုန်ဖန်းသည် အကျီနက်နှင့်မော်လင်၏စကားအဆုံးကို နားမထောင်တော့ဘဲ မကျေမနပ် ဖြေကြားလာသည်။

'တို့ဟာ ကျိုမိသားစုအိမ်တော်ရဲ့ အိမ်ထိန်းကြီးပဲ၊ အားလုံးကသူ့ကို ဆရာကြီးတို့လို့ပဲ ခေါ်ကြတယ်'

အကျီနက်နှင့် မော်လင်က ခေါင်းညိတ်ပြလိုက်သည်။

'တုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ ဆရာကြီးရွှေတို့ကို အထူးကျေးဇူးတင်ကြောင်း ပြောပေးပါ။ ကဲ. . . ကျွန်တော်တို့ကို ခွင့်ပြုပါဦး'

မော်လင်နှင့် အမျိုးသမီးသည် ခုန်ဖန်းကို နှုတ်ဆက်ပြီးသည်နှင့် အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။

ထိုအချိန်မှာပင် အခန်းထောင့်တစ်နေရာတွင် ငြိမ်ကုပ်နေခဲ့သော အကျီစိမ်းနှင့်အဘိုးကြီးသည် ထိုင်ခုံနေရာမှ ဆတ်ခနဲ



ထပြီး ငွေရှင်းတော့သည်။ ပြီးသည်နှင့် ဟိုတယ်ကြီးကို ကျောခိုင်းသွားတော့သည်။

နောက်သို့ပြန်ကြည့်လိုက်သောအခါ ကျန်ရစ်ခဲ့ပြီဖြစ်သော ဟိုတယ်ကြီးပေါ်မှ အလင်းရောင်စုံများကို မြင်ရသည်။ ကပွဲခန်းမဆီမှ တေးသံများကိုမူ ခပ်သဲ့သဲ့ကြားနေရသေးသည်။

အကျီနက်နှင့် အမျိုးသမီးသည် ခပ်ဖြည်းဖြည်းလျှောက်နေရာမှ တိုးတိုးပြောလာသည်။

'မော်လင် နောင်တို့ စကားပြောရင် ဆင်ခြင်ပြောပါ၊ စကားအများကြီး ပြောတာထက် နားထောင်တာက ပိုပြီးတန်ဘိုးရှိတယ်၊ သိုင်းလောကအကြောင်းကို မင်း သိပ်နားမလည်သေးဘူး၊ စကားတစ်လုံးကြောင့် အသက်ပျောက်ရတဲ့အဖြစ်တွေ အများကြီးရှိတယ် သိရဲ့လား'

မော်လင် ခုမှ နောင်တ ရလာသည်။

'ထုတ်ပါတယ် အဒေါ်ရှန်၊ ကျွန်တော်တာ ဒီအထိ ပြဿနာတက်မယ် မထင်လို့ပါ'

'အတွေ့အကြုံက စကားပြောတယ်ဆိုတာ အဲဒါပဲ၊ သိုင်းလောကမှာ ကျက်စားသူဟာ အမွေးမြင်ရုံနဲ့ အပင်သိရမယ်၊ အသိအမြင်ကြွယ်ဖို့ အရေးကြီးသလို နား၊ မျက်စိ လျှင်ဖို့လည်း အရေးကြီးတယ်၊ ဒါကြောင့်လည်း ပညာရှိ သူခမ်းတွေက 'ဘဝထဲက အသိပညာသာ တန်ဘိုးအရှိဆုံး' လို့ ဆိုခဲ့တာ ခေါစောက

www.burmeseclassic.com

www.burmeseclassic.com



ငွေကိုင်ကြီးခုန်ဖန်းဟာ လျှို့ဝှက်တဲ့လူတစ်ယောက်ပဲ၊ သူဟာ ရိုးရိုးငွေကိုင် မဟုတ်နိုင်ဘူး၊ သူ့ခေါင်းထဲမှာ တောက်ကျစ်မှုနဲ့ လျှို့ဝှက်မှုတွေ အပြည့်ရှိတယ်၊ ပါးလည်းပါးနပ်တယ်၊ မင်း သတိထားမိရဲ့လား'

'မထားမိဘူး၊ ကျွန်တော်က သူ့ကို လူကောင်းတစ်ယောက်လို့ ထင်နေတာ'

'အဲဒီလိုထင်ရင် မှားမှာပေါ့၊ သူလိုလူမျိုးက သခင်ကြီးရွှေရဲ့ ရာထူးအဆင့်အတန်းနဲ့ အမည်အပြည့်အစုံကို မသိဘူးဆိုတာ အမှန်စကား မဟုတ်ဘူး၊ ထိန်ဝှက်လိမ်ညာနေတာ၊ ဒီအချက်က ထူးခြားချက်ပေါ့၊ သူနဲ့ သခင်ကြီးရွှေတို့ ဆက်ဆံရေးကို ကြည့်ရုံနဲ့ သူတို့ရဲ့အခြေအနေကို ငါ ရိပ်မိတယ်'

'ဘယ်လို. . . ခုန်ဖန်းက လူညာကြီးပေါ့၊ ဟုတ်လား၊ သိလျက်နဲ့ မသိဘူးလို့ ညာတာပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ ဒီအတိုင်းပဲ ဖြစ်ရမယ်၊ သူတို့ဟာ လျှို့ဝှက်ဆက်သွယ်နေတဲ့လူတွေ မုချဖြစ်ရမယ်'

'ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်တော်တို့က သူတို့ကို မကောင်းကြံဖို့ ရောက်လာတာမှ မဟုတ်ပဲ'

'ဒါက ဘက်တစ်ဘက်ရဲ့သဘောထားပါ၊ မင်းတာဝန်ယူရမှာက ဘယ်သူနဲ့တွေ့တွေ့ စကားနည်းနည်းပြောပြီး များများ နားထောင်ဖို့ပဲ၊ သိုင်းလောကဆိုဟာ သမုဒ္ဒရာလို ကျယ်ပြောတယ်၊ အကောင်းရှိသလို အဆိုးလည်းရှိတယ်၊ နောက်တစ်ခုက သိုင်း



လောကဆိုတာ အတ္တလောက၊ အတ္တလောကဟာ တောက်ကျစ်မှု မျိုးစုံတယ်၊ တစ်ခါတစ်ခါ ဘယ်လိုမှ တွေးမယူနိုင်တဲ့ တောက်ကျစ်မှုတွေကို အံ့ဩဘွယ် တွေ့ကြုံရတဲ့လောကပဲ၊ ဒီတော့ သူတို့ကလည်း ငါတို့ကို လွယ်လွယ်ကူကူနဲ့ လူကောင်းတွေလို့ သတ်မှတ်ထားမှာ မဟုတ်ဘူး'

'ဟုတ်တယ်အဒေါ်ရှန်း၊ အဒေါ်ရှန်းပြောမှ ကျွန်တော် သဘောပေါက်ဘယ်၊ တကယ်တော့ ကျွန်တော် ဗဟုသုတ နည်းနေတာဟာ မေမေ့ကြောင့်ဗျ၊ မေမေက ကျွန်တော့်ကို မေရှ (ဇီးပန်းချောင်)က ထွက်ခွာခွင့် မပေးခဲ့တာဟာ တော်တော်ကြီးတဲ့ကိစ္စဗျ'

'အပြစ်တင်မနေပါနဲ့လေ၊ အတွေ့အကြုံ ဗဟုသုတဆိုတာ နည်းရာက များလာရတာချည်းပဲ၊ ရှေ့လျှောက် သတိကြီးကြီး ထားဖို့သာ အရေးကြီးတာ'

'အဒေါ်ရှန်းက အားကြီးစိတ်ပူတတ်တာကိုး၊ တစ်လမ်းလုံး သတိတွေချည်း ပေးနေတာပဲ၊ ဟား. . . ဟား. . .'

'ငါက နင်ကောင်းစေချင်လို့ လေကုန်ခံပြီး ပြောနေတာဟဲ့'

မော်လင်သည် ဘာစကားမျှ မပြောဘဲ ငြိမ်သက်သွားပြန်သည်။

'ဒါနဲ့ ခုန်ဖန်းရဲ့ ထူးခြားချက်ကို နင်သတိထားမိရဲ့လား၊ တစ်ခြားလူတွေထက် ဘာတွေ ထူးခြားနေသလဲ'

'ဟို. . . အင်း. . . ကျွန်တော် ဘာမှ မတွေ့မိပါဘူးဗျာ'

www.burmeseclassic.com



'ဟင်း. . . ဟင်း. . . အဲဒါအရေးကြီးတဲ့အချက်ပဲ မော်လင်ရဲ့ သိုင်းလောကသားတစ်ယောက်ဟာ လူကဲခတ်ကောင်းဖို့လည်း အရေးကြီးတယ်၊ သူ့ရဲ့မျက်လုံးအရောင်နဲ့ သွားလာလှုပ်ရှားမှုတွေဟာ အင်မတန် အဆင့်မြင့်တဲ့ သိုင်းသမားကြီးတစ်ယောက်ပဲ၊ သူ့ပညာက ငါတို့ ဝီမန်းချောင်က လက်ရွေးစင်သိုင်းပညာတွေထက်တောင် ကောင်းပုံရနေတယ်'

'အဒေါ်ရှန်း တကယ်ပြောနေတာလား'

'တကယ်ပေါ့ နင့်ကို ညာဖို့ လိုလို့လား၊ မယုံရင် စောင့်ကြည့်နေ ငါတွက်တာ မလွဲနိုင်ဘူး'

'ဟုတ်မှလည်း လုပ်ပါ အဒေါ်ရှန်းရယ်၊ သိန်းနဲ့ချီပြီး ချမ်းသာနေတဲ့ မန်နေဂျာတစ်ယောက်ဟာ ဆရာမ သိုင်းပညာရှင်ကြီး ဖြစ်နိုင်ပါ့မလား'

'ဒီအချက်ဟာ အတွေ့အကြုံ စကားပြောတဲ့အချက်ပဲ၊ သိုင်းသမားဆိုတာ တစ်လောကလုံးမှာ ရှိနေတာကွယ့်၊ မင်းက မြို့လယ်ခေါင် လူမြင်ကွင်းက မန်နေဂျာတစ်ယောက်မို့ သိုင်းသမားမဟုတ်ဘူးလို့ တွက်နေတာ မဟုတ်လား၊ ဟင်း. . . ဟင်း. . . သေသေချာချာ မှတ်ထား၊ သိုင်းသမားကောင်းတွေဟာ တောတောင်တွေထဲမှာ နေကြသလို မြို့တွေပေါ်မှာလည်း ရှိနေကြတာပဲ၊ [illegible]ကြောင်းနဲ့ သူတို့ ထင်ထင်ပေါ်ပေါ် ရှိသလို လျှို့ဝှက်ပြီး ရှိနေတာတွေလည်း အများကြီးပဲ'

'ဒီအချက်ကို ကျွန်မိသားစုက မသိဘဲ နေပါ့မလား'



'အင်း. . . ဒါဟာ စဉ်းစားစရာပဲ၊ သူတို့ရဲ့ ဆက်သွယ်မှုဟာ ဘယ်လိုမှန်းမသိတာ ခက်တယ်၊ သိချင်လဲ သိလိမ့်မယ်'

'တို့ရဲ့ သိုင်းပညာကတော့ အတော်အဆင့်မြင့်တာပဲ၊ ရှေ့ရဲ့ သိုင်းပညာက တို့ထက် အများကြီး အဆင့်မြင့်တာ သေချာတယ်၊ ပြီးတော့ သိမ်လည်း သိမ်မွေ့တယ်၊ မြို့ပေါ်မှာလည်း နေတယ်၊ ဒီလိုလူတွေက ခုန်ဖန်းရဲ့ လျှို့ဝှက်ချက်ကို မသိဘဲ မနေဘူး၊ သိတာတစ်ခြား ဆက်သွယ်မှုတစ်ခြား ဖြစ်ချင်ဖြစ်မယ်'

'မင်းအတွေး မဆိုးဘူး၊ တော်တော်ကောင်းလာပြီ'

'နောက်တစ်ခုက ခုန်ဖန်းဟာ ကျွန်မိသားစုထဲက ဆရာကြီးရှေ့တို့၊ ဆရာကြီးတို့တို့ရဲ့ အကြောင်းစုံကို မသိဘူးဆိုတာ မဖြစ်နိုင်ဘူး၊ သူဟာ လူရိုးလူကောင်း ဖြစ်တာတောင် သူတို့မိသားစုအကြောင်းကိုတော့ သိတို့သိရမယ်၊ သူ့စကားဟာ လိမ်ညာတဲ့စကားပဲ၊ ဟုတ်မြို ဒီအတိုင်းပဲ ဖြစ်ရမယ်'

မော်လင်က ခုမှ အတွေးပေါက်လာဟန်နှင့် အားရပါးရ ပြောလာသည်။

အမျိုးသမီးက မော်လင့် အမူအရာကိုကြည့်ပြီး ပြုံးသွားသည်။

သူတို့သည် စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ တူးမြောင်းကြီး တစ်ခုရှိရာသို့ ရောက်ရှိလာကြသည်။

* * *

ယန်ကျုံးမြို့သည် တူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ

www.burmeseclassic.com

www.burmeseclassic.com



တွင် ဤတူမြောင်းကို အားကိုးနေရသည်။

တူးမြောင်းထဲသို့ လှမ်းကြည့်လိုက်သောအခါ လှေငယ် ကလေးများနှင့် ကတ္တူများ တရိပ်ရိပ် သွားလာနေသည်ကို မြင်ကြရ သည်။

ရွက်လှေများနှင့် ကတ္တူတိုင်ထိပ်များတွင် ချိတ်ဆွဲထား သောမီးအိမ်များသည် ယုံမှစွာ တလက်လက် ဖြစ်နေသည်။

လှပသာယာသော ညခင်းပန်းချီကားတစ်ချပ်ပင်။

အကျီနက် အမျိုးသမီးနှင့် မော်လင်တို့သည် ဆိပ်ကမ်း တံတားအနီးသို့ပင် ရောက်ရှိနေကြလေပြီ။

ထိုတံတားအနီးမှနေ၍ ကွေ့လျှောက်ခဲ့ပြီးသောအခါ တောင်ဘက်သို့ ဦးတည်ပြီး ဆက်လျှောက်ကြပြန်သည်။

တူးမြောင်းနဖူးပေါ်မှ ကိုက်နှစ်ဆယ်မျှ လျှောက်မိသော အခါ ကမ်းကပ်ရပ်နားထားသော ရွက်လှေကြီးတစ်စင်းကို တွေ့ရ သည်။

သို့သော် သူတို့နှင့် ကိုက်သုံးလေးဆယ်မျှ ဝေးနေသေး သည်။

လှေကြီး၏ ရွက်တိုင်ထိပ်ဖျားတွင် မီးအိမ်ကြီးနှစ်လုံး ချိတ်ဆွဲထွန်းညှိထားသည်။

လှေကြီး၏ဝမ်းဗိုက်ဘေးတွင် ဖောက်ထားသော ပြတင်း ပေါက်တံခါးများကား ပိတ်ထားလျက်ရှိကြသည်။

သို့သော် အတွင်းမှ အလင်းရောင်သည် အပြင်သို့ ဖြာ



ထွက်နေသည်။

ရွက်လှေကြီး ဦးပိုင်း၊ အလယ်ပိုင်းနှင့် ပဲ့ပိုင်းတွင် လူ နှစ်ယောက်စီ ထိုင်နေကြသည်။ သူတို့သည် မီးခိုးရောင်အကျီ များကို ဆင်တူဝတ်ထားကြသည်။

လှေကြီးပေါ်မှနေ၍ ကမ်းနဖူးကို သစ်သားကုန်းဘောင် တစ်ချပ် ဖြတ်ထိုးထားသည်။

ထူးခြားမှုဟူ၍ ဘာမျှ မတွေ့ရ။

ထိုင်နေကြသူများသည် ရောက်တတ်ရာရာ ပြောနေ ကြဟန်ရှိသည်။

တကယ်၌ကား သူတို့သည် ဘာစကားမျှ ပြောကြားခြင်း မရှိကြချေ။

ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြခြင်းဖြစ်သည်။

အချို့သည် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးဟန် မရှိကြချေ။

ဤကား အပေါ်ယံအမြင်ပင်ဖြစ်သည်။

---

အကျီနက်အမျိုးသမီးနှင့်မော်လင်တို့သည် တဖြည်း ဖြည်းနှင့် လှေကြီးနှင့် နီးလာကြသည်။

ထိုစဉ် မီးခိုးရောင်အကျီနှင့် လူနှစ်ယောက်သည် ထိုင် နေရာမှ ဖျတ်ခနဲ ထလိုက်ကြသည်။

လက်နှစ်ဘက်ကိုလည်း ရှေ့ကို ဆန့်တန်းထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တဆက်တည်းတွင် လှေဝမ်းတံခါး ဖွင့်သံကြားရသည်။

ထို့နောက် လူသုံးယောက် ရှေ့ဆင့်နောက်ဆင့် ထွက်လာကြသည်။

ရှေ့ဆုံးမှလူသည် အကျီဖြူဝတ်ထားပြီး ခန့်ခန့်ညားညားရှိသည်။

မျက်လုံးကောင်း၊ မျက်ခုံးကောင်းဖြစ်သည်။

မျက်နှာသည် ဖြူဖွေးနေသည်။

မုတ်ဆိတ်မွေးများကား မည်းနက်နေသည်။

မြကြည့်လျှင် တည်ငြိမ်ခန့်ညားသော လူတစ်ယောက်ဖြစ်

သူ့နောက်မှ လိုက်ပါလာသူနှစ်ယောက်ကား ကိုယ်လုံးကိုယ်ထည် အရပ်အမောင်း တူညီကြသည်။ ခရမ်းရောင်ဝတ်စုံများကို ဝတ်ထားကြသည်။

မျက်နှာပေါက်နှင့် မျက်လုံးမျက်ခုံးများသည် ကြော့စရာကောင်းသော အသွင်အပြင်ကို ဖော်ပြနေကြသည်။

သူတို့သည် လှေဝမ်းပေါက်အနီးမှ ကုန်းဘောင်ထိုးထားရာသို့ လျှောက်လာကြသည်။

အကျီနက်အမျိုးသမီးနှင့် အကျီနက်မော်လင်သည် ကုန်းဘောင်ပေါ် တက်လျှောက်လာရာမှ လှေဝမ်းပေါ် ခုန်တက်လိုက်ကြသည်။

သူတို့နှစ်ယောက် ရွက်လှေကြီးပေါ် ရပ်မိလိုက်သည်နှင့် အကျီဖြူနှင့် ခရမ်းရောင်အကျီဝတ်တို့က ရိုရိုသေသေ ဂါရဝ ပြု



သည်။

ထို့နောက် အကျီဖြူက ပဋိသန္ဓာရစကားကို ဆိုသည်။

'သခင်လေးနဲ့ အစ်မတော်တို့ ရောက်လာကြပြီကိုး'

အကျီနက်အမျိုးသမီးသည် တော့င့်တောင့်ကြီး ရပ်နေသော ခရမ်းရောင်အကျီဝတ်နှစ်ယောက်ကို သက်တောင့်သက်သာနေစေရန် လက်ယမ်းပြလိုက်သည်။ ထို့နောက် အကျီဖြူကို မေးသည်။

'နယ်လှည့် စစ်ဆေးရေးမှူးချုပ် 'ချန်' ထူးထူးခြားခြား ဘာတွေ ရှိပါသလဲ'

'ဘာမှ အကြောင်းထူး မရှိပါဘူး'

'အားလုံး အဆင်သင့် ဖြစ်နေပြီလား'

'ဝယ်သင့်တာတွေတော့ အားလုံး ဝယ်ပြီးပါပြီ၊ အဆင်သင့်ပါပဲ'

အကျီနက်အမျိုးသမီးက ကျေကျေနပ်နပ်နှင့် ခေါင်းညိတ်သည်။

'မနက်ဖြန် မနက်ပိုင်းကို ကန့်သတ်ချိန်အဖြစ် သတ်မှတ်မယ်'

'ကောင်းပါပြီ အစ်မလေး၊ ဒါနဲ့ သခင်လေးကော ယန်ကျိုးမှာ ပျော်ပါရဲ့လား၊ ဒီမြို့ဟာ ပျော်စရာကောင်းတဲ့ မြို့ပဲ၊ စည်လည်းသိပ်စည်တယ်'

အကျီနက်နှင့်မော်လင်က ပခုံးနှစ်ဘက်ကိုတွန့်ပြီး ဖြေ

www.burmeseclassic.com



သည်။

'ပျော်စရာပါးစရာတွေကတော့ အများသားဗျ၊ ဒါပေမယ့် ပျော်မပျော် ကိုယ့်ကိုယ်ကို ဘယ်လိုဖြေရမယ်တော့ မသိဘူး . . . ဟဲဟဲ'

'အင်း . . . စာဆိုဆရာတွေကတော့ ယန်ကျိုးမြို့ အကြောင်းကို အမျိုးမျိုး ဖွဲ့နွဲ့ခဲ့တာပဲ'

အကျီဖြူက အလိုက်အထိုက် ပြန်ပြောသည်။

ထိုစဉ် အကျီနက်အမျိုးသမီးက မျက်မှောင်ကြုတ်ပြီး ကမ်းနဖူးကို လှမ်းကြည့်လိုက်သည်။

ထို့နောက် ခရမ်းရောင်အကျီနှင့်လူကြီးကို လှမ်းအော်လိုက်သည်။

'နယ်လှည့် စစ်ဆေးရေးမှူး 'ကူ' လုပ်စရာရှိတာ မြန်မြန်လုပ်ပါ'

မျက်ခုံးမွေးထူထူနှင့် ခရမ်းရောင်အကျီဝတ်လူသည် တအံ့တသြဖြစ်ဟန်နှင့် မျက်လုံးကြီး ပြူးသွားသည်။

ထို့နောက် လှေကြီးပေါ်မှ နေ၍ ကုန်းဘောင်ပေါ် ခုန်း . . . ခုန်ချသွားသည်။

တစ်ဖန် ကုန်းဘောင်ပေါ်မှ ကမ်းပေါ်ပြေးတက်သွားသည်။

ခရမ်းရောင်အကျီဝတ်လူသည် ကုန်းဘောင်ပေါ် ခြေ



ထိုလူကို အရိပ်အရောင်မျှပင် မတွေ့ရတော့ချေ။

နောက်ဆုံးတွင် ရွက်လှေကြီးပေါ်သို့ ပြန်တက်ခဲ့ရတော့သည်။

ခရမ်းရောင်အကျီဝတ်လူသည် အကျီနက်အမျိုးသမီးရှေ့သို့ရောက်သည်နှင့် ခေါင်းငုံ့ပြီး နေလေတော့သည်။

အတန်ကြာမှ . . .

'ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ မျက်စိမလျှင် နားမပါးလို့ ရန်သူ လွတ်သွားတာပါ။ ကြိုက်သလို အပြစ်ပေးပါ သခင်မ'

အကျီနက်အမျိုးသမီးက ဖြူးသည်။

'မင်းမှာ အပြစ် မရှိပါဘူးကွ၊ ပျောက်သွားတဲ့လူဟာ တို့နှစ်ယောက်ကို နောက်ယောင်ခံပြီး လိုက်လာခဲ့တဲ့သူပါ'

အကျီဖြူဝတ်သည် ခရမ်းရောင်အကျီဝတ်လူအတွက် ရင်အေးသွားသည်။

'ကျေးဇူးတင်ပါတယ် အစ်မလေး'

အကျီနက်ဝတ် အမျိုးသမီးသည် နဖူးကြောများ တွန့်သွားအောင် မျက်မှောင်ကြုတ်လိုက်ပြီး ချိန်ချိန်ဆဆ ပြောလာသည်။

'အင်း . . . ပြောရမှာတော့ ခပ်ခက်ခက်ပဲ၊ ကျိုးမိသားစု အုပ်စုထဲကလား တစ်ခြားအဖွဲ့ကလား မသေချာသေးဘူး'

'ကျိုးမိသားစုထဲကသာဆိုရင် ကျုပ်တို့တော့ . . .'

အကျီနက်ဝတ်လူငယ်မော်လင်က တစ်ပိုင်းတစ်စ ပြောလာသည်။ ထိုစကားနောက်တွင် စိုးရိမ်ရိပ်များ လွှမ်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကျီနက်ဝတ်အမျိုးသမီးသည် မော်လင့်ကို စိုက်ကြည့်လိုက်ပြီး-

'ကဲ . . လှေဝမ်းထဲမှာပဲ ပြောကြဆိုကြရအောင်'

ဟုဆိုကာ လှမ်းထွက်သွားတော့သည်။ လမ်းလျှောက်ရင်းက အကျီဖြူလူကို အမိန့်ပေးနေသည်။

'နယ်လှည့်စစ်ဆေးရေးမှူးချုပ် ချန်၊ လှေကို ရေလယ်မှာ ကျောက်ပြန်ချဖို့ အမိန့်ပေးလိုက်ပါ'

'စိတ်ချပါသခင်မ၊ အခုပဲ ခိုင်းလိုက်ပါ့မယ်'

အကျီဖြူသည် ငယ်သားများကို လှမ်းအော်လိုက်သည်။ ထိုအချိန်မှာပင် အကျီနက်အမျိုးသမီးနှင့် အကျီနက်ဝတ်လူငယ် မော်လင့်တို့ လှေဝမ်းထဲ ဆင်းသွားကြသည်။

လှေကြီး၏ဦးပိုင်းနှင့် ပဲ့ပိုင်းတွင် ထိုင်နေကြသော မီးခိုးပြာအကျီများ ဝတ်ထားသည့် ငယ်သားလေးယောက်သည် ပျားမန်းခတ်သကဲ့သို့ အလုပ်ရှုပ်သွားကြသည်။

လှေကြီးသည် တစ်ခဏအတွင်း ကမ်းမှ ခွာစပြုတော့သည်။

ထိုအချိန်တွင် . .

---

ကမ်းနှင့်မနီးမဝေး ချုံဖုတ်ကြီးထဲတွင် ခိုအောင်းနေသော လူတစ်ယောက်သည် ဖျတ်ခနဲ ခုန်ထွက်လာသည်။ ထိုလူသည် အခြားသူ မဟုတ်။ အကျီစိမ်းဝတ် အဘိုးကြီးဖြစ်သည်။



အဘိုးကြီးသည် ကမ်းမှ ခွာစပြုနေသောလှေကြီးကို မှောင်ရိပ်ကွယ်ပြီး စိုက်ကြည့်လိုက်သည်။

လှေကြီးသည် ရွက်တိုင်နှစ်တိုင်ပါသော လှေကြီးပင်။

အကျီစိမ်းဝတ်အဘိုးကြီးသည် လှေကြီးကို စိုက်ကြည့်နေရာမှ လှေအနီးသို့ ခိုးကြောင်ခိုးဝှက် ပြေးကပ်သွားသည်။ လူအလစ်တွင် လှေကြီးပေါ် ခုန်တက်လိုက်သည်။ သူ ရောက်ရှိနေသောနေရာတွင် လူတစ်ယောက်မျှ မရှိချေ။

အဘိုးကြီးသည် စိတ်ချရသောအခြေအနေဖြစ်သဖြင့် မထိတရိ ပြုံးလိုက်သည်။ ထို့နောက် ရွက်တိုင်ပေါ် တွယ်တက်ပြီး ထိပ်ဖျားတွင် ပုန်းခိုနေလိုက်သည်။

ရွက်လှေကြီးသည် တရွေ့ရွေ့ ရွေ့လျားနေဆဲပင်။

▶◀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

### မှောင်ရိပ်ထဲကဂိုဏ်း

လရောင်သည် ဝိုးတဝါးသာ လင်းသည်။

လရောင် ဝိုးတဝါးအောက်မှ ဧးပန်းတောင်ကုန်းသည် အေးငြိမ်သောအသွင်ကို ဆောင်လျက် ငြိမ်သက်နေသည်။

စင်စစ် ဧးပန်းတောင်ကုန်းသည် သမိုင်းဝင် သင်္ချိုင်းဂူများ တည်ရှိရာနေရာဖြစ်သည်။ ဤနေရာတွင် ရှိနေသောဂူများသည် မင်မင်းဆက်နောက်ပိုင်းကာလ ပဒေသရာဇ်မျိုးနွယ်ဆွေများ၏ သင်္ချိုင်းဂူများဖြစ်သည်။

ထိုနေရာတွင် ကွယ်လွန်သူတို့အား ပူဇော်ပသရန်၊ ရှိုးကန်တော့ရန် ခန်းမဆောင်များ ရှိသည်။



သင်္ချိုင်းဂူများပေါ်သို့ ဖြာကျနေသော လရောင်သည် ဝိုးတဝါးဖြစ်နေသဖြင့် လွှမ်းဆွတ်ကြေကွဲဖွယ်ကောင်းနေ၏။

ထိုနေရာရှိ ဂူကြီးတစ်ဂူရှေ့တွင် လည်တံရှည်ရှည်နှင့် အကျီဖြူဝတ်စုံဝတ်ထားသောလူတစ်ယောက် မတ်တတ်ရပ်နေသည်။

ဝတ်စုံသည် စာပေသမားဝတ်စုံဖြစ်သည်။ မျက်နှာသည် မှောင်ရိပ်ကျနေသဖြင့် ပီပီပြင်ပြင် မရှိ။

သို့သော် လူချော်တစ်ယောက်ဖြစ်မည်ကား သေချာလှသည်။ ထိုလူသည် သစ်ပင်ကြီးလို တည်ငြိမ်နေသည်။

ဤအချိန်၊ ဤအခါ၌ ဤနေရာတွင် ရှိနေသူသည် နတ်ဝိဇ္ဇာတစ်ဦးလား ထင်မှတ်မှားလောက်သည့် လူတစ်ယောက်ပင်။

အတန်ကြာ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်၌ တေးသီချင်းညည်းသံသဲ့သဲ့ ပေါ်လာသည်။

အကျီဖြူဝတ် စာပေသိုင်းသမားသည် ဆတ်ခနဲ လှည့်ရှာလာသည်။ သူ၏မျက်လုံးအစုံသည် စောစောကထက် ပို၍ပြီး အရောင်တောက်လာသည်။ လရောင်သည် ခုမှ မျက်နှာပေါ် ဖြာကျလာသည်။ ထိုအခါကျမှ သူ့မျက်နှာသည် ပါးလွှာသော မျက်နှာဖုံး စွပ်ထားမှန်း သိသာလာသည်။

ထိုသူသည် ကွယ်လွန်သူအား ရှိခိုးပူဇော်ရာ အခဆောင် ခန်းမ၏ လက်ဝဲဘက် ထောင့်စွန်းဆီသို့ စိုက်ကြည့်လိုက်သည်။

မကြာပါ။ ထိုလက်ဝဲဘက်ထောင့်စွန်းနောက်ကွယ်မှ လူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ထွက်လာတော့သည်။ ထိုလူသည် အကျီစိမ်းဝတ် အဘိုးကြီးပင်။

အကျီစိမ်းဝတ်အဘိုးကြီးသည်အကျီဖြူကို တွေ့လိုက်သည်နှင့် အားရပါးရ ပြုံးလိုက်သည်။ ထိုနောက် ရှေ့ကို တိုးထွက်လာပြီး စကားဆိုတော့သည်။

'ငါ့ညီက အဆင်သင့်ရှိနေတာကိုး၊ ငါတော့ ငါ့ညီကို ဘယ်တော့မှ ယိမ်လို့မရပါဘူး. . . ဟဲဟဲ'

'အစ်ကိုကြီးကလည်း ကိုယ့်ကိုယ်ကို နှိမ်ချနေပြန်ပါပြီ ဟားဟား. . .'

အကျီဖြူသည် တဟားဟားရယ်ရင်း အကျီစိမ်း အဘိုးကြီးထံ ရောက်လာတော့သည်။

အကျီစိမ်းအဘိုးကြီးသည် အကျီဖြူကို ပြုံးကြည့်ရင်း စကားဆက်လိုက်သည်။

'ငါက ငါ့ပညာကို အသိဆုံးပါ ညီလေးရဲ့၊ ငါဟာ နောက်ဆယ်နှစ်လောက်ထပ်ပြီး ပညာသင်ယူလည်း ညီလေးရဲ့ သိုင်းစွမ်းရည်ကို မမီသေးပါဘူး. . . ဟဲဟဲ'

'ဒါက အစ်ကိုကြီးရဲ့ တစ်ဘက်သတ်အမြင်ပါ၊ တကယ်တော့ ကျွန်တော်ဟာ အစ်ကိုကြီးဆီက ယူစရာပညာတွေ ရှိပါသေးတယ်၊ အစ်ကိုကြီးကို ယန်တျိုးမြို့က ထိပ်တန်းဟိုတယ်မှာ တွေ့ခဲ့ရကတည်းက အစ်ကိုကြီးမှာ ကျွန်တော့်ကို သင်ပေးရမယ့်ပညာ ရှိနေတယ်လို့ ယုံကြည်ခဲ့ပါတယ်၊ ဒါကြောင့်လည်း ဒီနေရာကလာပြီး



ကြိုစောင့်နေတာပေါ့၊ ခုတော့ ကျွန်တော် လာရင်းကိစ္စဟာ အလဟဿ မဖြစ်တော့ပါဘူး၊ စောင့်ရကျိုးနပ်ပြီလို့ ဆိုရပါလိမ့်မယ်၊ ဟုတ်တယ်မဟုတ်လား အစ်ကိုကြီး'

အကျီစိမ်းအဘိုးကြီးက တစ်စုံတစ်ရာ ငြင်းဆန်ခြင်းမပြုတော့ဘဲ ခပ်လှမ်းလှမ်းတွင် ရှိနေသော ကျောက်တုံးကြီးတစ်တုံးကိုသာ လက်ညှိုးထိုးပြလိုက်တော့သည်။

'ဟိုဟိုး သစ်ပင်အောက်က ကျောက်တုံးကြီးပေါ်မှာ သွားထိုင်ကြရအောင်လား'

'ကောင်းသားပဲ အစ်ကိုကြီး'

နှစ်ဦးသဘောတူဖြစ်သည်နှင့် ကျောက်တုံးကြီးရှိရာ လျှောက်ခဲ့ကြသည်။ ထိုကျောက်တုံးကြီးသည် ထင်းရှူးပင်ကြီးတစ်ပင်အောက်တွင် ရှိနေသော ကျောက်တုံးကြီးပင်။

သူတို့နှစ်ယောက်သည် ထိုကျောက်တုံးကြီးပေါ်တွင် ထိုင်မိလိုက်ကြသည်နှင့် အကျီစိမ်းဝတ်အဘိုးကြီးက စကားစတော့သည်။

'ကဲ. . . ငါ့ညီ၊ ထိပ်တန်းဟိုတယ်မှာ တွေ့ခဲ့ရတဲ့လူနှစ်ယောက်အကြောင်းကို ဆွေးနွေးကြရအောင်လား'

'ဘာလဲ အကျီနက်အမျိုးသမီးနဲ့ အကျီနက်လူငယ်အကြောင်းလား'

'ဟုတ်တယ် ငါ့ညီ၊ သူတို့ကို ဘယ်လိုမြင်သလဲ'

'အကျီနက်နဲ့လူငယ်က ရုပ်ရည်ချောသလောက် အတွင်းအား ကောင်းပုံရတယ်၊ အမှန်တရားကို ချစ်မြတ်နိုးပြီး မဟုတ်မခံ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှိတယ်၊ ချစ်စရာကောင်းတဲ့လူငယ်တစ်ယောက်ပဲ'

'ငါလည်း ဒီလိုပဲ မြင်တယ် ညီလေး၊ အမျိုးသမီးကိုတော့ ဘယ်လိုမြင်ထားသေးလဲ'

'သိုင်းအဓိပတိ ဖြစ်နိုင်တယ်၊ သူ့ရုပ်ရည်ရူပကာကတော့ ပြိုင်ဘက်ကင်းတဲ့အလှပဲ၊ အလှထိပ်ခေါင်တင်လို့တောင် ဆိုလိုက်ချင်တယ်'

'မင်းအမြင်မဆိုးဘူး ဒီအတိုင်းပဲ ဖြစ်မယ်၊ ဒါနဲ့ 'မေခုန်ချူနဲ့ သူ ဘယ်သူပိုလှသလဲ'

'ဒါတော့ သေသေချာချာ မဆုံးဖြတ်တတ်ဘူး အစ်ကိုကြီး နှစ်ယောက်စလုံး လှသူချည်းပဲ၊ နွေမှာသစ်ခွ၊ ဆောင်းမှာဂန္ဓမာ ဆိုသလို တစ်မျိုးစီ လှကြတာပဲ'

'ဟုတ်တယ်၊ ဒါနဲ့ အဲဒီအကျီနက်အမျိုးသမီးရဲ့ ကြည့်ပုံရှုပုံတွေကို မင်း ဘယ်လို ခံစားရလဲ'

'ဟားဟား. . . အစ်ကိုကြီးကလည်း ဘာတွေလျှောက်မေးနေပါလိမ့်၊ အလှဆိုတာ အာရုံခံစားဖို့ကောင်းတာ မဟုတ်ဘူးဗျ ကြောက်စရာကောင်းတာ'

'ဟားဟား. . . ငါမေးတာက တစ်မျိုးပါကွ၊ သူ့ကို ဘယ်လို မိန်းမစားလို့ မြင်ထားသလဲဆိုတာ သိချင်တာပါ. . . ဟားဟား'

'ဒီမေးခွန်းကတော့ ဖြေလို့ရပါတယ်၊ ပြောရရင်တော့ လျှို့ဝှက်ပြီး ရှားပါးတဲ့ သိုင်းလောကသားတစ်ယောက်လို့ ထင်ထားပါတယ်'



'ဒီလောက်ပြောလို့ မလုံလောက်သေးဘူးကွ၊ ဒီလောက်အမြင်ဟာ သူတို့ဘဝကို ပီပြင်အောင်မြင်တာ မဟုတ်သေးဘူး'

'ဒီလိုဆိုရင် အစ်ကိုကြီးက တိတိကျကျ သိထားပြီပေါ့'

'ဒီလောက်လည်း အထင်မကြီးစမ်းပါနဲ့၊ ငါက သူတို့ကို လျှို့ဝှက်ဂိုဏ်းတစ်ဂိုဏ်းအနေနဲ့ သိထားတာပါ'

'ဟုတ်လား၊ အစ်ကိုကြီးက ဘာတွေ ထူးထူးခြားခြား မြင်တွေ့ခဲ့လို့လဲ'

အကျီဖြူဝတ်လူက တက်တက်ကြွကြွ မေးလာသည်။

အကျီစိမ်းအဘိုးကြီးက အပေးကို ငေးပြီး တစ်လုံးချင်း ပြောသည်။

'ငါက ထိပ်တန်းဟိုတယ်ကနေ သူတို့နောက်ကို နောက်ယောင်ခံ လိုက်ခဲ့တာကွ၊ သူတို့ ဘယ်ကို သွားကြတယ်ဆိုတာ မင်း သိထားလား'

'ကျွန်တော် အစ်ကိုကြီးလောက် မလျင်ပါဘူး၊ ဆက်ပြီး ပြောစမ်းပါ'

အကျီစိမ်းအဘိုးကြီးက တစ်ချက်ရယ်ပြီး ပြောတော့သည်။

'သူတို့က တူးမြောင်းဆိပ်ကမ်းဘက် သွားတာကွ'

'သိပြီ၊ သူတို့က လှေစီးပြီး ခရီးဆက်ပြီပေါ့'

'မဟုတ်သေးဘူး၊ လှေကြီးပေါ်မှာပဲ ရှိသေးတယ်၊ လှေကြီးက တူးမြောင်းထဲမှာ ရပ်ထားတုန်းပဲ'

'ဒီလိုဆိုရင် ကျွန်တော်ရဲ့ ပထမဆုံးတွေ့သချက် မှားပြီပေါ့

www.burmeseclassic.com



ဟားဟား'

အကျီးဖြူနှင့် လူငယ်က ရယ်သွမ်းသွေးသည်။ အကျီးစိမ်းနှင့် အဘိုးကြီးက သူ့အတွေ့အကြုံကို ဆက်ပြောသည်။

'သေသေချာချာ နားထောင်၊ အကျီးနက်အမျိုးသမီးနဲ့ အကျီးနက်လူငယ်လေးဟာ တားမြောင်းဆိပ်ကမ်းအလွန်ရောက်တော့ ကုန်းဘောင်ထိုးထားတဲ့ လှေကြီးပေါ် တက်သွားတယ်၊ လှေက ရွက်တိုင်နှစ်တိုင်တပ်ထားတဲ့လှေ၊ ကြီးတယ်၊ ခန့်ညားတယ်၊ လှေကြီးရဲ့ဦးပိုင်းနဲ့ပဲ့ပိုင်းမှာ သိုင်းသမား အစောင့်တွေ နှစ်ယောက်တစ်တွဲ ရှိတယ်၊ အကျီးနက်အမျိုးသမီးနဲ့ အကျီးနက်လူငယ်တို့ လှေကြီးပေါ် တက်နေတုန်းမှာပဲ လှေကြီးရဲ့ဝမ်းဗိုက်ထဲက လူ သုံးယောက်ထွက်လာပြီး ခရီးဦးကြိုပြုကြတယ်၊ နေဦး. . . ငါညီတို့ မေးရဦးမယ်၊ မင်း 'လက်ရှစ်ဘက်' ကို သိတယ်မဟုတ်လား'

'အစ်ကိုကြီးက 'ချန်ချွန်းယင်း'ကို ပြောနေတာလား'

'ဟုတ်လယ်၊ စီးနမ့်က ချန်ချွန်းယင်းပေါ့၊ သူလည်း ပါတယ်'

'ဟုတ်လား'

အကျီးဖြူ အံ့ဩသွားသည်။

'ဟုတ်တယ်၊ စီးနမ့်က ချန်ချွန်းယင်းပဲ၊ သူက အကျီးနက်အမျိုးသမီးကို သခင်မလို့ ခေါ်တယ်၊ အကျီးနက်လူငယ်ကိုလည်း သခင်လေးလို့ ခေါ်တယ်၊ အကျီးနက်အမျိုးသမီးက သူ့ကို နယ်လှည့်စစ်ဆေးရေးမှူးချုပ်လို့ ခေါ်တယ်၊ သူဝတ်ထားတာကတော့ အဖြူ



ရောင်ဝတ်စုံပဲ'

'အစ်ကိုကြီးပြောမှ တော်တော်စိတ်ဝင်စားစရာကောင်းလာတယ်၊ ဒီပုံအတိုင်းဆိုရင် သူတို့ဟာ လျှို့ဝှက်ဂိုဏ်းကို ဖွဲ့ထားတာဖြစ်မယ်'

'ဖြစ်မယ်မဟုတ်ဘူး၊ ဖြစ်ကိုဖြစ်နေတာ၊ သူတို့ဟာ လျှို့ဝှက်ဂိုဏ်းပဲ၊ သိပ်သေချာတယ်၊ အခြေအနေကို ကြည့်ရုံနဲ့ အင်အားကောင်းပုံ ရနေတယ်၊ ခိုင်ခိုင်မာမာ ဖွဲ့ထားတဲ့ ဂိုဏ်းကြီးဖြစ်ဖို့ များတယ်'

'အထောက်အထားက. . .'

BURMESE CLASSIC

'ရှင်းပါတယ်၊ ချန်ချွန်းယင်းဟာ ဒေသကြီးတစ်ခုကို စိုးမိုးအုပ်ချုပ်ခဲ့သူပဲ၊ နောက်တစ်ချက်က အကျီးနက်အမျိုးသမီးနဲ့ ဆက်ဆံရေးမှာ တပည့်ဖြစ်နေတယ်၊ ဒီတော့ ချန်ချွန်းယင်းလို လူတောင် တပည့်ခံနေရပြီဆိုတော့ ဒီဂိုဏ်းဟာ အင်အားတောင့်တင်းတဲ့ဂိုဏ်းမှန်း သေချာနေတာပေါ့၊ ဒါကိုကြည့်ရင် အင်မတန်တော်တဲ့၊ အင်မတန် ထက်မြက်တဲ့ခေါင်းဆောင် ရှိနေပြီဆိုတာ ထင်ရှားနေပြီ ညီလေးရဲ့'

'ဟုတ်ပါတယ်၊ အစ်ကိုကြီးပြောတာ နည်းလမ်းကျပါတယ်'

'နောက်ပြီး ချန်ချွန်းယင်းရဲ့ လက်အောက်ငယ်သား ဖြစ်ဟန်ရှိတဲ့ ခရမ်းရောင်ဝတ်လူနှစ်ယောက်ရဲ့ သိုင်းပညာ ပြင်းမားမှုကိုလည်း ငါ မြင်ခဲ့ရတယ်'

'အစ်ကိုကြီးပြောတာ ကျွန်တော် ယုံပါတယ်၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သိထားတဲ့ အချက်တစ်ချက်ကတော့ သူတို့ဟာ ရဲတိုက်နှစ်တိုက် စခန်းလေးခုနဲ့ မပတ်သက်ပါဘူး'

'ငါညီက ဘယ်လို အဓိပ္ပာယ်တွေနဲ့ ပြောနေတာလဲ၊ ငါ တွေ့ခဲ့တဲ့ အင်္ကျီနက်ဝတ်လူနှစ်ယောက်နဲ့ 'ချွန်ချွန်ယင်း' တို့ဟာ ရဲတိုက်နှစ်တိုက်နဲ့ စခန်းလေးခုက ဆရာတွေထက် သိုင်းစွမ်းရည် ပိုပြီး ထက်မြက်နေတယ်ကွ၊ နောက်တစ်ခုက သူတို့ရဲ့ မီးအိမ်ထွန်း ထားပုံဟာ အမှတ်အသား မဲ့နေတယ်၊ ရဲတိုက်နှစ်ခုက ပုဂ္ဂိုလ် တွေဟာ ခရီးထွက်ရင် သူတို့ရဲ့အမှတ်အသားအလံ ပါတယ်ကွ စခန်းလေးခုကျတော့လည်း ဒီလိုပဲ၊ ညအချိန် မီးထွန်းထားတဲ့အခါ သူတို့မှာ အမှတ်အသား ထားရှိကြောင်း သိရတယ်ကွ'

အင်္ကျီစိမ်းနှင့်အဘိုးကြီးက သူလေ့လာထားသမျှ အသေး စိတ် ပြောသည်။ အင်္ကျီဖြူသည် အတန်ကြာ ငြိမ်နေရာမှ အဆက် အစပ်မရှိ ပြောလာပြန်သည်။

'အင်း. . . လွန်ခဲ့တဲ့သုံးနှစ်က ကြေကွဲစရာကောင်းတဲ့ အဖြစ်တွေဟာ ခုချက်ချင်း ဖြစ်နေသလိုပဲ၊ ဒီနောက်ပိုင်းမှာတော့ ဘာပြဿနာမှ မတွေ့ခဲ့ရပြန်ဘူး၊ သတ္တမနတ်မင်း ကျိုကုံးချွင်ရဲ့ နေအိမ်ဟာ ချမ်းမြေ့မှု အများကြီး ရှိပါတယ်၊ ဒါနဲ့ အစ်ကိုကြီး ပြောသလို လျှို့ဝှက်ဂိုဏ်းတစ်ခု ပေါ်ထွက်လာတာဟာ တွေး ခက်တဲ့ကိစ္စတစ်ခုပဲ၊ ဒါပေမယ့်. . .'

အင်္ကျီဖြူသည် အဝေးသို့ ငေးကြည့်နေပြီး ငြိမ်သက်နေ ပြန်သည်။ စိတ်အလျဉ်သည် အတိတ်လွင်ပြင်သို့ ဖြတ်သန်းနေ



လော။

သူ၏မျက်နှာသည် တစ်ခဏအတွင်း ပြုံးလိုက်၊ မဲ့လိုက်၊ အံကြိတ်လိုက်နှင့် အသွင်အမျိုးမျိုး ပြောင်းနေတော့သည်။

အင်္ကျီစိမ်းအဘိုးကြီးက အင်္ကျီဖြူကို စိုက်ကြည့်လိုက်ပြီး ဆက်ပြောပြန်သည်။

'ငါထင်နေတာက သူတို့ဟာ တစ်စုံတစ်ယောက်ကို လိုက် ရှာနေတာ အမှန်ပဲ၊ သူတို့ တွေ့ချင်နေသူတွေဟာ ဆယ်ဂဏန်း လောက်တော့ ရှိလိမ့်မယ်၊ အဲဒီအထဲမှာ ဗျပ်စောင်းအားရှည် ဇာပေ သမားလည်း ပါလိမ့်မယ်ထင်တယ်'

အင်္ကျီဖြူသည် ငေးနေရာမှ ဆတ်ခနဲ ဖြစ်လာသည်။

BURMESE CLASSIC

'အစ်ကိုကြီး ဘာကိုဆိုလိုတာလဲ'

'ငါတွက်မိတာက သူတို့ဟာ ကျိုမိသားစုအိမ်တော်ကို တိုက်ခိုက်ကြလိမ့်မယ်လို့'

အင်္ကျီဖြူက ဟက်ခနဲ ရယ်လိုက်သည်။

'အစ်ကိုကြီးက သတင်းအတိအကျ ရထားလို့လား'

'ဒီမေးခွန်းက ဖြေရခက်တဲ့မေးခွန်းပဲ၊ ညီလေး စဉ်းစား ကြည့်ဖို့က အင်္ကျီနက်နဲ့လူဝယ်ဟာ ခုန်ဖန်းကို ဘာပြောခဲ့တယ် ထင်သလဲ'

'ခင်ဗျားဟာ ဘာမေးမေး မသိဘူးလို့ ဖြေမယ့်လူစားပဲ၊ ဒါ အင်္ကျီနက်အမျိုးသမီးဆိုတာ တိုးတိုးကလေး ကြားမိတာကတော့ ကျိုကုံးချွင်နဲ့ ဝန်ကတော်တို့တော့ ရှိနေမှာပါတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး အတွေးအခေါ် တော်တော်ကောင်းတာပဲ'

'ချီးကျူးမနေစမ်းပါနဲ့၊ အကျီနက်လူငယ်ဟာ 'လီ'မျိုးနွယ်ပဲ၊ နာမည်က မော်လင်၊ လီမော်လင်' ပေါ့၊ သူက အကျီနက်နဲ့အမျိုးသမီးကို အဒေါ်ရှန်းလို့ ခေါ်တယ်'

'သတင်းတာ အတော်စုံတာပဲ၊ ဒါနဲ့ သူတို့က ဘာကိစ္စနဲ့ 'ဝန်ရှင်မော်'ကို ရှာနေကြတာလဲ'

'ဒါက ခုချိန်မှာ ပြောလို့ မဖြစ်သေးဘူး၊ သူတို့ရဲ့ လှုပ်ရှားမှုထဲမှာ အဖြေပါပါတယ်၊ ဦးနှောက်ခြောက်ခံပြီး စဉ်းစားနေဖို့ မလိုပါဘူး'

'မှန်ပါတယ်၊ ကျို့မိသားစုအိမ်တော်ကို တိုက်ခိုက်ဖို့ လှုပ်ရှားနေကြတာဟာ သတ္တိကောင်းကြောင်း၊ အစွမ်းထက်ကြောင်း ပြနေတဲ့အချက်ပဲ'

'ဟားဟား... ငါထပ်ပြီး ပြောလိုက်ရင် မင်း ခေါင်း ဆူလာမှာ သေချာတယ်'

'ဘာဖြစ်လို့လဲ အစ်ကိုကြီးရဲ့'

'အဲဒီဂိုဏ်းအဖွဲ့ရဲ့ခေါင်းဆောင်ဟာ မိန်းမ ဖြစ်နေလို့'

'ဗျာ... ကဲ၊ အစ်ကိုကြီး သိထားသမျှဆက်ပြောစမ်းပါ'

'အကျီနက်နဲ့လူငယ်က သူ့အမေကို သတိရကြောင်း မကြာမကြာ ပြောတယ်၊ တစ်ခါတစ်ခါ အပြစ်တင်တယ်၊ အကျီနက်နဲ့ မိန်းမချောကလည်း နင့်အမေ နင့်အမေလို့ ပြောလေ့ရှိတယ်'

'ဒါများ ဘာဆန်းလို့လဲ အစ်ကိုကြီးရဲ့'



'ဆန်းတော့ မဆန်းပါဘူး၊ အဲဒီ အမေဆိုတဲ့ မိန်းမကြီးဟာ ဂိုဏ်းခေါင်းဆောင်ဖြစ်မယ်လို့ ယူဆမိလို့ကွ၊ ဒါကို အမှန်လို့တော့ ပြောလို့ မရသေးပါဘူး'

'ယောကျ်ား မိန်းမ ပြဿနာဟာ အဓိက မကျပါဘူး အစ်ကိုကြီးရဲ့၊ သေချာပေါက် တွက်နိုင်တာက အဲဒီလျှို့ဝှက်ပေါ်ထွက်လာတဲ့ ဂိုဏ်းခေါင်းဆောင်ဟာ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် သိုင်းပညာ အဆင့်မြင့်မားမှာတော့ သေချာတယ်။ ကျွန်တော် စဉ်းစားမိလာတာကတော့ အဲဒီဂိုဏ်းခေါင်းဆောင်ဟာ ယောကျ်ားမဟုတ်ဘဲ မိန်းမဖြစ်နေရင် ပိုပြီး ထိတ်လန့်စရာကောင်းမှာ အမှန်ပဲ'

'ဟုတ်တယ်၊ သိုင်းလောကမှာ ပညာချင်းတူရင် ယောကျ်ားထက် မိန်းမက ပိုပြီးကြောက်စရာကောင်းတယ်၊ သူတို့ဟာ မာယာများသလောက် လျှို့ဝှက်မှု၊ သိုသိပ်မှု ပိုရှိတယ်၊ ယောကျ်ားသိုင်းပညာရှင်တွေထက် အနေအထိုင် တွာတာအမှန်ပဲ။ ဒီအချက်နဲ့ ပတ်သက်ပြီး အကျီနက်အမျိုးသမီးဟာ ခုန်ဖန်းရဲ့ အရည်အသွေးတို မှန်မှန်တန်ကန် အကဲဖြတ်သွားနိုင်တာဟာ သက်သေပြချက်ပဲ'

'ဟုတ်ရဲ့လား အစ်ကိုကြီးရဲ့'

'ဟုတ်သမှ ဟုတ်... ဟုတ်လို့တောင် မြည်နေသေးတယ်၊ ကိုယ့်နားနဲ့ သေသေချာချာ ကြားခဲ့ရတာတွေပါကွ'

'ဒါက အမှတ်မထင် ကြားခဲ့ရတာတွေပါ၊ ပရိယာယ်

www.burmeseclassic.com



ဝေဝုစ်တွေ ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ ကျွန်တော်တို့ရဲ့ ဆန္ဒစွဲ အမြင်တွေ ဖြစ်နေရင်ကောဗျာ'

အကျိုးစီမံးနှင့်အဘိုးကြီးသည် အကျိုဖြူကိုကြည့်ပြီး မာတ်ခနဲ ရယ်လိုက်ပြန်သည်။

တစ်ဆက်တည်းတွင် ဦးနှောက်ရှင်ရှင်နှင့် မေးခွန်းထုတ်လာသည်။

'ဒီမယ်ညီလေး. . . လွန်ခဲ့တဲ့သုံးနှစ်က ဝုဏ်ပြုညစာစားပွဲလုပ်တာ ထိပ်တန်းဟိုတယ် မဟုတ်လား'

အကျိုဖြူသည် မည်သို့မျှ အဖြေမပေးတဲ တွေကျသွားသည်။ ထို့နောက် ဆတ်ခနဲ လှုပ်ရှားလိုက်ပြီး အကျိုလက်အိုးထဲတွင် ဝှက်ထားသောအရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်သည်။ တစ်ဆက်တည်းတွင် ထိုပစ္စည်းကို လက်ဝါးပေါ်တင်ပြီး ဖြန့်ပြလိုက်လေသည်။

လရောင်ကြောင့် မြင်နေရသောပစ္စည်းသည် ပြားချပ်နေသော အရက်ခွက်တစ်ခွက်ပင်။

'ဒါ. . . ဒါဟာ ပြားချပ်သွားတဲ့ ငွေခွက် မဟုတ်လား'

အကျိုစီမံးအဘိုးကြီးက တအံ့တသြ မေးတော့သည်။

'ဟုတ်ပါတယ်၊ ဒီပစ္စည်းကို လွန်ခဲ့တဲ့သုံးနှစ်ကတည်းက သိမ်းဆည်းထားခဲ့တာပါ၊ ပြားချပ်နေတဲ့ ငွေအရက်ခွက်ပါ၊ လက်ထပ်မင်္ဂလာပွဲရဲ့ညစာစားပွဲကြီး ရုတ်ရုတ်သဲသဲ ဖြစ်နေချိန်မှာ ကျွန်တော် ဝှက်ထားလိုက်တာပါ'



'ဖြစ်မှဖြစ်ရပလေကွယ်၊ ဒါနဲ့ ဒီငွေခွက်ထဲမှာ ဘယ်လို အဆိပ်မျိုး ခတ်ခဲ့တာလဲကွဲ့'

'အဆိပ်က တော်တော်ထူးဆန်းတဲ့အဆိပ်ပဲ အစ်ကိုကြီး'

'ညီလေးက ဘာသဘောနဲ့ ဒီငွေအရက်ခွက်ကို ဝှက်ယူခဲ့တာလဲ'

'အကြောင်းရှိလို့ပေါ့ အစ်ကိုကြီးရဲ့၊ ကျွန်တော် စုံစမ်းကြည့်တော့ အဲဒီတုန်းက တိုက်တဲ့အရက်တွေဟာ အရက်ဆိုင်တစ်ဆိုင်ထဲက တာဝန်ယူပြီး ချက်ပေးခဲ့တာတဲ့၊ ဒီတော့ ဒီအရက်တွေကို ဘယ်ဆိုင်က ချက်ပေးခဲ့သလဲဆိုတာ စုံစမ်းကြည့်တယ်၊ ယန်ကျိုးတစ်မြို့လုံးမှာရှိတဲ့ အရက်ဆိုင်တွေကို တစ်ဆိုင်မကျန် လှည့်လာ စုံစမ်းကြည့်လိုက်တဲ့အခါကျတော့ အဲဒီတုန်းတတိုက်တဲ့ အရက်မျိုးကို ထိပ်တန်းဟိုတယ်ကသာ ချက်နိုင်တယ်လို့ သတင်းရလာတယ်'

'ဟုတ်ပြီ၊ ညီလေးရဲ့စကားတွေဟာ ဆက်စပ်လို့ ရလာပြီ၊ ဒီကိစ္စနဲ့ လျှို့ဝှက်ဖုံးကွယ်နေတဲ့ ခုန်ဖန်းကို ပေါင်းစပ်ကြည့်တယ်'

အကျိုစီမံးအဘိုးကြီး၏မျက်နှာသည် လရောင်အောက်၌ ဝင်းခနဲ ဖြစ်လာသည်။

'အစ်ကိုကြီးလဲ အတော် သဘောပေါက်သွားပြီ၊ ဒီတော့ ကျွန်တော်တို့ဟာ ခုန်ဖန်းရဲ့ ဟိုတယ်ကြီးမှာ နောက်ထပ် ငါးကြီးလောက် စားသောက်ဖို့ လိုသေးတယ်၊ ဟုတ်တယ်မဟုတ်လား အစ်ကိုကြီး'

'ဟုတ်တယ်၊ တုတ်သမှ ဟုတ် ဟုတ်လို့ပေါင်း မြည်နေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



သေးတယ် ဟား. . . ဟား. . .'

အကျိုးစိမ်းအဘိုးကြီးသည် အလွန် သဘောကျသွားဟန်နှင့် အားရပါးရ ရယ်တော့သယည်။

'ကဲ. . . အစ်ကိုကြီး၊ ခု ဘယ်အချိန်လောက် ရှိပြီလဲ'

'စောပါသေးတယ်ကွ၊ ဒါပေမယ့် ညီလေး ဆန္ဒရှိရင်တော့. . .'

'ဆန္ဒလား ဘာလားတော့ မပြောတတ်ဘူး၊ ကျွန်တော့်ဗိုက်ထဲက ပိုးတွေကတော့ အရက် အရက်နဲ့ အော်နေကြတယ်ဗျ'

ဟား. . . ဟား. . .'

'ကောင်းပြီလေ၊ ငါအဖော်အဖြစ် လိုက်ခဲ့ပါမယ်. . . ဟဲ. . . ဟဲ. . .'

'စိတ်တော့ မရှိနဲ့ အစ်ကိုကြီးပါ လိုက်လို့တော့ မဖြစ်သေးဘူးဗျ'

'ဘာကြောင့်ဆဲ၊ ငါက ဘာကြောင့် လိုက်လို့ မဖြစ်တာလဲ'

'အစ်ကိုကြီးကိုယ်တိုင် ဆောင်ရွက်ဖြည့်ဆည်းပေးရမယ့် အကွက်လေးတစ်ကွက် ရှိနေသေးလို့ပါ'

'ဟား. . . ဟား. . . ဟုတ်သားပဲ၊ ဟုတ်သားပဲ၊ ငါ သတိလစ်သွားတယ်၊ ကဲ. . . ညီလေး သွားရင်မြန်မြန်သွား၊ မြန်မြန်သွား မြန်မြန်ပြန်နော်၊ စောင့်နေရတဲ့လူရဲ့ ဒုက္ခကို ခင်းတောင်းကောင်း ခံစားဖူးတယ် မဟုတ်လား'

'စိတ်ချပါ အစ်ကိုကြီး၊ စောင့်ရကျိုး နပ်ရပါစေ့မယ် အစားကောင်း စားရတဲ့အခါ မိတ်ဆွေကောင်းကို မမေ့ရဘူး ဆိုတဲ့စကားလည်း ရှိသားပဲ အစ်ကိုကြီးရဲ့'



'ငါကလည်း မင်းလာတဲ့အထိ ထိုင်စောင့်နေပါမယ်ကွာ၊ မိုးလင်းချင် လင်းသွားပါစေ၊ ဟား. . . ဟား. . .'

အကျိုးစိမ်းအဘိုးကြီးနှင့် အကျိုးဖြူလူငယ်တို့သည် စကားဆုံးသည်နှင့် ကျောက်တုံးကြီးပေါ်မှ ဖျတ်ခနဲ ခုန်ချလိုက်ကြသည်။

ထို့နောက်တွင်မူ လရောင်ရိပ်အောက်မှ အစိမ်းရောင်နှင့် အဖြူရောင်တို့သည် လက်ခနဲ လက်ခနဲ ဖြစ်သွားကြပြီး အမှောင်ထုအောက်တွင် ပျောက်ကွယ်သွားကြတော့သည်။

▶▶ ◀◀

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၇)

## အဆိပ်အရက်နှင့် ငွေဖလားရှင်

အချိန်သည် သန်းခေါင်ကျော် နှစ်ချက်တီး အချိန် ဖြစ်ပါ၏။ ညဉ့်နက်လွန်းနေပြီ ဖြစ်သော်လည်း ထိပ်တန်းဟိုတယ်ကြီးသည် စည်ကားသိုက်မြိုက်နေဆဲပင်တည်း။

ထိုအချိန်တွင် အင်္ကျီဖြူဝတ် လူတစ်ယောက်သည် ခပ်တည်တည်နှင့် ဝင်ရောက်လာလေ၏။

ထိုလူ၏မျက်နှာသည် မီးအိမ်အလင်းရောင်အောက်၌ ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

သို့သော် ဧည့်ကြို မိန်းမပျိုတို့ကား မျှပျနှာငှာ ရှိကြပါ၏။ ဤဟိုတယ်သည် အသားအရည် ဖြူသည်မည်းသည်



ရုပ်ချောသည် မချောသည် ရွေးနေသောနေရာ မဟုတ်ချေ။

အဓိကသည် သစ်လွင်တောက်ပြောင်မှုနှင့် ငွေကို ဖောဖောသီသီ သုံးနိုင်ခြင်းသာ အဓိကဖြစ်သည်။

အလွန်ကြောက်စရာကောင်းအောင် ရုပ်ဆိုးနေသူ ဖြစ်ပါစေ၊ သစ်သစ်လွင်လွင် တောက်တောက်ပြောင်ပြောင်နှင့် ဝေါယာဉ်သာ စီးနင်လာပါက မိန်မပျိုတွေ ဝိုင်းဝိုင်းလည်နေမှာ သေချာလှပါ၏။

ယခုလည်း သန့်သန့်ပြန့်ပြန့် ဝတ်စားပြီး ဝင်ရောက်လာသော အင်္ကျီဖြူနားတွင် မိန်းမပျိုတို့ ရစ်သီရစ်သီ လုပ်နေကြလေပြီ။

သို့သော် အင်္ကျီဖြူသည် မိန်းမတို့၏ နေရာပေးမှုကို ဂရုမစိုက်ဘဲ အပေါ်ထပ်သို့သာ တန်းတန်းမတ်မတ် တက်လာ၏။

အင်္ကျီဖြူသည် 'ဗီးပန်းကုန်း' မှ လာခဲ့သောလူပင်။ ငွေရောင်လိုပြောင်ပြီး ဖျော့တော့တော့ ဖြူတူတူဖြစ်နေသော မျက်နှာသည် လူ့အရေခွံ မျက်နှာဖုံး စွပ်ထားသည့်မျက်နှာဖြစ်သည်။

အင်္ကျီဖြူအပေါ်ထပ်သို့ ရောက်သည်နှင့် မိန်းမချော မိန်းမလှကလေးများသည် လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် ကြိုဆိုကြသည်။

တစ်ခဏအတွင်းတွင် လေးစားစွာ ဂါရဝပြုပြီး ဦးညွှတ်သူ နှုတ်ခမ်းစူပြီး ညုသူ၊ ပြုံးပြီး တင်ကလေး ယမ်းသွားသူ၊ အနီးသို့ ကပ်လာပြီး ပွတ်သီးပွတ်သပ် လုပ်သွားသူ စသည်ဖြင့် များပန်းခတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပျော်တော်ဆက်မယ်ကလေးများသည် အကျီဖြူအား အမှုလုပ်ကို ဆက်ဆံခဲ့သကဲ့သို့ ဆက်ဆံခြင်း မပြုကြချေ။

ဤကား စုတ်ပြတ်နွံ့ချာခြင်းနှင့် သေသပ်သားနားခြင်း၏ ခြားနားချက်ပင်ဖြစ်တော့သည်။

အကျီဖြူသည် ဤမိန်းမပျိုတို့၏ သဘောသဘာဝတို့ နားလည်ပြီ ဖြစ်သဖြင့် တန်ဖိုးသိမ်မထားချေ။

မိန်းမပျိုတို့ကား အကျီဖြူ၏ ပြောင်လက်နေသော ဖိုးအကျီကို ဖွတ်အပ်ပြီး ကိုင်ကြည့်နေကြမြန်သည်။

ဓနီးကို မှီပြီး ကန့်ကလျ လိုက်လာသူက လိုက်လာသည်။

အကျီဖြူသည် အများအမြင်၌ မိန်းမပွေသူနှင့် တူနေသည်။

အကျီဖြူကလည်း ထိုအမြင်ကို ပိုပြီးခိုင်မာသွားအောင် အနီးသို့ ကပ်လာသော မိန်းမပျိုတစ်ယောက်၏ လက်မောင်း အိအိလေးကို ဖမ်းဆုပ်ပြီး ဖျစ်ညှစ်လိုက်သည်။

ဤတွင် ထိုမိန်းမပျိုက ကန့်ကလျ ရုန်းပြီး လှည့်ထွက်သွားသည်။

မိန်းမပျိုတို့၏ ကိုယ်သင်းနံ့များသည် အကျီဖြူ၏ နှာခေါင်း ထဲသို့ တိုးဝှေ့ဝင်ရောက်နေကြသည်။

ထိုစဉ် တောင့်တင်း ကျစ်လျစ်ပြီး ဖွံ့ဖွံ့ဖြိုးဖြိုး ရှိသော မိန်းမပျိုတစ်ယောက်သည် အနားမှ ဖြတ်လျှောက်သွားပြန်သည်။

အကျီဖြူသည် ပြုံးပြီး ထိုအမျိုးသမီးကို ဖမ်းဆွဲထား လိုက်သည်။



ထို့နောက် အလွန်တာပ်မက်သော အမူအရာနှင့် စိုက်ကြည့်ပြီး မတိုးမကျယ် ပြောတော့သည်။

'ဘယ်ဝိုင်းကို သွားဦးမလို့လဲ၊ ကျုပ်နဲ့ အတူ စားကြ သောက်ကြရအောင်လား၊ စကားလေး ဘာလေး ပြောရင်း မူးကြရ အောင်လား'

မိန်းမပျိုက ပြုံးပြီး မျက်စောင်းထိုးသည်။

'အစ်ကိုကလဲ စကားတွေချည်း ထိုင်ပြောနေလို့ ဘာပျော် စရာကောင်းမှာလဲ၊ တေးဂီတနဲ့ အက ဖျော်ဖြေပွဲကို စောင့်ကြည့် ပါဦး၊ လူခြေတိတ်သွားမှ အတူစားပြီး အတူပျော်ကြတာပေါ့ ဟင်း. . . ဟင်း. . .'

မိန်းမပျိုသည် ပြောပြောဆိုဆိုနှင့် အခြားစားပွဲဝိုင်းဆီသို့ ကူးသွားသည်။

အကျီဖြူသည် လှုပ်လီလှုပ်လဲ့ လှမ်းသွားသော မိန်းမပျိုကို လိုက်ကြည့်ရင်း စားပွဲဝိုင်းတစ်ဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

ထိုစဉ် အခြားဝိုင်းတစ်ဝိုင်းမှ အသံတစ်သံ ထွက်လာသည်။

'အသုံးမကျတဲ့ စာပေရူးပဲ'

တစ်ဆက်တည်းတွင် ရယ်မောသံများ ဝေါခနဲ ပေါ်လာသည်။

အကျီဖြူသည် အနေရအထိုင်ရ ခက်လာသဖြင့် အခြား

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းသို့ ထသွားသည်။

ယခုခဏ၌ သူ၏အပြုအမူသည် ထူးခြားနေသည်။

အကျီဖြူသည် မိန့်မချော မိန်းမလှကလေးများကို ရှောင်ကွင်းပြီး ထောင့်ကျကျ လူရှင်းရှင်းစားပွဲတွင် ထိုင်နေတော့သည်။

ဟိုတယ်အလုပ်သမားများကား စားပွဲခုံ တိုက်သူတိုက် စားကြွင်းစားကျန် သိမ်းသူသိမ်း၊ ရေနွေးကြမ်း ငှဲ့သူငှဲ့၊ လိုက်ပွဲများ ချသူချနှင့် အလုပ်ရှုပ်နေကြတုန်းပင်။

အကျီဖြူသည် ငေးပြီးထိုင်နေဆဲပင်။

မကြာမီ စားပွဲထိုးတစ်ယောက် အနားသို့ ရောက်လာသည်။

'သခင်လေး၊ ဘာများ သုံးဆောင်ချင်ပါသလဲ'

စားပွဲထိုးက ရိုရိုသေသေ မေးသည်။

အကျီဖြူက ဟိတ်ဟန်ကြီးသော အမူအရာဖြင့်. . .

'မင်းတို့ဟိုတယ်မှာ အကောင်းဆုံးဖြစ်တဲ့ဟင်းလျာ နှစ်ပွဲယူခဲ့၊ နောက်ထပ် လိုချင်တာက ရှောင်းစင့် အရက်ပြင်းတစ်အိုး'

စားပွဲထိုးသည် အကျီဖြူကို ကြည့်ပြီး အံ့ဩသွားသည်။

'ရှောင်းစင့်အရက်'သည် အလွန်ပြင်းသောအရက်ဖြစ်သည်။

ဤရာသီသည် ရှောင်းစင့်အရက်ကို သောက်သုံးသင့်သောရာသီ မဟုတ်ချေ။

သည်ကြားထဲက ရှောင်းစင့်အရက်ကို ရွေးပြီး မှာနေ



သည်မှာ ထူးခြားသောအပြုအမူဖြစ်နေသည်။

မည်သို့ဖြစ်စေ ဈေးသည်သည် ဈေးရောင်းရဖို့ အဓိကဖြစ်သည်။

ရာသီဥတုအခြေအနေ ရွေးနေစရာ မလို။

ရှောင်းစင့်အရက် မှာရုံမက ပွက်ပွက်ဆူသောအရက်ကို လိုချင်လျှင်ပင် ယူလာရမည်ဖြစ်သည်။

စားပွဲထိုးသည် အကျီဖြူကို စိုက်ကြည့်ပြီး 'ဟုတ်ကဲ့ပါ သခင်လေး' ဟုဆိုကာ ထွက်ခွာသွားတော့သည်။

ထိုစဉ် အကျီဖြူက ကမန်းကတန်း လှမ်းတားလိုက်ပြန်သည်။

'ဟေ့လူ. . . ခဏနေဦး'

စားပွဲထိုးသည် ချက်ချင်း ပြန်လှည့်လာသည်။

'ဘာများ အလို ရှိပါသေးသလဲ သခင်လေး'

'ကျုပ်က အရက်သောက်ရင် ငွေဖလားနဲ့သာ သောက်လေ့ရှိတာဗျ၊ ဒါကြောင့်မို့ မောင်ရင်တို့ ဟိုတယ်မှာ ထုတ်မသုံးဘဲ သိမ်းထားတဲ့ ငွေဖလားပါ ထုတ်ပေးပါ'

'ကျွန်တော်တို့ဟိုတယ်မှ ငွေလားကို သုံးလေ့ မရှိပါဘူး သခင်လေး'

'ညာမနေစမ်းပါနဲ့ဗျာ၊ ဟိုတစ်ခေါက်က ဒီဟိုတယ်မှာ အရက်သောက်ခဲ့တာ ငွေဖလားနဲ့ သောက်ခဲ့တာဗျ၊ ကျုပ်ပြောတာ မယုံရင် မန်နေဂျာ ငွေကိုင်ကြီးကို သွားမေးကြည့်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'အင်း. . . ခုမှ သတိရတယ်၊ ကျွန်တော်တို့ဆီမှာ ငွေဖလားတော့ ရှိပါတယ်၊ ဒါပေမယ့် အဲဒီငွေဖလားဟာ သီးသန့် မင်္ဂလာဧည့်ခံပွဲတွေကျမှ အစုံလိုက် ထုတ်သုံးတာပါ။ သာမန်အချိန်မှာတော့ ထုတ်သုံးလေ့ မရှိပါဘူး'

'အာပဲဖြစ်ဖြစ်လေ၊ ဟိုတုန်းကတော့ မင်းတို့ဆရာက ငါတို့ ငွေဖလားနဲ့ ဧည့်ခံခဲ့တာကွ၊ အဲဒါဘာကြောင့် ဧည့်ခံတာလဲ'

'ကျွန်တော် ငွေကိုင်ကြီးကို သွားမေးကြည့်လိုက်ဦးမယ်'

'ကောင်းပြီ၊ ကောင်းပြီ'

စားပွဲထိုးသည် ဦးညွှတ် အရိုအသေ ပေးပြီး လှည့်ထွက်သွားသည်။

မကြာမီမှာပင် ငွေကိုင်ကြီးခုန်ဖန်းနှင့် စားပွဲထိုးတို့ အကျီဖြူရှိရာသို့ ရောက်လာကြသည်။

ငွေကိုင်ကြီးခုန်ဖန်းသည် အကျီဖြူကို တွေ့မြင်လိုက်သည်နှင့် ထိတ်ခနဲ ဖြစ်သွားသည်။

'ဘယ်လိုလဲ မိတ်ဆွေကြီး၊ ကျုပ်ကို မှတ်မိရဲ့လား'

အကျီဖြူက မေးသည်။ ငွေကိုင်ကြီးခုန်ဖန်းက မျက်မှောင်ကြုတ်ပြီး ခပ်တည်တည် ပြောသည်။

'ဟဲ ဟဲ. . . ကျုပ် ခင်ဗျားကို မသိပါဘူးဗျာ၊ စိတ်တော့ မရှိပါနဲ့'

'ဟားဟား. . . ခင်ဗျားဟာ တော်တော် မေ့တတ်တဲ့လူပဲ၊



တကယ်မေ့နေတာလား၊ မေ့ချင်ဟန်ဆောင်တာလားဆိုတာတော့ ခင်ဗျားကိုယ်ခင်ဗျား အသိဆုံးပေါ့ဗျာ'

ငွေကိုင်ကြီးခုန်ဖန်းသည် မမျှော်လင့်သောစကားကြောင့် မျက်နှာကွက်ခနဲ ပျက်သွားသည်။

သို့သော် ချက်ချင်း ကျွန်ုအေးဆည်လိုက်သည်။

'မိတ်ဆွေ စိတ်မဆိုးပါနဲ့၊ ကျုပ်မျက်လုံးတွေ အားနည်းလွန်းနေလို့ မမှတ်မိတာ ဝမ်းနည်းပါတယ်'

'ကိစ္စမရှိပါဘူး၊ ကျုပ်ဟာ လွန်ခဲ့တဲ့သုံးနှစ်က မိတ်ဆွေကြီးရဲ့ကျေးဇူးကြောင့် ငွေဖလားနဲ့ အရက်သောက်ခဲ့ရတဲ့သူပါဗျ'

'ဩော်. . . အင်း၊ ကျုပ်တော့ ဘာမှ မမှတ်မိတာ အမှန်ပဲဗျာ၊ ဟိုတယ်ဆိုတာ နေ့စဉ်နဲ့အမျှ လူပေါင်းစုံကို ဆက်ဆံ ဧည့်ခံနေရတာဆိုတော့ အားလုံးတို့ ဘယ်မှတ်မိနိုင်ပါ့မလဲဗျာ'

'ထားပါလေ၊ မမှတ်မိလဲ အရေးမကြီးပါဘူး၊ အရေးကြီးတာက ခင်ဗျားကို စားပွဲထိုးကြီး ခေါ်လာတဲ့ကိစ္စသာ အရေးကြီးတာပါ'

'အို. . . ဒီကိစ္စကို စားပွဲထိုးက ရှင်းပြပြီးပြီပဲ၊ ငွေဖလားဆိုတာ မင်္ဂလာပွဲတွေအတွက် သီးသန့်သုံးတဲ့ပစ္စည်းပါ၊ ခုအဲဒါတွေ မရှိပါဘူး'

'ဟား ဟား. . . ခင်ဗျားဟာ တော်တော်လိမ်ချင်တဲ့လူကိုး၊ ကဲ. . . ကျုပ် ရှင်းပြပါဦးမယ်'

အကျီဖြူသည် သူ၏ အကျီလက်အိုးထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထိုပစ္စည်းကို လက်ဝါးပေါ်တင်ပြီး ပြသည်။

ပိန်ချိုင့်ပြားကပ်နေသော ငွေဖလားလေးပင်။

'ဒီပစ္စည်းဟာ ဒီဟိုတယ်ကပစ္စည်း မဟုတ်လား'

ငွေကိုင်ကြီးခုန်ဖန်းသည် ပြားကပ်နေသော ငွေဖလား အရက်ခွက်ကိုကြည့်ပြီး မျက်လုံးပြူးသွားသည်။

သို့သော် ခုန်ဖန်းက ဟန်ဆောင်ပြီး ပြန်မေးသည်။

'ဒါ . . . ဒါကို သခင်လေး ဘယ်က ရခဲ့တာလဲ'

'ခင်ဗျား ဘာမှ မမေးပါနဲ့၊ ကျုပ်မေးတာသာ ဖြေပါ၊ ဒီပစ္စည်းဟာ ဒီဟိုတယ်ကပစ္စည်း မဟုတ်လား'

'မဟုတ်ပါဘူး သခင်လေး မဟုတ်ပါဘူး၊ ဒီပစ္စည်းဟာ ကျုပ်တို့ဟိုတယ်မှာ သုံးတဲ့ပစ္စည်း မဟုတ်ပါဘူး'

အကျိဖြူ၏ မျက်ခုံးနှစ်ဘက်သည် နဖူးပေါ် မြင့်တက်သွားသည်။

'ဟဲဟဲ . . . ခင်ဗျားတော်တော် အငြင်းသန်တဲ့လူပဲ ဟောဒီ ငွေဖလားရဲ့ဖင်အောက်မှာ ယန့်ကျိုး ဆိပ်တန်းဟိုတယ်လို့ ရေးထားတယ်ဗျ၊ ခင်ဗျား ငြင်းချင်သေးလား'

'မဖြစ်နိုင်ပါဘူး၊ အဲဒီစာမျိုး ဒီငွေခွက်အောက်မှာ ရေးထားတယ်ဆိုတာ တကယ် မဖြစ်နိုင်ပါဘူး'

'ဟားဟား . . . ခင်ဗျားတို့ ဟိုတယ်က ငွေဖလား မဟုတ်ရင် ဒီဖလားအောက်မှာ စာတန်း ရေးထိုး မထားဘူးလို့ ဘာဖြစ်လို့ ပြောနိုင်တာလဲ'



အကျိဖြူက အငိုက်ဖမ်းသည်။

သို့သော် ခုန်ဖန်းက ကြွေ လုံးဝ မပျက်။

'သခင်လေး နားရှုပ်နေပြီထင်တယ်၊ ဒီပစ္စည်းဟာ ကျုပ်တို့ဟိုတယ်ကပစ္စည်း မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်တို့ဟိုတယ်နာမည် ရေးထိုးထားတယ်ဆိုတာ မဖြစ်နိုင်ဘူးလို့ ပြောတာ၊ ပြီးတော့ ကျုပ်တို့ဟိုတယ်မှာ သုံးတဲ့ ငွေဖလားတွေနဲ့ အရွယ်အစားချင်း၊ ပုံသဏ္ဌာန်ချင်းလည်း တူတာမဟုတ်ဘူး၊ ရေးထိုးထားတဲ့စာတန်း ရှိရင်လည်း တစ်ခြားစာတန်းပဲ ဖြစ်မှာပါ'

'ဟုတ်လား'

အကျိဖြူက သရော်သံနှင့် ရယ်သွမ်းသွေးသည်။

ငွေကိုင်ကြီးခုန်ဖန်းက မခံချင်ဟန်နှင့် မဲ့သွားသည်။

'မယုံရင် ကျုပ် ယှဉ်ပြမယ်'

ခုန်ဖန်းသည် စားပွဲထိုးကို လှည့်ကြည့်ပြီး 'မင်းမြန်မြန်သွား ယူလိုက်' ဟု ပြောလိုက်သည်။

စားပွဲထိုးက ခပ်ကြောင်ကြောင်အမူအရာနှင့်-

'ကျွန်တော် ဘာသွားယူရမှာလဲ ငွေကိုင်ကြီး' ဟု မေးသည်။

ခုန်ဖန်းသည် မျက်မှောင်တစ်ချက် ကြုတ်သွားသည်။

'ဂိုဒေါင်ထဲမှာ၊ နေဦး၊ သတ္တမသခင်ကြီးဆီသာ သွား'

ငွေကိုင်ကြီးခုန်ဖန်းသည် လွယ်လွယ်နှင့် ဝန်ခံမည့်သူမဟုတ်ချေ။

အခြေအနေကို အကဲခတ်မိနေပြီ ဖြစ်သဖြင့် စွန့်စွန့်စား

www.burmeseclassic.com

www.burmeseclassic.com



စား ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်လေပြီ။

---

စားပွဲထိုးလေး ထွက်ခွာသွားသည်နှင့် အကျီဖြူတို့ အလ္လာပသလ္လာပ ပြောလာသည်။

'ဒါနဲ့ သခင်လေးက ဘယ်ဇာတိလဲ၊ ဒီနယ်တော့ ဟုတ်ဟန်မတူဘူး'

'ငွေကိုင်ကြီး အမြင်သိပ်မှန်ပါတယ်၊ ကျုပ်ဟာ ဒီနယ်က မဟုတ်ပါဘူး၊ ဟိုနန်ပြည်နယ် ခိုင်ဖုန်းမြို့ကပါ'

'ဟုတ်လား၊ အဲဒီအရပ်တာ သိပ်သာယာတဲ့အရပ်ဗျ၊ ကျုပ် အလည်အပတ် ရောက်ဖူးပါတယ်၊ တွက်ကြည့်ရင် လေးငါးကြိမ်လောက် ရှိပါပြီ၊ အဲဒီမှာ သုံ့စေတီကြီး ရှိတယ်၊ ကျောက်ယုန်သူငယ်မျှော်စင်တို့ တာ့ရှန်ဘုန်းကြီးကျောင်းတို့ ရှိတဲ့နေရာတွေဟာ တော်တော်စည်ကားတဲ့နေရာတွေပဲ'

'မိတ်ဆွေကြီးက ဟိမဝန္တာ ချိုးမွှမ်းခန်း ဖွင့်နေတာတိုး'

'ဟဲ. . . ဟဲ. . . ဒါဟာ ကျုပ်ရဲ့ပင်ကိုစရိုက်ပဲ၊ ကျုပ်ကြီးပြင်းခဲ့တာကတော့ ကျန်နန်မှာပါ၊ ဒါနဲ့ သခင်လေးနာမည်က'

'နာမည်ထက် မျိုးရိုးက အရေးကြီးပါတယ်၊ ကျုပ်မျိုးရိုးက 'မင်' မျိုးရိုးပါ၊ ဒါနဲ့ ခင်ဗျား ဒီမှာ စီးပွားရှာနေတာ တော်တော်ကြာပြီလား'

'ဟုတ်ကဲ့ တော်တော်ကြာပါပြီ၊ ဒီဟိုတယ်ကြီးရဲ့ ပိုင်ရှင်သူဌေးကြီးဟာ ကျုပ်နဲ့ ငယ်ပေါင်းတွေပဲ၊ ဒါကြောင့် ရှယ်ယာနည်းနည်း ဝင်ခွင့်ရခဲ့တယ်၊ ခြုံပြီးပြောရရင်တော့ ဝိုင်းလုပ်ဝိုင်းစားပေါ့၊ ဇဲ. . . သခင်လေးရဲ့ အမည်အပြည့်အစုံကို သိပါရစေလား'



'သိရပါတယ်၊ သိရပါတယ်၊ ကျုပ်နာမည်က 'မင်ရှင်ကြွယ်' ပါ'

'ကျေးဇူးတင်ပါတယ်၊ စာတတ်မြေတတ်တစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရလို့လဲ ဝမ်းသာဂုဏ်ယူမိပါတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ကျုပ်ဟာ မန်နေဂျာ၊ ငွေကိုင် လုပ်နေပေမယ့် စာပေတော့ တတ်ကျွမ်းမှု မရှိပါဘူး၊ ကျောင်းစာတောင် ကောင်းကောင်း မဖတ်မိခဲ့ဘူး၊ ကျောင်းနေစဉ်မှာ ကျောင်းစာ ဖတ်တာထက် ဒေသအနှံ့အပြား လျှောက်လည်နေတာက များပါတယ်၊ ငယ်စဉ်မှာ စာပေပညာကို အပတ်တကုတ် မကြိုးစားခဲ့လို့လည်း လောက်လောက်လားလား ပညာ ဘာမှ မတတ်ခဲ့ပါဘူး၊ ဒါကြောင့်လည်း ခုလို ကြုံရာသင့်ရာ လုပ်ကိုင်နေရတာ၊ ဒါတောင် သူဌေးက ငယ်ပေါင်းဖြစ်နေလို့'

'ဪ. . . ဪ'

'ကျုပ်အမြင် မမှားဘူးဆိုရင်တော့ သခင်လေးဟာ စာပေသမားသက်သက်တော့ ဟုတ်ဟန်မတူဘူး'

မင်ရှင်ကြွယ်တ ဟက်ခနဲ ရယ်ပြီး လှောင်သလို လုပ်သည်။

'ဟုတ်ရဲ့လားဗျ၊ ဟဲ. . . ဟဲ. . .'

www.burmeseclassic.com

www.burmeseclassic.com



ငွေကိုင်ကြီးခုန်ဖန်းက ထိမထင်ဟန်နှင့် ဆက်ပြောသည်။

'ဟုတ်ဖို့ များပါတယ်၊ သခင်လေးမင်ဟာ သိုင်းလောကသားတစ်ယောက် မဟုတ်တောင် သိုင်းပညာတော့ တတ်ကျွမ်းပါလိမ့်မယ်'

အကျီဖြူမင်ရင်ကြယ်က ရယ်ပြီး ပြောသည်။

'ခင်ဗျားတွေးတာ မှန်သင့်သလောက် မှန်ပါတယ်၊ ကျုပ်ဟာ စာပေပညာကို သင်ကြားခဲ့ဖူးပါတယ်၊ ဒါပေမယ့် ခရီး မရောက်ခဲ့ဘူး၊ ဒီတော့ သိုင်းပညာကို သင်ကြားခဲ့ပြန်တယ်၊ ဒီပညာမှာလဲ ဖြစ်မြောက်အောင်မြင်ခြင်း မရှိခဲ့ပြန်ဘူး၊ ဒီတော့ စာပေပညာကို ပြန်ပြီး လေ့လာလိုက်စားခဲ့ပြန်တယ်၊ တကယ်တော့ ကျုပ်ဟာ တောင်မရောက် မြောက်မရောက်နဲ့ ဖားတစ်ပိုင်း ငါးတစ်ပိုင်း ဖြစ်နေတဲ့လူပဲ၊ ငွေကိုင်ကြီးခုန်ဖန်းကတော့ ကျုပ်ထက်. . .'

အကျီဖြူမင်ရင်ကြယ်၏ စကားမဆုံးခင်မှာပင် ငွေကိုင်ကြီးခုန်ဖန်းက စကားဖြတ်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ငွေဖလားယူပြီး ပြန်ရောက်လာသော စားပွဲထိုးကို မြင်လိုက်သည်နှင့် အာရုံပြောင်းပြီး ငြိမ်သွားသည်။

စားပွဲထိုးသည် ခပ်သွက်သွက်လျှောက်လာပြီး ငွေကိုင်ကြီးလက်ထဲသို့ ငွေဖလား အရက်ခွက်ကို ရှိရိုသေသေ ပေးလာသေသည်။

ခုန်ဖန်းသည် စားပွဲထိုး လှမ်းပေးလာသော ငွေဖလားအရက်ခွက်ကို လှမ်းယူလိုက်ပြီး ငွေဖလားဖင်ကို အကျီဖြူဘက်သို့ ထောင်ပြလိုက်သည်။

'ကြည့်ပါသခင်လေး၊ ဒီငွေဖလားရဲ့ဖင်ဘက်မှာ ဒီဟိုတယ်ကြီးရဲ့နာမည်စာတန်း ရေးထိုးထားပါတယ်'

မင်ရင်ကြယ်သည် ငွေဖလားအရက်ခွက်ကို စိုက်ကြည့်လိုက်ပြီး ခေါင်းညိတ်ပြသည်။

'မှန်ပါတယ်၊ ငွေကိုင်ကြီးပြောသလို 'ထိပ်တန်းဟိုတယ်' စာတန်း ရေးထိုးထားပါတယ်'

ငွေကိုင်ကြီးခုန်ဖန်းသည် သူ့လက်ထဲမှ အရက်ခွက်ကို စားပွဲပေါ် လှမ်းတင်ထားလိုက်သည်။

'ကဲ. . . ကျုပ် ငွေဖလားအရက်ခွက်ကို ပြပြီးပြီ၊ သခင်လေးရဲ့ ငွေဖလားအရက်ခွက်ကို ပြပါဦး၊ သေသေချာချာ ကြည့်ပါရစေ'

အကျီဖြူနှင့် မင်ရင်ကြယ်သည် သူ့လက်ထဲတွင် ကိုင်ထားသော ပြားချပ်နေသည့် ငွေဖလားအရက်ခွက်ကို တွန့်တို ဆုတ်ဆိုင်းခြင်း အလျဉ်းမရှိဘဲ လှမ်းပေးလိုက်သည်။

ခုန်ဖန်းက ထိုငွေဖလားအရက်ခွက် ပြားချပ်ချပ်ကို လက်သီးနှင့် လက်မကိုသာ အသုံးပြုပြီး လှမ်းယူလိုက်သည်။

ထိုအချိန်တွင် မင်ရင်ကြယ်က ခုန်ဖန်း၏အတွင်းအားအခြေအနေကို လေ့လာနေလိုက်သည်။

'ခင်ဗျားဟာ အတွင်းအား အတော်ကောင်းပုံရတဲ့လူပဲ'

မင်ရင်ကြယ်သည် ခုန်ဖန်း၏ လျှပ်ပြက်သလို တောက်

www.burmeseclassic.com



သွားသောမျက်လုံးအရောင်ကို တွေ့လိုက်ရသဖြင့် အောင့်မထားဘဲ ပြောချလိုက်သည်။

ခုနှ်ဖန်းက ပြက်ရယ်ပြုဟန်နှင့် ရယ်သွမ်းသွေးသည်။

လက်ထဲမှ ငွေဖလား ခပ်ပြားပြားကြီးကိုလည်း ဟိုပွတ် သည်ပွတ် လုပ်သည်။

သူ၏လှုပ်ရှားမှုသည် လက်ညှိုးနှင့်လက်မ နှစ်ချောင်းတည်းကိုသာ အသုံးပြုခြင်းဖြစ်သဖြင့် အမှတ်မထင် လုပ်လိုက်သောအပြုအမူဖြစ်သည်။

---

'ဟဲဟဲ. . . သခင်လေးမင်းရင်ကြွယ်က အလကားနေရင်း ချီးကျူးနေတတ်တဲ့လူကိုး၊ တကယ်တမ်းတျတော့ ကျုပ်ဟာ ဟောဒီလို ပြားချပ်နေတဲ့ ငွေဖလားခွက်ကလေးကိုတောင် နဂိုမူလအတိုင်းဖြစ်အောင် မလုပ်နိုင်ပါဘူးဗျာ'

ခုနှ်ဖန်းသည် မင်းရင်ကြွယ်ကို ပြောနေရင်းက စားပွဲထိုးကိုလည်း ပြောပြန်သည်။

'ဟော့. . . တူတစ်ချောင်းလောက် ယူခဲ့စမ်း၊ စားတဲ့တူ မဟုတ်ဘူးနော်၊ ထုတဲ့တူ ထုတဲ့တူ'

မင်းရင်ကြွယ်က ခုနှ်ဖန်း၏အပြုအမူကို သူ့ဘာကျသွားသည်။

'ဟားဟား. . . ငွေကိုင်ကြီးက ဘယ့်နှယ် တူတောင်းနေရတာလဲ၊ ဓိဆိုင်က စားသောက်တည်းခိုတဲ့ဟိုတယ်ပါဗျ၊ ငွေထည်



ရောင်းတဲ့ပန်းထိမ်မှ မဟုတ်တာ၊ ဟဲဟဲ. . . ညကြီးတန်းခေါင်တဒုန်းဒုန်းတဒိုင်းဒိုင်း ထုရိုက်နေလို့ မသင့်တော်ပါဘူး၊ ငွေကိုင်ကြီးက ပညာတွေ လျှိုထားတာကိုး၊ လိုအပ်ရင် ကျုပ်ကိုယ်တိုင် ပုံဖော်ပေးပါ့မယ်၊ ဟဲဟဲ'

မင်းရင်ကြွယ်သည် ခုနှ်ဖန်း၏ လက်ညှိုးနှင့် လက်မကြားမှ ပြားချပ်ချပ် ငွေဖလားကို ပြန်တောင်းသည်။

ခုနှ်ဖန်းက အသာတကြည် လှမ်းပေးသည်။

မင်းရင်ကြွယ်က ပြားချပ်နေသော ငွေဖလား အရက်ခွက်ကို စားပွဲဆောင့်စွန်းတွင် တင်ပြီး လက်နှစ်ဘက်နှင့် အားစိုက်ညှစ်သည်။

လေးငါးကြိမ် ဖိညှစ်ပြီး ပုံဖော်ကြည့်သော်လည်း နဂိုမူလပုံပြန်မပေါ်သေး၊ တွန့်လိမ်နေသောခွက်တစ်ခုအဖြစ်သာ ရှိသေးသည်။

မင်းရင်ကြွယ်သည် ခေါင်းကို သွက်သွက်ခါအောင် ယမ်းလိုက်ပြီး လပ်နှစ်ဘက်ကို ပြန်ရုပ်လိုက်သည်။

'ဟင်း. . . ကျုပ်ရဲ့လက်နှစ်ဘက်ဟာ ကြက်သတ်ဖို့သာ အသုံးပြုလို့ရမဲ့လက်ပဲ၊ ငွေကိုင်ကြီးရဲ့ လက်ချောင်းကလေး နှစ်ချောင်းကိုမှီဖို့ အများကြီး လိုသေးတယ်'

မင်းရင်ကြွယ်သည် ခုနှ်ဖန်းကို ပြောရင်း ပိန်ချိုင့်နေသော ငွေဖလားဖင်ကို လှန်ကြည့်လိုက်သည်။

မင်းရင်ကြွယ် အလွန်အံ့ဩသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'တော်တော့်ကို ထူးဆန်းနေတာပဲ၊ အလျင်တုန်းက ဒီ ငွေဖလားအရက်ခွက်ရဲ့ဖင်မှာ စာတန်းလေးတစ်တန်း ရှိခဲ့တယ်ဗျ။ ခု အဲဒီစာတန်း မရှိတော့ဘူး၊ ပျောက်သွားပြီ ပျောက်သွားပြီ'

မှန်သည်။ မင်းရင်ကြွယ် ပြောသောစကားသည် အမှန် ဖြစ်သည်။

အစက ဤငွေဖလားဖင်ဘက်တွင် 'ယန်ကျိုး–ထိပ်တန်း ဟိုတယ်'ဟူသော စာတန်းကလေး ရှိခဲ့သည်။

ယခုမူ ထိုစာတန်းကလေး မရှိတော့။

အက္ခရာစာလုံးများ၏ အရေးအကြောင်းများပင် စိုးတစ်ဝါး မျှ မရှိတော့။ ပြောင်ချောနေလေပြီ။

ခုန်ဖန်းကမူ မည်သို့မျှ အံ့ဩဟန်မပြ၊ မင်းရင်ကြွယ် တို့သာ ရယ်ကျဲကျဲကြည့်သည်။

'သခင်လေးက သက်သက် ပြဿနာ ရှာနေတာပဲ၊ ဒီ ပစ္စည်းဟာ ကျုပ်တို့ဟိုတယ်တာပစ္စည်း မဟုတ်ပါဘူး၊ ဒါကြောင့် မို့ နဂိုကတည်းက မရှိတာပါ၊ တကယ်ရှိရင် ဒီစာတန်းလေး ဘယ်လို လုပ် ပျောက်သွားနိုင်မှာလဲ'

မင်းရင်ကြွယ်က ခုန်ဖန်း၏စကားကို လက်မခံချေ။ခေါင်း ကိုသာ တွင်တွင်ယမ်းနေသည်။

'မဟုတ်သေးပါဘူး၊ ဒီငွေဖလားဟာ ဒီဟိုတယ်က ငွေ ဖလားအစစ်ပါ၊ ဒီငွေဖလားနှစ်ခွက်ကို သေသေချာချာကြည့် အရွယ်တူ၊ ပုံစံတူ၊ အသွေးတူ၊ ဘေးက ကနုတ်ပန်းတွေကို



ယှဉ်ကြည့်ဦး၊ တစ်ပုံစံတည်းပဲ၊ ဟုတ်တယ်မဟုတ်လား'

ခုန်ဖန်းက ခေါင်းယမ်းသွားပြန်သည်။

'ဒါကတော့ဗျာ ကလေးလေးတောင် စဉ်းစားနိုင်တဲ့ အချက်ပါ၊ ဒီပစ္စည်းကို ထုလုပ်ရောင်းချနေတဲ့ ငွေပန်းထိမ်ဆိုင်ဟာ တစ်ဆိုင်တည်း ဖြစ်နေလို့ တူနေတာ ဖြစ်မှာပေါ့'

'အဲဒါမှ ပိုပြီးထူးဆန်းတာပေါ့'

မင်းရင်ကြွယ်က သူ့ဘာသာပြောသလို ပြောလိုက်သည်။ အတန်ကြာမှ. . .

'တဲ. . . ဒီငွေဖလားကို ကျုပ် ဘယ်နေရာက ရခဲ့တယ် ဆိုတာကိုကော ငွေကိုင်ကြီး တွေးမိသလား'

'အိုး. . . ဘယ်လိုလုပ် တွေးမိမှာလဲဗျ'

'လိုဆိုရင် ကျုပ် ပြောပြမယ်'

'ပြောပါ၊ ပြောပါ၊ ကျုပ် စိတ်ဝင်စားပါတယ်'

'လိပ်ပတ်လည်အောင် ပြောရမယ်ဆိုရင်တော့ အရှည်ကြီး ပြောရလိမ့်မယ်ဗျ၊ ရခဲ့တာကတော့ လွန်ခဲ့တဲ့သုံးနှစ်ကပါ'

'လွန်ခဲ့တဲ့သုံးနှစ်က ဟုတ်လား'

'ဟုတ်ပါတယ်၊ အဲဒီကတည်းက သိမ်းထားခဲ့တာ ခုချိန် ထိပဲပေါ့'

'အင်း. . . ဆက်ပြီးပြောဖို့က ဒီနေရာဟာ လူသိပ်များတဲ့ နေရာပ၊ ပြောလို့ သင့်တော်ပါ့မလားဗျာ'

'သင့်တော်ပါတယ်၊ မသင့်တော်စရာအကြောင်း ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး'

'ကျုပ်သဘောကတော့ လွတ်လပ်တဲ့နေရာသာ အကောင်းဆုံးပဲ၊ ဒီနေရာက လွတ်လပ်မှု သိပ်မရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပြောရမယ့်ကိစ္စထဲမှာ ကျို့မိသားစုအိမ်တော်အကြောင်း ပါ ပါနေလို့ပဲ'

---

ငွေကိုင်ကြီးခုန်ဖန်းက အထိတ်တလန့် မေးသည်။

'ဟုတ်လား၊ ကျို့မိသားစုအိမ်တော်၊ သတ္တမနတ်မင်းရဲ့ ကျို့မိသားစုအိမ်တော် ဟုတ်လား'

'ဟုတ်တယ်'

'သြော်. . . သြော်. . . သတ္တမနတ်မင်း ကျို့ကုံးချွင်ရဲ့ အိမ်တော်နဲ့ ပတ်သက်နေတာကို'

'ဟုတ်တယ်၊ ငွေကိုင်ကြီး ဦးနှောက်ရှိရင် ဒီကိစ္စကို စဉ်းစားလို့ ရနိုင်ပါတယ်၊ လွန်ခဲ့တဲ့သုံးနှစ်ကလည်း ဒီအိမ်တော်မှာ အလွန်ကြီးကျယ်တဲ့ လက်ထပ်မင်္ဂလာပွဲကြီး ကျင်းပခဲ့တယ်၊ သတို့သားနဲ့ သတို့သမီးတို့ဟာ ကျို့ကုံးချွင်ရဲ့ ချစ်သူငယ်ချင်း 'ဖူစောင်းဓားရှည် စာပေသမား' နဲ့ 'မေမုန့်ချူး'တို့ရဲ့ မင်္ဂလာပွဲပဲ သိုင်းလောကရဲ့ကောရာဇ်တစ်ယောက်နဲ့ ကျုပ်တို့သိုင်းလောကရဲ့ အညွှန့်အဖူးကလေးတို့ရဲ့ မင်္ဂလာပွဲပေါ့ဗျာ'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျုပ် သတိရပြီ၊ အဲဒီတုန်းက ကျုပ်တို့ရဲ့ ထိပ်တန်းဟိုတယ်ကြီးဟာ ညေ့်ခံကျွေးမွေးမှုတာဝန်ကို ယူခဲ့ရတယ်



ရခဲ့တဲ့အကျိုးကတော့ ငွေတွေ မရေတွက်နိုင်အောင်ပဲ၊ အဲဒီမင်္ဂလာပွဲကြီးဟာ တရုတ်ပြည်တစ်ပြည်လုံးမှာရှိတဲ့ သိုင်းသမားတွေ စုံစုံညီညီ တက်ရောက်ချီးမြှင့်ခဲ့တဲ့ပွဲပဲ၊ ယန်ကျိုးမြို့ရဲ့ ဆယ်စုနှစ်ကာလအတွင်းမှာ မကြုံဖူးအောင် စည်ကားတဲ့ မင်္ဂလာပွဲကြီးပေါ့ ဟဲ. . . ဟဲ. . . ဟဲ'

ခုန်ဖန်းသည် မင်သေသေပြောနေရင်းမှ ခြောက်ကပ်ကပ် ရယ်မောလိုက်သည်။

'ဟုတ်တယ်၊ ဒီလို စည်ကားသိုက်မြိုက်တဲ့ပွဲမျိုးကို နောက်ထပ် ကြုံချင်ကြုံဦးမှာပါ'

မင်ရင်ကြယ်က အဓိပ္ပာယ်ပါသောစကားကို ပြောသည်။

ခုန်ဖန်းကလည်း အပါး။

'ဒီလိုပွဲမျိုး ကြုံရဦးမယ်ဆိုရင် သိုင်းလောကသားတွေ ဗိုက်ကားဦးမှာပေါ့ဗျာ၊ ဟဲဟဲ. . . တကယ်တော့ ကျို့ကုံးချွင်ဟာ လူချစ်လူခင် ပေါများတဲ့ပုဂ္ဂိုလ်ပါ'

'လူတစ်ယောက် အပေါင်းအသင်း ကောင်းတယ် မကောင်းဘူးဆိုတာဟာ သူ့ရဲ့ သာရေးနာရေးကိစ္စတွေမှာ အဖြေပေါ်တာပါပဲ ဟဲဟဲ. . .'

'ဟုတ်ပါတယ်ငွေကိုင်ကြီး ဟုတ်ပါတယ်၊ သတ္တမနတ်မင်း ကျို့ကုံးချွင်ဟာ သမာသမတ်ကျပြီး တော်တည့်ဖြောင့်မှန်တဲ့ ပုဂ္ဂိုလ်ပါ၊ ခုတော့ ကျို့ကုံးချွင်မှာ မိတ်စစ်ဆွေစစ် နည်းနေပါပြီ'

အကြိမ်ကြိမ် မင်ရင်ကြယ်၏စကားကြောင့် ခုန်ဖန်း ကြောင်

www.burmeseclassic.com



သွားသည်။

ဤလူသည် မည်သည့်အဓိပ္ပာယ်နှင့် ဤစကားကို ပြောနေသနည်း။

မင်းရင်ကြွယ်က ဆက်ပြောသည်။

'နေပါဦး၊ ကျုပ် တစ်ခု မေးချင်ပါသေးတယ်၊ အဲဒီ မင်္ဂလာလက်ထပ်ပွဲမှာ ခင်ဗျားတို့ ထိပ်တန်းဟိုတယ်က တာဝန်ယူ ညေ့ခံကျွေးမွေးခဲ့တာ မဟုတ်လား'

'ဟုတ်တယ်လေ၊ ကျုပ် ပြောခဲ့ပြီးပြီပဲ၊ အင်း. . . နေဦး၊ ဒီစကားက မပြည့်စုံသေးဘူး၊ အဲဒီမင်္ဂလာပွဲမှာ ကျုပ်တို့ဟိုတယ်က တာဝန်ယူ ညေ့ခံခဲ့တယ်ဆိုပေမယ့် ယန်ကျိုးမြို့ထဲမှာရှိတဲ့ တစ်ခြားဟိုတယ်တွေကလည်း တာဝန်ယူ ကျွေးမွေးခဲ့ကြရပါတယ်၊ သူတို့အကူအညီမပါဘဲ ကျုပ်တို့ဟိုတယ်တစ်ခုတည်းက ပြည့်စုံအောင်မဆောင်ရွက်နိုင်ပါဘူး၊ တစ်ခြားဟိုတယ်တွေရဲ့ အကူအညီလည်းအများကြီး ပါခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွေးမွေးညေ့ခံရတဲ့ပရိသတ်တွေဟာ သောက်သောက်လဲ ဖြစ်နေတာ မဟုတ်လား၊ တခြားဟိုတယ်တွေက စားဖိုမှူးတွေဟာလည်း အချက်အပြုတ်ကောင်းတဲ့ စားဖိုမှူးတွေချည်းပါပဲ'

'ဟုတ်ပါတယ်၊ ဒီမင်္ဂလာပွဲဟာ သိုင်းလောကတစ်ခုလုံးသိနေတဲ့ မင်္ဂလာပွဲပါ၊ အဲဒီတုန်းက ညေ့ပရိသတ်တွေဟာ သူတို့သမီးအခန်းကိုတောင် ဝင်သွားပြီး နောက်ပြောင်ကျီစယ်ခဲ့ကြသေးတယ်၊ ဒါပေမယ့် ဒီမင်္ဂလာပွဲဟာ ကျက်သရေမင်္ဂလာအပေါင်း



နဲ့ ပြည့်စုံတဲ့ မင်္ဂလာပွဲကြီးကနေ အမင်္ဂလာအဖြစ်ဆိုးကြီး ဖြစ်သွားခဲ့ရတယ်၊ အဲဒီလိုဖြစ်ရတာဟာ သတို့သား စာပေသမားဟာ အဆိပ်ခတ်ထားတဲ့အရက်ကို သောက်မိပြီး ရူးသွပ်သွားခဲ့လို့ပဲ'

မင်းရင်ကြွယ်က စကားကို အဆုံးသတ်ပြီး ခုန်ဖန်းကို စိုက်ကြည့်သည်။

ခုန်ဖန်းသည် ရင်ထဲ ဒိန်းခနဲဖြစ်သွားပြီး ခေါင်းနားပန်းကြီးသွားတော့သည်။

▸▸ ◂◂

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

### မိန်းမချောနှင့် တွေ့ဆုံခြင်း

ငွေကိုင်ကြီးခုန်ဖန်းသည် ခေါင်းကို ဖြည်းဖြည်းညိတ်ပြသည်။

'မှန်ပါတယ်၊ ဒီကိစ္စဟာ မင်္ဂလာရှိရာက မင်္ဂလာ... ဖြစ်သွားရတဲ့ကိစ္စပါ။ ဒါကို သိုင်းလောကတစ်ခုလုံး မသိသူ ... သလောက်ပါ။ ကျုပ်လည်း ဒီကိစ္စကို တစ်ဆင့်စကား တစ်ဆင့်... ဆိုသလို ကြားခဲ့ရပါတယ်၊ တော်တော်ရင်နာစရာကောင်း... အဖြစ်ပါ'

ငွေကိုင်ကြီးခုန်ဖန်းသည် အမှန်တကယ် စိတ်မကော... ဖြစ်သွားဟန်နှင့် မျက်နှာညှိုးသွားသည်။



ထို့နောက် မင်သေသေနှင့် ဆက်ပြောပြန်သည်။

'သတို့သား ဝန်ရှင်မော်နဲ့ သတို့သမီးလေးတို့ဟာ အတော်ကံဆိုးတဲ့စုံတွဲပဲ၊ နှဖူးစာ မင်ရည်ကျဲလို့ ရင်ကွဲစရာအဖြစ်နဲ့ ကြုံရရှာတယ်'

'ဟုတ်ပါတယ် ငွေကိုင်ကြီး၊ သူတို့ဟာ ခင်ဗျားပြောသလို ကံဆိုးတဲ့အတွဲတစ်တွဲပဲ'

မင်ရှင်ကြွယ်သည် ငွေကိုင်ကြီး ခိုင်ဖုန်းကို အကဲခတ်လိုက်ပြန်သည်။

အတန်ကြာမှ စကားပြန်ဆက်သည်။

'ဟောဒီငွေဖလားဟာ အဲဒီတုန်းက အဆိပ်ခတ်ထားတဲ့ အရက်ကို ထည့်ထားခဲ့တဲ့ ငွေဖလားပဲ၊ လူတွေ ရုတ်ရုတ်သဲသဲဖြစ်နေတုန်း ကျုပ် ယူခဲ့တာ'

'ဟင် . . ဟုတ်လား'

ခုန်ဖန်းသည် အလွန်အံ့ဩသွားသည်။

'လက်စသတ်တော့ ဒီငွေဖလားဟာ ဝန်ရှင်မော်ကို အဆိပ်သင့် ရှုံးသွပ်စေခဲ့တဲ့ ငွေဖလားကိုး'

'ဟုတ်ပါတယ်၊ ခုတော့ ခင်ဗျား ကောင်းကောင်း သဘောပေါက်ပြီ မဟုတ်လား'

မင်ရှင်ကြွယ်က ခုန်ဖန်းကို တရားခံကြည့် ကြည့်ပြီး ပြောသည်။

ခုန်ဖန်းက သူနှင့် မည်သို့မျှ မသက်ဆိုင်သည့်ဟန်ဖြင့်

www.burmeseclassic.com



ခပ်တည်တည် ဝန်ခံသည်။

'သဘောပေါက်ပါပြီဗျာ၊ သဘောပေါက်ပါပြီ'

'ဒီလိုဆိုရင် ခင်ဗျာ ဘာငြင်းချင်သေးလဲ'

'ဗျာ. . . ဗျာ. . .'

'ဗျာ မနေနဲ့၊ ဝန်ရင်မော်ကို အဆိပ်သင့် ရူးသွပ်စေခဲ့တဲ့ ငွေဖလားဟာ ခင်ဗျားဟိုတယ်က ငွေဖလားပဲ'

'အိုး. . . ဒီလို စွပ်စွဲလို့ ဘယ်ဖြစ်ပါ့မလဲ၊ မင်္ဂလာ ဧည့်ခံပွဲမှာ အရက်သောက်ခဲ့တဲ့လူတွေဟာ ရာနဲ့ချီနေတာပါ၊ ဘယ်သူမှ ဘာမှ မဖြစ်ခဲ့ကြပါဘူး'

'မှန်ပါတယ် ငွေကိုင်ကြီး မှန်ပါတယ်၊ ဒါပေမယ့် ဝန်ရင်မော်တစ်ယောက်တည်းကွက်ပြီး အဆိပ်သင့်ခဲ့တာဟာ. . .'

မင်းရင်ကြယ်က စကားကို ဖြတ်ပြီး ခုန်ဖန်းကို မော့ကြည့်သည်။ ပြီးမှ. . .

'ထူးခြားချက်က အဲဒီငွေဖလားဟာ ခင်ဗျားတို့ဟိုတယ်က ငွေဖလားနဲ့ တစ်ထပ်တည်း ဖြစ်နေတာပဲ၊ ဒါပေမယ့် ဒီငွေဖလားဟာ နည်းနည်းပိုပါတယ်၊ ဖင်ဘက်မှာ အပေါက်ငယ်လေးတွေ အများကြီး ရှိနေတယ်၊ အပ်ဖျားလောက်ရှိတဲ့ အပေါက်ကလေးတွေဗျ'

'ဟုတ်လား. . . ကျုပ် ကြည့်စမ်းပါရစေဦး'

မင်းရင်ကြယ်က ပုံပျက်ပန်းပျက်ဖြစ်နေသော ငွေဖလားကို ခုန်ဖန်းရှေ့ တိုးပေးလိုက်သည်။



'ကြည့်ပါ၊ ငွေကိုင်ကြီး ကြည့်ပါ'

ငွေကိုင်ကြီး ခုန်ဖန်းက ငွေဖလားကို ယူကြည့်သည်။

'ဟုတ်သားပဲ၊ သခင်လေးဟာ တော်တော် စေ့စပ်သေချာတဲ့လူပဲ၊ အပေါက်ကလေးတွေဟာ ဆံဖျားလောက်ရှိတဲ့ အပေါက်ကလေးတွေပဲ၊ သာမန်လူဆို ဘယ်လိုမှ ကြည့်လို့ မြင်နိုင်မှာ မဟုတ်ဘူး'

'ဟုတ်တယ်၊ ဒီငွေဖလားထဲက အရက်ကိုသောက်ခဲ့တဲ့ ဝန်ရင်မော်ဟာ ကျုပ်လောက် စေ့စပ်သေချာမှု မရှိဘူး၊ ဒါကြောင့်လည်း အဆိပ်မိခဲ့တာပဲ'

'ဒါကတော့ ဘယ်သူပဲဖြစ်ဖြစ် နာမည်ကြီး မိန်းမချော မိန်းမလှတစ်ယောက်နဲ့ လက်ထပ်ရတဲ့လူဟာ မင်္ဂလာဦးညကိုသာ စိတ်ကူးနေမှာပေါ့၊ အဆိပ်ဆိုတာကို ဘယ်လိုလုပ် စိတ်ကူးနိုင်မှာလဲ၊ သခင်လေးကိုယ်တိုင် သူ့နေရာမှာ ရှိနေရင် သခင်လေးလဲ သူ့လို ဒုက္ခရောက်မှာ သေချာပါတယ်'

ခုန်ဖန်းက မင်းရင်ကြယ်၏ ကြွားဝါမှုကို ခပ်နှိမ်နှိမ် ပြောချလိုက်သည်။

'ဟုတ်ပါတယ် ငွေကိုင်ကြီး၊ ဟုတ်ပါတယ်၊ ခင်ဗျား အတွေးလဲ တော်တော်ကောင်းတာပါပဲ၊ ဒီတော့ ကျုပ် မေးချင်ပါသေးတယ်၊ ဒီလိုလုပ်ကြမှုဟာ အစီအစဉ်ရှိရှိ ကြိုတင်ကြံစည်ပြီး လုပ်ကြတာ မဟုတ်ဘူးလားဗျာ'

'ဟုတ်ပါတယ်၊ ဒီအတိုင်းပဲ ဖြစ်မှာပါပဲ၊ ဒီအချက်က

www.burmeseclassic.com



ဦးနှောက်အခြောက်ခံပြီး စဉ်းစားနေရမယ့်ကိစ္စမှ မဟုတ်တာ'

'မှန်တယ်၊ လုပ်ကြံပုံ လုပ်ကြံနည်းကို ခင်ဗျာ ဘယ်လို ထင်ပါသလဲ'

ခုန်ဖန်းက မြူးသည်။

ဤမေးခွန်းသည် ဖြေရန် မလိုသော မေးခွန်းဖြစ်သည်။

'ကျုပ်ဖြေတာထက် သခင်လေး ဖြေတာက ပိုပြီး နီးစပ်လိမ့်မယ်'

'ဟဲ. . . ဟဲ. . . ခင်ဗျားဟာ လူပါးပဲကော. . . ကျုပ် ပြောမယ်၊ ကျုပ် တွေးမိတာကတော့ အပ်ဖျားလောက် ဆံပင်ချည်လောက်ရှိတဲ့ အပေါက်ကလေးတွေထဲမှာ အဆိပ်မှုန့်တွေ ထားမယ်၊ ဒီတော့ အပေါက်ကိုလဲ ပိတ်၊ အဆိပ်လည်း ထည့်ပြီးရော၊ အရက်လောင်းထည့်လိုက်တဲ့အခါကျတော့ အပေါက်ကလေးတွေထဲက အဆိပ်မှုန့်တွေဟာ အရည်ပျော်ပြီး အရက်နဲ့ရောသွားမယ်၊ သောက်လိုက်တဲ့ အခါကျတော့ ဟဲ. . . ဟဲ. . . ရှင်းရှင်းပြောရရင် အဲဒီ ငွေဖလားဟာ ခင်ဗျားတို့ ဟိုတယ်က အရက်ဖလား ဖြစ်နေတဲ့ အချက်ပဲ၊ ခင်ဗျား ဘာပြောချင်သလဲ'

ခုန်ဖန်းသည် ဖုံးဖိမရအောင် မျက်နှာပျက်သွားသည်။

'ခင်ဗျား. . . ခင်ဗျား. . . မတရား စွပ်စွဲနေတာလား'

'ဟား. . . ဟား. . . ကျုပ်က မဆိုင်တဲ့လူကို အရမ်းမစွပ်စွဲပါဘူး'

'တကယ်တော့ သခင်လေး အမြင်မှား၊ အတွေးမှား ဖြစ်နေတာပါဗျား၊ ကျုပ်တို့ဟိုတယ်ဟာ ယန်ကျိုးမြို့မှာ နာမည်အကြီးဆုံး ဟိုတယ်ကြီးပါ၊ မြို့လယ်ခေါင်ပေါ်မှာ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ရှိနေတဲ့ ဟိုတယ်ကြီးပါ၊ လျှို့ဝှက်ရောင်းဝယ် ဖောက်ကားနေတဲ့ဟိုတယ် မဟုတ်ပါဘူး၊ အနက်ရောင်လောကက အနက်ရောင်ဟိုတယ် မဟုတ်ပါဘူး၊ လူယက်ဓားပြတိုက်ပြီး လူသတ်နေတဲ့ဟိုတယ် မဟုတ်ပါဘူး'



ငွေကိုင်ကြီးခုန်ဖန်း၏အသံသည် ဒေါသကြောင့် တုန်ယင်နေသည်။

မင်ရှင်ကြွယ်က တည်ငြိမ်ငြိမ် ပြန်ပြောသည်။

'ကျုပ်က ခင်ဗျား အော်နေသလို အနက်ရောင်ဟိုတယ်လို့ပြောနေတာ မဟုတ်ဘူး၊ အကျိုးနဲ့အကြောင်းနဲ့ ဆက်စပ်ပြီး ရှင်းပြနေတာပါ'

'ဘာပဲဖြစ်ဖြစ်လေ၊ ဒီငွေဖလားဟာ ကျုပ်တို့ ဟိုတယ်က ငွေဖလား မဟုတ်တာတော့ အမှန်ပဲ၊ အရွယ်အစားချင်း အသွေးအရောင်ချင်း ကနုတ်ပန်းနွယ်ချင်း တူနေပေမယ့် ကျုပ်တို့ ဟိုတယ်က ပစ္စည်းတော့ မဟုတ်ဘူး၊ တစ်ခြားဟိုတယ်တစ်ခုက ပစ္စည်း ဖြစ်မှာပါ'

'ပြောပါ ခင်ဗျား စိတ်ထဲ ရှိသလို ပြောပါ'

'နောက်ထစ်ခုက တစ်ဦးတစ်ယောက်က ယုံစတုရယ်ပြီး ယူလာတာဖြစ်မယ်၊ သခင်လေး လိုက်ရှာရမှာက. . .'

'ဟုတ်ပြီ. . . ဟုတ်ပြီ ခင်ဗျား ပြောတာ လက်ခံသင့်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အချက်ပဲ၊ ဒါပေမယ့် ကျိုစိသားစု အိမ်တော်ထဲမှာ အစေခံတွေ အထိန်းတော်တွေ၊ ညှော်ခံသူတွေဟာ အများကြီးဗျ၊ ဘယ်သူ ဘယ်ဝါဆိုတာ စုံစမ်းဖို့ သိပ်မလွယ်ဘူး၊ နောက်တစ်ခုက. . .

ခုန်ဖန်းက ဖြတ်ပြောလာသည်။

'ဘာပဲဖြစ်ဖြစ်ဗျာ၊ ဒီကိစ္စကျုပ်နဲ့ ဆိုင်တဲ့ကိစ္စမဟုတ်ပါဘူး ပတ်လဲ မပတ်သက်ပါဘူး'

'ဒီလိုပြောလို့တော့ ဘယ်ရမလဲဗျာ၊ မင်္ဂလာပွဲမှာ အမိုက တာဝန်ယူ ညှော်ခံခဲ့တာက ခင်ဗျားတို့ဟိုတယ် မဟုတ်လား၊ အဆိ ခင်ထားတဲ့ အထူးစီမံပြုလုပ်ထားတဲ့ ငွေဖလားကလည်း ဒီဟိုတယ် က ငွေဖလားမျိုးဆိုတော့ တစ်စုံတစ်ရာ ရှိပါတယ်၊ ဒီဟိုတယ်မှာ ခင်ဗျား မန်နေဂျာ၊ ခင်ဗျား ငွေကိုင်၊ ခင်ဗျား အုပ်ချုပ်ရေးမှူး ဒီတော့'

မင်ရင်ကြွယ်က စားစဖြတ်ပြီး အကဲခတ်သည်။

ခုန်ဖန်းသည် မျက်နှာကြီး ရှုံ့မဲ့သွားသည်။

'ခင်ဗျား ကိုယ့်ကိုယ်ကို အတွေးအခေါ် အဆက်အစပ် တောင်းတယ်ဆိုပြီး ကျုပ်ကို မတရား အပြစ်ရှာနေတာကိုး'

'ဒီလို မဟုတ်ပါဘူး ငွေကိုင်ကြီး၊ ကျုပ်က ခင်ဗျားတို့ တရားခံ အစစ်ပဲလို့ စွပ်စွဲနေတာ မဟုတ်ပါဘူး၊ ဖြစ်နိုင်တာ ဖြစ်နေတာတွေကို ပြောပြမေးမြန်းပြီး ဆွေးနွေးနေတာပါ'

'ဩော်. . . ဩော်၊ အဲဒီလိုဆိုရင် ကျုပ် အကြံပေးချင်ပါ တယ်၊ ဒီငွေဖလားဟာ မူလက ထုတ်လုပ်တဲ့ ပန်းထိမ် အမှတ် အသားတွေ ပါတာချည်းပါပဲ၊ ခင်ဗျားအနေနဲ့ အဲဒီအမှတ်အသား ကိုကြည့်ပြီး မူလ ပန်းထိမ်ဌာနအထိ သွားစုံစမ်းသင့်တယ်'

'ခင်ဗျား ပေးတဲ့အကြံဟာ ကောင်းတဲ့ အကြံပါ၊ ဒါပေမယ့် ဒီငွေဖလားဟာ ဘယ်ပန်းထိမ်က ထုတ်လုပ်တယ်ဆိုတဲ့ အမှတ် တံဆိပ်မပါဘူး'

'ဒီလိုဆိုရင် ဒီငွေဖလားကို ယူလာတဲ့လူကို မရအရ ရှာမှပေါ့'

'ခုချိန်ကျမှတော့ ဘယ်လွယ်တော့မှာလဲ၊ ကျုပ်လည်း ခင်ဗျားပြောသလို စဉ်းစားခဲ့တာပဲ၊ ဒါပေမယ့် အဲဒီ အချိန်တုန်းက အရေးကြီးတဲ့ကိစ္စ တစ်ခုနဲ့ ယွင်ကွေ့အထိ လိုက်သွားခဲ့ရလို့ဗျ။ ဒီလိုမှ မဟုတ်ရင် ငွေဖလား ယူလာတဲ့လူရဲ့နောက်ကို မျက်ချည်မပြတ် လိုက်နိုင်ခဲ့မှာပဲ၊ အဲဒီလိုသာ လိုက်နိုင်ခဲ့ရင် ဒီလူ ဘယ်လွတ်ပါမလဲ'

'ဒါဟာ ခင်ဗျားရဲ့ညံ့ဖျင်းမှုပဲ၊ အရေးကြီးတာက အဲဒီ လူကိုသာ မရအရ လိုက်ဖမ်းရမှာဗျ'

'ဟုတ်ပါတယ်၊ ငွေကိုင်ကြီးပြောတာ မှန်ပါတယ်၊ အဲဒီ အချိန်က အဲဒီလူကိုသာ လိုက်ပြီး ဖမ်းဆီးနိုင်ခဲ့ရင် ယန်ကျိုးမြို့က ထိပ်တန်းဟိုတယ်ကြီးလည်း ခုချိန်ထိ ဘယ်သက်ဆိုးရှည်နိုင်မှာ လဲဗျာ၊ ဟား. . . ဟား'

'ခင်ဗျားစကားက ဘာစကားလဲ'

ခုန်ဖန်းက မျက်စိပျတ် မျက်နှာပျက်နှင့် ဘုချလာသည်။

မင်ရင်ကြွယ်က ဟက်ခနဲ ရယ်ပြီး ခပ်တည်တည် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

'ဒီလိုပါ . . . ဒီလိုပါ၊ အဲဒီတုန်းက သိုင်းလောကသားတွေဟာ တော်တော်ဒေါသဖြစ်နေခဲ့ကြတယ်၊ ဒီတော့ ကျုပ်ကသာ ဒီဟိုတယ်ကြီးကို လက်ညှိုးထိုးပြလိုက်ရင် ကျိူ့မိသားစုရဲ့ သွေးသောက် ရောင်းရင်းတွေဟာ ဘာမှ မစဉ်းစားကြတော့ဘဲ ကမူးရှူးထိုးနဲ့ ဖျက်ဆီးတိုက်ခိုက်ကြတော့မှာပဲလို့ ဆိုလိုတာပါ၊ ဒီလိုမှ မဟုတ်ရင်လည်း ထိပ်တန်းဟိုတယ်က အစားအစာတွေထဲမှာ အဆိပ်ပါတတ်တယ်ဆိုပြီး ဘယ်သူမှ လာကြတော့မှာ မဟုတ်ဘူး ဒီတော့ ဒီဟိုတယ်ကြီး ပျက်စီးမသွားပေဘူးလားဗျာ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ခင်ဗျားဟာ ဒီဟိုတယ်ကြီးရဲ့ မဟာကျေးဇူးရှင်ကြီးပါပဲ၊ ဒါကြောင့် ဒီဟိုတယ်ကြီးရဲ့ သူဌေးကြီး ကိုယ်စား အစုရှယ်ယာဝင် မန်နေဂျာ ငွေကိုင်ကြီး ကျုပ်က ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်းပါခင်ဗျား'

ခုန်ဖန်းသည် ဒေါသထွက်ထွက်နှင့် သရော်လှောင်ပြောင်ပြီး ပြောလာတော့သည်။

သို့သော် မင်ရင်ကြွယ်ယက အပြုံးမပျက်ပါ။

'ဒီလောက်လည်း ကျေးဇူးတင်နေစရာ မလိုပါဘူးဗျာ၊ ခုချိန်ထိ တကယ့်တရားခံကို ရှာမတွေ့သေးတာဟာ ကျုပ်ရဲ့ ညံ့ဖျင်းချက်ပါ၊ ဘာပဲဖြစ်ဖြစ် မကောင်းမှု ဒုစရိုက်ဆိုတာ ကြာကြာ ဖုံးကွယ်ထားလို့ ရတာ မဟုတ်ပါဘူး၊ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုတဲ့ စကားလည်း ရှိသားပဲဗျာ၊ ဟဲ . . . ဟဲ . . .



'ဟုတ်ပါတယ် သခင်လေး၊ ဟုတ်ပါတယ် မကောင်းကြံသူဟာ မကောင်းဖက်ကို ခံရစမြဲပါ'

'ဒါနဲ့ နေပါဦး ငွေကိုင်ကြီးရဲ့၊ ခင်ဗျားဟာ သိုင်းသမားကြီးတစ်ယောက်ဖြစ်နေလျက်နဲ့ ဘာဖြစ်လို့ ဒီဟိုတယ်ကြီးမှာ ငွေကိုင်လုပ်နေရတာလဲဗျ၊ သိုင်းသမားနဲ့ ငွေကိုင်မန်နေဂျာဆိုတာ ဘဝချင်း ကွာခြားလှပါတယ်ဗျာ'

'အို . . . သခင်လေး ဘယ်လို ပြောလိုက်တာလဲ၊ သခင်လေး အမြင် သိပ်မှားတယ်ဗျ၊ ကျုပ်လို ပိန်ခြောက်ခြောက်အဘိုးကြီး မျက်မှန်တပ်နေရတဲ့ လူတစ်ယောက်ဟာ ဘယ်လိုလုပ် သိုင်းသမား ဖြစ်နိုင်မှာတုန်း၊ သခင်လေး လူတဲခတ် မှားနေပါပြီ'

ခုန်ဖန်းသည် သူ့ကိုယ်သူ ကာကွယ်ပြောဆိုနေသော်လည်း သူ၏အမူအရာသည် ထိတ်လန့်တကြားနိုင်နေသည်။

မင်ရင်ကြွယ်က ပြုံးသည်။ ထိုအပြုံးသည် သရော်လှောင်ပြောင်သည့်အပြုံးပင်ဖြစ်သည်။

'ခင်ဗျားကလည်း ခုချိန်ထိ ဖုံးကွယ်နေတုန်းကိုးဗျ၊ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ ရတဲ့အရာ မဟုတ်ပါဘူး'

မင်ရင်ကြွယ်၏ မျက်လုံးအရောင်သည် ပိုပြီးတောက်ပြောင်လာသည်။

ခုန်ဖန်းက ခေါင်းကိုသာ တွင်တွင်ယမ်းသည်။

'ကျုပ် ဘာမှ ဖုံးကွယ်မနေပါဘူးဗျာ၊ ကျုပ်မှာ ဝန်ခံစရာ အကြောင်းလည်း မရှိပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား တော်တော် ပြောရကျပ်တဲ့လူပဲ၊ ကျုပ်ဟာ အပွေး မြင် အတင်သိတဲ့ လူပါဗျာ၊ အေးအေးဆေးဆေး ပြောနေရင် မှန်မှန် ကန်ကန် ဝန်ခံမှာပေါ့၊ ကျုပ် စိတ်မထိန်းနိုင်ရင် အလကား ပြဿနာ ပေးနေမယ်၊ အဲဒီအခါကျရင် ကျုပ်ကို အဆိုမဆိုနဲ့'

ခုန်ဖန်း၏မျက်နှာသည် သိသိသာသာကြီး မှုန်မှိုင်းသွား သည်။

အတန်ကြာမှ ခေါင်းငိုက်စိုက်ချပြီး တိုးတိုးညင်ညင် ပြော လာသည်။

'စိတ်မဆိုးပါနဲ့ သခင်လေး၊ ကျုပ် ကျုပ်ဟာ တစ်ချိန် တုန်းကတော့ သိုင်းလောကသားတစ်ယောက်ဖြစ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် သိုင်းသမားဘဝဟာ အတိတ်မှာ ကျန်ခဲ့ပါပြီ'

'ဒါနဲ့ သိုင်းလောကနာမည်က ဘယ်လိုခေါ်လဲ'

'ရင်ခုန်ဖန်းပါ၊ သာမန်နာမည်မျိုးပါပဲ'

'ဩော် . . . ဩော် . . . ရင်ခုန်ဖန်းဆိုတဲ့ နာမည်ကိုတော့ ကျုပ် မကြားဖူးခဲ့ပါဘူး'

'မှန်ပါတယ်၊ ကျုပ်ဟာ အညတရ သိုင်းသမားပါ'

'ဒီစကားကို ကျုပ် ယုံပါတယ်၊ ဒါပေမယ့် ရင်ခုန်ဖန်းဟာ သိုင်းပညာအရာထက် နှလုံးရည်မှာ ပိုပြီး ထက်မြက်ပါတယ်၊ ဒါကို ခင်ဗျားရဲ့ ရုပ်လက္ခဏာက ဖော်ပြနေပါတယ်၊ ခင်ဗျားဟာ သာမန် လူလို နေနေပေမယ့် သာမန်လူတစ်ယောက်တော့ မဟုတ်ပါဘူး'

'သခင်လေးကလဲ ချီးကျူးစရာမရှိ ကြံဖန်ချီးကျူးနေ



တာကိုး'

'ချီးကျူးတာ မဟုတ်ပါဘူး၊ ကျုပ်အမြင်ကို ထပ်ပြောဦး မယ်၊ ခင်ဗျားဟာ ဘယ်လိုကိစ္စမျိုးမျိုးပဲဖြစ်ဖြစ် အလွယ်တကူ ဝန်ခံ တတ်တဲ့လူစား မဟုတ်ဘူး'

ခုန်ဖန်း၏မျက်ခုံးမွေးနှစ်ခုသည် နဖူးထိအောင် မြင့်တက် သွားသည်။

'သခင်လေးက ကျုပ်ကို သင်္ကာမကင်း ဖြစ်နေတာကိုး၊ ကျုပ် ပြောပါရစေ၊ ကျုပ်ဟာ သိုင်းလောကနဲ့ အဆက်ပြတ်ခဲ့တာ အတော်ကြာပါပြီ၊ အကြောင်းကတော့ ရန်ငြိုးရန်စ ထားမှုတွေကို ရှုမုန်းသွားလို့ပဲ၊ ထမင်းတစ်လုတ်အတွက် လှံဖျား ဓားဖျားပေါ် လျှောက်နေတာထက် သူတစ်ပါးရဲ့ လက်အောက်မှာ ကောင်း ရှောင်းကောင်းဝယ် လုပ်ကိုင်စားနေတာဟာ စိတ်ချမ်းသာစရာ ကောင်းပါတယ်၊ တထိတ်ထိတ် နေရတာထက် အေးအေးဆေးဆေး နေနေရတာဟာ ပိုပြီးအရသာ ရှိပါတယ်၊ ယောကျ်ားကောင်း ယောကျ်ားမြတ်ဆိုတာ သူတစ်ပါးရဲ့ဘဝကို အေးချမ်းမှု ရှိစေမှ ယောကျ်ားမြတ် ဖြစ်ပါတယ်၊ သခင်လေးဟာ ယောကျ်ာကောင်း တစ်ယောက်ပါ၊ ဒါနဲ့တောင် ဘာဖြစ်လို့ ကျုပ်ကို အကျပ်ကိုင် မေးမြန်းနေရတာလဲဗျာ'

ခုန်ဖန်းက မင်ရင်တြယ်ကို ပြုံးကြည့်သည်။

သူ့အပြုံးသည် ယခုခဏ၌ အလွန်သိမ်မွေ့သော အပြုံး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ကြွယ်သည် ခုနှ်ဖန်းကိုကြည့်ပြီး အားတုံ့အားနာ ဖြစ်လာသည်။

ဘာပဲဖြစ်ဖြစ် အချိန်မကျသေးဘဲ မလိုအပ်သော စကားကို မပြောရန် ဆုံးဖြတ်လိုက်မိသည်။

---

'စိတ်မဆိုးပါနဲ့ ငွေကိုင်ကြီး၊ ကျုပ်ရဲ့ ပြုမူပြောဆိုနေပုံတွေဟာ မယဉ်ကျေးရာ ကျနေတာ အမှန်ပါ၊ စိတ်အေးချမ်းသာနေပါတော့'

'ကျေးဇူးတင်ပါတယ်၊ သခင်လေး'

ခုနှ်ဖန်းသည် အနေရအထိုင်ရ ချောင်သွားပြီ ဖြစ်သဖြင့် ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။

ထို့ကြောင့် မင်းရင်ကြွယ်ကို လေးလေးစားစား ဂါရဝပြုလာသည်။

မင်းရင်ကြွယ်က စကားလမ်းကြောင်း ပြောင်းပစ်သည်။

'ကဲ. . . ကဲ. . . ကျုပ် ထိုင်နေတာလဲ အတော်ကြာသွားပြီ စားသောက်စရာတွေလဲ ဘာမှ ရောက်မလာသေးပါလားဗျာ'

'ဟာ. . . ဟုတ်သားပဲ၊ စိတ်မရှိပါနဲ့ သခင်လေး၊ ကျုပ်ခုပဲ ဖိနှိုင်းလိုက်ပါ့မယ်'

ခုနှ်ဖန်းသည် ပြောပြောဆိုဆို ချာခနဲ လှည့်ထွက်သွားသည်။ မင်းရင်ကြွယ်က ခုနှ်ဖန်း၏ ကျောပြင်ကြီးကို ငေးကြည့်ရင်း မချိုမချဉ် ပြုံးလိုက်သည်။



ထိုအပြုံးသည် အဓိပ္ပာယ် ထွေပြားသော အပြုံးပင်ဖြစ်သည်။

ထို့နောက် စားပွဲပေါ်မှ ပုံပျက်ပန်းပျက်ဖြစ်နေသည့် ငွေဖလားကို လှမ်းယူလိုက်ပြီး သေသေချာချာ ကြည့်နေမိပြန်သည်။ ခေါင်းထဲတွင်မူ အတွေးပေါင်း စုံသွားပြန်သည်။

ရုတ်တရက် ခေါင်းမော့ကြည့်လိုက်သောအခါ မြည်းစရာဟင်းလျာများနှင့် အရက်အိုးတစ်အိုးကို စားပွဲပေါ်၌ ချနေလေပြီ။

ထိုအချိန်မှာပင် ပုလဲသွယ် ယင်းကာနောက်မှ တေးသံသာများ ပျံ့လွင့်လာသည်။

တေးသံနှင့် သီချင်းဆိုသည့်အသံသည် သာယာနာပျော်ဘွယ် ကောင်းလှသည်။

မျက်စိရှေ့တွင် မြင်နေရသော ပုလဲသွယ် ယင်းလိုက်ကာသည် တဖြည်းဖြည်း လိပ်တက်သွားလေပြီ။

တေးသီရာ စင့်မြင့်ကလေးပေါ်မှ မိန်းမချောလေးကို စွဲလန်းတသဖွယ် တွေ့မြင်လာရသည်။

တေးသီနေသော မိန်းမချော၏ တောက်ပရွှန်းစိုသော မျက်လုံးအစုံသည် မင်းရင်ကြွယ်ကို စိုက်ကြည့်နေသည်။

မင်းရင်ကြွယ်ကလည်း သူမကို တပ်မက်စွာငေးကြည့်နေမိသည်။

မိန်းမချော၏မျက်လုံးအစုံသည် ညှို့အားကြီးလှသော မျက်လုံးဖြစ်သည်။

www.burmeseclassic.com



သူမသည် စောစောက မင်းရင်ကြွယ်တွေ့ခဲ့ သောမိန်းမချောဖြစ်သည်။

သို့သော် ယခုအခါ၌ သူမသည် တောက်ပြောင်လှပ လွန်းသော အဝတ်အစားများကို ဝတ်ဆင် လဲလှယ်ထားသဖြင့် အလှချင်း မတူတော့ပေ။

စောစောကအလှထက် ယခုအလှသည် တောက်ပမြူးကြွ လွန်းနေသည်။

မှုန်နုသော သပြီး နုန်းဆန်ဆန် ဝတ်စားပြင်ဆင်ထားသော ထိုမိန်းမချောသည် မြင်ရသူတိုင်းကို ငိုင်တွေ မိန်းမောစေနိုင်သည့် အလှပိုင်ရှင်ပေတည်း။

သူမကိုယ်တွင် ဆွတ်ဖြန်းထားသော နံ့သာများသည် မင်းရင်ကြွယ်၏နှာခေါင်းထဲသို့ မကြာမကြာ တိုးဝှေ့နေလေ၏။

ရှတ်တရက် . .

တေးသံသာများ ပျံ့လွင့်နေစဉ်၊ တေးသီသံများ ချိုမြနေ စဉ် အရက်ခွက်တစ်လုံးသည် 'ခွပ်' ခနဲ မြည်ပြီး ကွဲကြေသွားသည်။

တစ်စုံတစ်ယောက်၏ ဖျစ်ညှစ်ခွဲချေမှုကြောင့် ကွဲကြေသွားခြင်းဖြစ်သည်။ ထိုအဖြစ်ကို မည်သူမျှ သတိမပြုမိလိုက်ကြချေ။

အားလုံးသောပရိသတ်များသည် တေးသီနေသော မိန်းမချော၏ အညှုအာခရာ၊ အနုအလှနှင့် ချိုမြမြ ဂီတာကြောတွင် နစ်မြော်နေကြလေသည်တကား။



စားပွဲဝိုင်းအချို့မှလူများကား မိန်းမချောကို ငေးလိုက်၊ အရက်သောက်လိုက်နှင့် အတော်မူးနေကြပြီဖြစ်သည်။

အရက်မမူးဘဲ သတိကောင်းနေသူကား အကျီဖြူ မင်းရင်ကြွယ် တစ်ယောက်တည်းသာ ရှိသည်။

တေးသီကပြနေသော မိန်းမချောသည် စင်မြင့်ပေါ်မှ ဆင်းလာပြီး စားသောက်ပွဲများရှိရာ လှည့်ပတ်လျှောက်လှမ်းနေ ပြန်၏။

သူမ တစ်ဝိုင်းပြီးတစ်ဝိုင်း လူးလာရွေ့လျားနေသည်မှာ လိပ်ပြာကလေး ဝဲနေသလား အောက်မေ့ရ၏။

သူမသည် တဖြည်းဖြည်းနှင့် အကျီဖြူအနီးသို့ ရောက် လာ၏။

ထို့နောက် အခြား စားပွဲဝိုင်းသို့ ကူးသွားဟန်ပြုပြီး တေးသီကပြနေရာမှ အကျီဖြူ၏ ရင်ဘတ်ထဲသို့ တစ်စုံတစ်ခုကို ပစ်ထည့်လိုက်၏။

ထိုခဏတွင် သူမ၏မျက်နှာသည် ရဲခနဲ နီမြန်းသွား လေ၏။

ပုလဲသွယ် ယင်းလိမ်လည်း တဖြည်းဖြည်း ပြန်ကျလာ၏။ ငေးမောနေသော ပရိသတ်အပေါင်းသည် အိပ်နေရာမှ လန့်နိုးသော သကဲ့သို့ ဖျတ်ခနဲ ခေါင်းထောင်လာကြပြီး ကောင်းချီးသြဘာ ပေးကြလေတော့သည်။

တီးသံမှုတ်သံများ ရပ်သွားသည်နှင့် လက်ခုပ်သံများ

www.burmeseclassic.com

www.burmeseclassic.com



ဆူညံစွာ မြည်သွားလေ၏။

မိန်းမချောကား သူမ လုပ်ချင်သော အလုပ်တစ်ခုကို လိမ္မာပါးနပ်စွာ လုပ်ပြီးသွားခဲ့လေပြီ။

အင်္ကျီဖြူ၏ရင်ဘတ်ထဲသို့ ပစ်သွင်းခဲ့သောအရာသည် နံ့သာထုံမွှမ်းသော စာရွက်တစ်ရွက် ဖြစ်ပါ၏။

ထိုကိစ္စကို သိသူသည် အင်္ကျီဖြူနှင့် မိန်းမချော နှစ်ယောက်တည်းသာတည်း။

▶▶ ◀◀



## အခန်း (၉)

## နံ့သာစာရွက်နှင့် ချိန်းသောည

အမွှေးနံ့သာများ လိမ်းကျံထားသည့် စာရွက်ဖြူကလေးပေါ်မှ စာလုံးတလေးများပင်ဖြစ်သည်။

လူခြေတိတ်တဲ့ ညဥ့်နက်ချိန်မှာ၊
အနောက်ဘက်အဆောက်အအုံကို လာခဲ့ပါ၊
တံခါးထက်ဝက် ဖွင့်ပေးထားပါ့မယ်၊
အရက်တစ်အိုးလဲ အသင့်ရှိနေမယ်။
မြည်းစရာ စားစရာ ဟင်းလျာတွေလည်း အသင့်ခင်းကျင်းထားပါ့မယ်။
လည်ပင်းချော်ရေအိုးဖြစ်အောင် စောင့်မျှော်နေမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



မလာရင်တော့ လှပတဲ့အိပ်မက်တွေ ပျက်စီးသွားလိမ့်မယ်။

ထိုစာ၏ လက်ဝဲဘက်ထောင့်တွင်လည်း လက်သည်းရာလေးတစ်ခုကို ထင်ထင်ရှားရှား မြင်နိုင်အောင် ဖိနှိပ်ထားသည်။

ဆွဲဆောင်မှု အားကြီးသော နံ့သာစာရွက်ကလေးပင်။

အကျီဖြူမင်းရင်ကြွယ်သည် စာကိုဖတ်ပြီးသည်နှင့် စာရွက်ကို ပြန်ခေါက်ပြီး အကျီရင်ဘတ်ထဲ ထိုးထည့်လိုက်သည်။

ထို့နောက် အမှုအရာမပျက်ဘဲ အခြေအနေတို့ အကဲခတ်လိုက်သည်။

စားသောက်မူးယစ်နေသူများ စည်ကားနေဆဲပင်။ မင်းရင်ကြွယ်သည် ဘယ်ကိုမှ မကြည့်တော့ဘဲ အပြင်သို့သာ တန်းပြီးထွက်ခဲ့သည်။

အပြင်လောကသည် လရောင်ကြောင့် မှုန်မှုန်လေး လင်းနေသည်။

အချို့နေရာများကား မှောင်နေသည်။

အတော်ဝေးဝေးသို့ လျှောက်လာမိသောအခါ ထိပ်တန်းဟိုတယ်ကြီးမှ တေးသံများနှင့် ဆူဆူညံညံအသံများကို လုံးဝမကြားရတော့ပေ။

ကွေ့တစ်ကွေ့ကိုကွေ့ပြီး လမ်းဖြူဖြူလေးထဲသို့ ဝင်လာမိသည်။

ထို့နောက် လမ်းချိုးတစ်ခုဘက်သို့ ချိုးကွေ့ပြီး လျှောက်



လာခဲ့သည်။

မကြာပါ။ ရှေ့တူရူမှ မီးအိမ်တစ်လုံးကို မြင်ရတော့သည်။

မီးရောင်သည် အတော်ကလေးလင်းသည့် မီးရောင်ဖြစ်သည်။

မီးရောင်လင်းနေသော အဆောက်အအုံသည် ခြံဝင်းတစ်ခုနှင့် ဆက်စပ်နေသည်။

ထိုခြံဝင်းသည် ထိပ်တန်းဟိုတယ်ကြီး၏ ခြံဝင်းကြီးပင်။ အလွန်ကျယ်ဝန်းလှသောခြံဝင်းကြီးတည်း။

ထိုခြံဝင်းကြီးနှင့် ဆက်စပ်နေသော မီးအိမ်ထွန်းထားသည့် အဆောက်အအုံသည် နတ်ဘုံနတ်နန်းအလား လှပခန့်ညားလှသည်။

ထိုအဆောက်အအုံ၏ တံခါးကြီးသည် အနည်းငယ်ဟနေသည်။ ထိုအဆောက်အအုံ၏ဘေးတွင် အဆောက်အအုံအဆောင်များ ရှိနေသေးသည်။

မင်းရင်ကြွယ်သည် အဆောက်အအုံ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး တံခါးအနီးသို့ တိုးကပ်သွားသည်။

ထိုစဉ် ဟနေသောတံခါးကို အထဲမှနေ၍ ဆွဲဖွင့်ပေးလာသည်။

တစ်ဆက်တည်းတွင် မိန်းမချောလေးတစ်ယောက် ပေါ်လာသည်။

သူမဟာ တံခါးပေါက်ဝတွင် ရပ်နေပြီး မင်းရင်ကြွယ်တို့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။

သူမသည် အကျီစိမ်းကို ဝတ်ထားသည်။ အသက်အားဖြင့် ဆယ့်ခုနစ်နှစ်ခန့်သာ ရှိလိမ့်မည်။

အလွန်ချော အလွန်လှသည့် မိန်းမပျိုကလေးပင်။

မင်ရင်ကြွယ်သည် မင်သက်မိနေစဉ် မိန်းမပျိုက စကားစလာသည်။

'သခင်မလေး စောင့်နေတာ တော်တော်ကြာသွားပြီရှင့်၊ သခင်လေး ကြာနေလို့ မလာတော့ဘူး ထင်နေတာ'

မိန်းမပျို၏အသံသည် သာယာနာပျော်ဘွယ်ကောင်းသည်။ မင်ရင်ကြွယ်က အလိုက်သင့် အလျားသင့် ပြန်ပြောသည်။

'အရက်တစ်ခွက် ပိုသောက်မိလို့ နောက်ကျသွားပါတယ်၊ ဒီအတွက် သခင်မလေးကို အားနာနေမိပါတယ်၊ ဒါနဲ့ ညီမလေး နာမည်က'

'ကျွန်မနာမည် ရှောင်ချင်းပါ'

'ကဲ... ဘယ်လိုမှတော့ သဘောမထားပါနဲ့၊ ကြုံတုန်း ဆုံတုန်း လက်ဆောင်လေး ပေးပါရစေ'

မင်ရင်ကြွယ်က မွန်မွန်ရည်ရည်ပြောရင်း မိန်းမပျို၏ လက်ထဲသို့ ပတ္တမြားလေးတစ်လုံး ထည့်ပေးလိုက်သည်။

မိန်းမပျိုသည် ပတ္တမြားလေးကို ကြည့်ရင်း ပြုံးသွားသည်။

သူမတစ်သက်တွင် ဤမျှရက်ရောသောလူကို တစ်ကြိမ်မျှ မတွေ့ဘူးခဲ့ချေ။



'ကျေး... ကျေးဇူးတင်ပါတယ်ရှင်၊ ကဲ... ကျွန်မနောက်ကသာ လိုက်ခဲ့ပါ'

မိန်းမပျိုက ပြောပြောဆိုဆို အဆောင်ခန်းထဲ လှမ်းဝင်သွားသည်။

မကြာမီ ဖြတ်လမ်းတစ်ခုပေါ် ရောက်သွားသည်။

ရှောင်ချင်းသည် ကျွမ်းကျွမ်းကျင်ကျင် သွားနေရင်းက အနောက်ဘက် ကွေ့ချိုးတစ်ခုထဲ ချိုးဝင်သွားပြန်သည်။

ထိုနောက်တွင်မူ ပန်းချီကားများ ချိတ်ဆွဲထားသော အဆောက်အအုံတစ်ခုအောက်သို့ ရောက်ရှိခဲ့ကြသည်။

မင်ရင်ကြွယ်သည် မိန်းမပျိုနောက်မှ လျှောက်လိုက်လာရင်း အပေါ်သို့ မော့ကြည့်လိုက်သည်။

အဆောက်အအုံအပေါ်ထပ်မှ ပြတင်းပေါက်များတွင် ဇာခန်းဆီးများ တပ်ထားသည်ကို တွေ့ရသည်။

ထိုဇာခန်းဆီးနောက်မှ လူရိပ်များကိုလည်း တရိပ်ရိပ် တွေ့လိုက်ရသည်။

ထိုလူရိပ်များသည် ခေါက်တုံ့ခေါက်ပြန် လျှောက်နေတန် ရှိသည်။

ရှောင်ချင်းသည် စကားတစ်ခွန်းမျှ မပြောဘဲ ခပ်သုတ်သုတ်သာ သွားနေသည်။

ထိုနောက် အပေါ်ထပ်သို့ လှေကားအတိုင်း တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်သို့ရောက်သောအခါ ထိပ်တန်းဟိုတယ်တွင် တေးသီခဲ့သည့် မိန်းမချောကို တွေ့ရတော့သည်။

---

မိန်းမချောသည် မင်းရင်ကြွယ်ကို တွေ့သည်နှင့် အားရဝမ်းသာ ဖြစ်သွားသည်။ သို့သော် သူမမျက်နှာပေါ်၌ ရှက်သွေးများဖြန်းသွားသည်ကို မင်းရင်ကြွယ် မြင်လိုက်ရသည်။

'ကျုပ် အရက်တစ်ခွက် ပိုသောက်မိလို့ နောက်ကျသွားပါတယ်၊ ခင်ဗျားစောင့်ရတာ ကြာသွားတာကို အထူးပဲ အားနာမိပါတယ်'

မင်းရင်ကြွယ်က လေးစားဟန်နှင့် မွန်ရည်စွာပြောသည်။ မိန်းမချောက ချစ်စရာ၊ စွဲမက်စရာကောင်းသောအပြုံးကို ပြုံးပြသည်။

'သခင်လေး အခုလို မပျက်မကွက် ကြွရောက်လာတာကိုပဲ ကျေးဇူးတင်လို့ မဆုံးပါဘူး၊ သခင်လေးနဲ့ တွေ့ဆုံရတာကိုလည်း ဂုဏ်ယူလို့ မဆုံးပါဘူး'

'ဟုတ်ကဲ့၊ ကျုပ်ကလည်း ခုလို ခန့်ညားထည်ဝါတဲ့ ဘဆောင်တော်ထဲကို ဝင်ရောက်ခွင့်ရတဲ့အတွက် သိပ်ဝမ်းသာမိပါတယ်'

မိန်းမချောက ပြောပြောဆိုဆို အခန်းဆောင်ထဲ ဝင်သွားသည်။

မင်းရင်ကြွယ်က နောက်မှ အသာ လိုက်သွားသည်။



အခန်းထဲတွင် စာအုပ်စင်များနှင့် စာရေးကရိယာများကို သေသေသပ်သပ် တွေ့မြင်ရသည်။

ဖန်မီးအိမ်ကြီးတစ်လုံးကိုလည်း အခန်းမျက်နှာကြက်တွင် ချိတ်ဆွဲထားကြောင်း တွေ့ရသည်။

ဖန်မီးအိမ်၏အလင်းရောင်သည် အေးချမ်းသော အလင်းရောင်ဖြစ်သည်။

သည်ကြားထဲက ကျောက်စားပွဲကြီးတစ်ဝိုင်းပေါ်တွင် ဖယောင်းတိုင်အနီကြီးတစ်တိုင်ကို ထွန်းညှိထားလျက် တွေ့နေရသေးသည်။

စားပွဲပေါ်တွင်မူ ဟင်းလျာမျိုးစုံနှင့် အရက်အိုးတစ်လုံး အဆင်သင့် ပြင်ထားသည်ကို တွေ့ရပြန်သည်။

အခန်း၏ လက်ဝဲဘက်ထောင့်တွင်ကား သုံးချောင်းထောက် ခုံပုလေးတစ်လုံး ရှိသည်။ ထိုခုံပေါ်တွင် ရွှေးဟောင်းစောင်းအိုတစ်ခု တင်ထားသည်။

မင်းရင်ကြွယ်သည် အခန်းဖွဲ့စည်းပုံနှင့် ပစ္စည်းအထားအသိုများကို မသိမသာ အကဲခတ်လိုက်သည်။

'လုံမလေးဟာ ရုပ်ရည်ချောမောလှပသလောက် အနုပညာကိုလည်း ခံစားတတ်သူကိုး၊ ကျုပ် ပြောဟာ မမှားပါဘူးနော်'

မိန်းမချောက မျက်လုံးကို ထောင့်ကပ်ပြီး ချိုချိုသေးတုံ့ပြန်သည်။

'မှားတယ်လို့ ကျွန်မ မဆိုလိုပါဘူး၊ ကြွ ၊ လာမ်းခက်ခဲတဲ့

www.burmeseclassic.com



ဘဝခရီးကို ရင်ဆိုင်ကျော်လွှားလာခဲ့ရသူမို့ ချီးမွမ်းမှုအရသာကို လည်း မခံစားဖူးပါဘူးရှင်'

'ဟဲဟဲ. . . လုံမလေးက အပြောလည်း တယ်ကောင်းတာကိုး၊ အမျိုးသမီးသူရဲကောင်းတွေဟာ ကြမ်းတမ်းခက်ခဲတဲ့ ဘဝခရီးကို ဖြတ်သန်းခဲ့ရတာချည်းပါပဲ၊ ဟဲဟဲဟဲ. . . ကျုပ်ဟာ ရှောင်ချင်းရဲ့လမ်းပြမှုကြောင့် ဒီကို ရောက်ခဲ့ရတာပါ၊ ကျုပ်ရဲ့ ဘဝကတော့ အနုပညာလောက၊ စာပေမွေ့သူ စာပေသမား တစ်ယောက်ပါ'

ထိုစဉ် ရှောင်ချင်းက မတိုးမကျယ် လှမ်းပြောသည်။

'သခင်မလေး၊ ဧည့်သည် ရပ်နေတာ အတော်ကြာနေပါပြီ'

မိန်းမချောလေးသည် ရှောင်ချင်းကို ပြုံးပြပြီး အကျီဖြူကို လှမ်းကြည့်သည်။ ထို့နောက် ပျာပျာသလဲ အမူအရာနှင့်. . .

'အားနာလိုက်တာရှင်၊ ဧည့်သည်ကို နေရာတောင် မပေးမိသေးဘူး၊ သ. . သခင်လေး. . . ထိုင်. . . ထိုင်ပါရှင်'

မိန်းမချောက အစားအသောက်များ ပြင်ဆင်ထားသော စားပွဲဝိုင်းမှ ခန့်ညားလှပသော ကုလားထိုင်တစ်လုံးကို လက်ညှိုးညွှန်ပြလိုက်သည်။

သူမကိုယ်တိုင် မျက်နှာချင်းဆိုင် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

မင်းရင်ကြွယ်က မိန်းမချော၏ ပြောပုံဆိုပုံများနှင့် လှုပ်ရှား



မှုများကို လျှပ်တစ်ပြက် အကဲခတ်လိုက်သည်။

မိန်းမချောသည် ထိပ်တန်းဟိုတယ်တွင် ပျော်စော်ဆက်နေသည့် သီချင်းသည်တစ်ယောက်နှင့် လုံးလုံး မတူတော့ချေတကား။

---

'တွေ့ရတာပြီး နာမည်လေး သိပါရစေလား'

'ကျွန်မနာမည် 'မန်မန်'ပါ'

မိန်းမချောက ရယ်ပြီး ဖြေသည်။

'ဩော်. . . ဩော်. . . မန်မန်တဲ့လား၊ ခင်ဗျားဟာ တေးသီ ဟာစ်ကြွေးပြီး လုပ်ကိုင်စားသောက်နေတဲ့ အမျိုးသမီးတစ်ယောက်လို့ ကျုပ် မထင်မိဘူးဗျာ၊ ခင်ဗျားကလည်း ကျုပ်ကို သာမန်ဧည့်သည်တစ်ယောက်ရယ်လို့ ထင်မှတ်မထားစေချင်ဘူး'

'ဩော်. . ဟုတ်ကဲ့၊ ကျွန်မ သခင်လေးကို အထင်သေးမထားပါဘူးရှင်၊ ဒါကြောင့် ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ်၊ ကျွန်မနာမည်အမှန်ဟာ 'မိန်လန်ကျွင်း'ပါ'

မိန်းမချော၏အသံသည် သိသိသာသာ တိုးသွားသည်။

ဦးခေါင်းလည်း ငုံ့သွားသည်။

'ဟုတ်ကဲ့၊ ခုလို သိရတာ အများကြီး ဝမ်းသာမိပါတယ်၊ ကျွန်တော့အမြင် ပြောရရင်တော့ လုံမလေးဟာ တောင်သောင်းမကာ ရှိနေတဲ့ မိန်းမသားတွေထဲမှာ ရှာမှရှားတဲ့၊ ယောက်ျားရင့်မကြီးတစ်ယောက်လို အရည်အသွေးမျိုးရှိတဲ့ မိန်းမတစ်ယောက်ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



မိန်လန်ကျွင်းက မဲ့ပြုံးပြုံးသည်။ မင်ရင်ကြွယ်က ရှုတည်တည် လုပ်နေသည်။

'ကျွန်မဟာ သခင်လေး မြင်နေသလို သတ္တိ မရှိလှပါဘူး၊ ဒါနဲ့ သခင်လေးနာမည်ကို သိပါရစေရှင်'

'ကျုပ်နာမည် မင်ရင်ကြွယ်ပါ'

မိန်လန်ကျွင်းက ခေါင်းညိတ်ပြပြီး အသင့်ငှဲ့ထားသော အရက်ခွက်ကို ရှေ့တိုးပေးသည်။

'သုံးဆောင်ပါဦးရှင်၊ ကျွန်မဘဝကို အထင်မသေးတဲ့ အတွက် အများကြီး ကျေးဇူးတင်မိပါတယ်'

မင်ရင်ကြွယ်က အရက်ခွက်ကို စိုက်ကြည့်ရင်း . . .

'ကျုပ်ကသာ တိုက်ကျွေးဂုဏ်ပြုရမှာပါဗျာ၊ လုံမလေး အလျှော်သောက်ပါ'

'အို . . . ကျွန်မ အရက် အများကြီး မသောက်တတ်ဘူးရှင့်၊ ဒီတော့ တစ်ယောက်တစ်ဝက်စီ သောက်ကြရအောင်'

မိန်လန်ကျွင်းက အရက်ခွက်ကို ကောက်ယူပြီး တစ်ဝက် တိတိ မော့သောက်လိုက်သည်။ တစ်ခဏအတွင်းမှာပင် သူမ၏ မျက်နှာလေး နီရဲလာသည်။

'ကျွန်မဟာ ရှင့်ကို ခင်မင်မြတ်နိုးနေပါတယ်၊ ဒါကြောင့်မို့ ဘာမန်ညှော်သည်လို့ သဘောမထားဝံ့ပါဘူး၊ စားရင်းသောက်ရင်း သိုင်းပညာအကြောင်း၊ စာပေအနုပညာအကြောင်း ဆွေးနွေးကြရအောင်လား'



မင်ရင်ကြွယ်က ခေါင်းညိတ်ပြီး ပြုံးသည်။

'ကဲ . . . ကျုပ် မေးမယ်၊ သိုင်းပညာရပ်တွေကို လုံမလေး ဘယ်လို သိမြင်ပါသလဲ'

'ဟင်း . . . ဟင်း၊ သခင်လေးအမေးက တော်တော် နက်နဲတဲ့အမေးပဲ၊ ကျွန်မဟာ သိုင်းလောကနဲ့ သိုင်းပညာကို ကျွမ်းကျင်သူ မဟုတ်ပါဘူးရှင့်၊ သခင်လေးသာ သိုင်းပညာကော စာပေအနုပညာပါ ကျွမ်းကျင်လိမ့်မှာပြီး ထူးချွန်တာပါ၊ ဟင်း ဟင်း . . .'

'ဒါက လုံမလေးရဲ့ တစ်ဘက်သတ်အမြင်ပါ၊ တကယ်တော့ ကျုပ်ဟာ ဘာကိုမှ ဖြစ်ဖြစ်မြောက်မြောက် ရှိသူ မဟုတ်ပါဘူး၊ ထူးချွန်သူလို့ အပြောခံရလို့ လိပ်ပြာမလုံဘဲ ရှက်မိပါရဲ့ဗျာ'

'အိုး . . . ဒါက သခင်လေးက ကိုယ့်ကိုယ်ကို နှိမ့်ချပြီး ပြောနေတာပဲ၊ သခင်လေးမှာ အခက်အခဲတွေ ရှိနေလို့ ဖြစ်မှာပါရှင်၊ တဆိတ်လောက် ပြောပြပါလားရှင်'

'ခုချိန်ဟာ အေးချမ်းသာယာလှတဲ့ အချိန်ကာလလေးပါ ဗျာ၊ သိုင်းပညာ သိုင်းလောကနဲ့ စာပေအနုပညာဆိုတာ အပြော ကျယ်တဲ့ ပင်လယ်သမုဒ္ဒရာလို ကျယ်ဝန်းနက်ရှိုင်းလွန်းလို့ မပြောဝံ့ ပါဘူးဗျ'

'ဟင်းဟင်း . . . အပွေးမြင် အပင်သိပြီး အသံကြားရုံနဲ့ အရည်အချင်း သိတတ်သူဟာ တစ်လောကလုံးမှာ သခင်လေး တစ်ယောက်ပဲ ရှိပါသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'သိပ်လည်း မြှောက်မနေပါနဲ့ လုံမလေးရယ်၊ ကျုပ်က အကျည်းတန် အရုပ်ဆိုးတဲ့လူပါ'

'ပညာရှင်ဆိုတာ ရုပ်ရည်ချောတာ၊ မချောတာနဲ့ မဆိုင်ပါဘူးရှင်'

'ဟုတ်ကဲ့၊ လုံမလေးရဲ့အမြင်ကို ကျုပ် လက်ခံပါတယ်၊ ဒါပေမယ့်'

မိန်လန်ကျွင်းက ခြောက်ကပ်ကပ်နှင့် တခစ်ခစ် ရယ်သည်။

'တဲကဲ . . . သခင်လေးရဲ့ မျက်နှာဖုံးကြီးကို ခွာချပစ်လိုက်စမ်းပါ'

'အို . . . ရုပ်ချောတာ မချောတာနဲ့ မဆိုင်ဘူးဆို'

'ဟင်းဟင်း . . . သခင်လေး မျက်နှာဖုံး မချွတ်ရင်လည်း နေပါ၊ ရပါတယ်ရှင်'

'လုံမလေး ကြည့်မြင်ချင်တယ်ဆိုရင်တော့ ဒီမျက်နှာဖုံးကို ချွတ်ပြနိုင်ပါတယ်၊ ကဲ . . . ကြည့်ကြည့်'

မင်ရင်ကြယ်သည် ပြောပြောဆိုဆို မျက်နှာဖုံးကို ခွာချလိုက်သည်။

'အို . . .'

မိန်လန်ကျွင်းနှုတ်မှ အာမေဍိတ်သံလေး ထွက်လာသည်။

မင်ရင်ကြယ်၏ မျက်နှာဖုံးစွပ်အောက်မှ မျက်နှာသည် ကြီးမားသော အမာရွတ်ကြီးနှင့် အကျည်းတန်နေချေတကား။



## အခန်း (၁၀)

### မြွေမြွေချင်း တွေ့ဆုံခြင်း

စင်စစ် ဤမျက်နှာဖုံးစွပ်သည် ဤမျက်နှာဖုံးစွပ်ဟုပင် မခေါ်ထိုက်အောင် သေသပ်ကောင်းမွန်လှသည်။

ကာယကံရှင်၏ ဒေါသဖြစ်ခြင်း၊ ပီတိဖြစ်ခြင်း၊ ပြုံးရယ်မဲ့ရွဲ့ခြင်း စသည်တို့ကို ပကတိအတိုင်း ပေါ်လွင်စေသည့် မျက်နှာဖုံးစွပ်ဖြစ်သည်။

ယခုမူ မျက်နှာဖုံးစွပ်ကို ခွာချလိုက်ကာမှ ကြည့်ကောင်းနေသောမျက်နှာသည် အရုပ်ဆိုးသွားလေပြီ။

မင်ရင်ကြယ်က မိန်လန်ကျွင်းကို စိုက်ကြည့်ပြီး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲ လုံမလေး၊ မျှော်လင့်ချက်တောင်ကြီး ပြိုလဲသွားပြီ မဟုတ်လား'

'သခင်လေး ဘယ်လိုများ ပြောလိုက်ပါလိမ့်'

'ကျုပ်မျက်နှာဟာ လုံမလေး တွေးထင်ထားသလို မချော မလှလို့ပေါ့ဗျာ'

'အို. . . သခင်လေးက ကျွန်မခေါင်းထဲကအရာတွေကို တကယ်သိမြင်တယ်လို့ ယုံနေလို့လား'

'ဒါကတော့ ခင်ဗျားအကြောင်း ခင်ဗျားပဲ သိမှာပေါ့ဗျာ'

'ကျွန်မ ရှင်းအောင် ပြောပြီးသားပဲရှင်၊ ရုပ်ချောတာ မချောတာနဲ့ မဆိုင်ပါဘူးလို့'

'ဒီလိုဆိုရင်တော့ ကျုပ် အတွေးအခေါ် မှားပြီပေါ့ လုံမလေး'

မင်ရင်ကြွယ်သည် စကားပြောရင်း မျက်နှာဖုံးစွပ်ကို အင်္ကျီရင်ဘတ်ထဲ ထိုးထည့်ပြီး သိမ်းဆည်းလိုက်သည်။

မိန်လန်ကျွင်းက ပြုံးတုံ့တုံ့ အမူအရာနှင့် ထပ်ပြောသည်။

'အင်း. . . ကျွန်မအတွေးတွေ မမှားဘူးဆိုရင် သခင်လေးရဲ့နာမည်ကလည်း နာမည်မှန် မဟုတ်နိုင်ဘူး'

'ဟားဟား. . . ဒါကတော့ အထင်လွဲနေတဲ့အချက်ပဲ၊ ကျုပ်မျက်နှာကို မျက်နှာဖုံးစွပ်ထားပေမယ့် နာမည်ကိုတော့ မျက်နှာဖုံးစွပ်မထားပါဘူးဗျာ'

'အမှန်ကို ပြောရမှာ အခက်အခဲ ရှိနေတယ်ဆိုရင်တော့ ကျွန်မ မမေးတော့ပါဘူးရှင်'



မိန်လန်ကျွင်းက နှုတ်ခမ်းတစ်ဖက်မဲ့ပြီး ပြောသည်။

တစ်ဆက်တည်းတွင် အရက်ခွက်ကို ကောက်ယူပြီး လှမ်းပေးသည်။

မင်ရင်ကြွယ် မငြင်းပါ။ လှမ်းပေးသောအရက်ခွက်ကို ခပ်သွက်သွက် လှမ်းယူလိုက်ပြီး တရှိန်တည်း မော့သောက်လိုက်သည်။

ကိုယ့်ကိုယ်ကိုလည်း ဤမိန်းမချောလောက် အကင်းမပါးနှလုံးရည် မပြည့်စုံဟု ယူဆမိသည်။

တစ်ခဏအတွင်းမှာပင် မိမိ၏ အားနည်းချက်များကို တွေ့မြင်လာသည်။

'လုံမလေးဟာ ထူးချွန်ထက်မြက်တဲ့ မိန်းကလေးပဲ၊ ဒီမှာလာပြီး အလုပ်လုပ်နေတာကိုတော့ စဉ်းစားလို့ကို မရဘူး၊ ပညာကောင်းတွေကို ထိန်ဝှက်ထားပုံရတယ်'

'သိပ်လည်း အထင်ကြီးမနေပါနဲ့ရှင်၊ အမှန်တကယ် ရရှိထားတဲ့ပညာတွေကို ထိန်ဝှက်ထားတာဟာ ကျွန်မ မဟုတ်ပါဘူး သခင်လေးရဲ့'

မင်ရင်ကြွယ် မျက်မှောင်ကြုတ်သွားသည်။

'ဒါနဲ့ လုံမလေးရဲ့ဇာတိကကောဗျာ'

'ကျွန်မပြောချင်တာက ကျွန်မဟာ သိုင်းမျိုးနွယ်ဆက်ထဲက မိန်းမတစ်ယောက်ပါ၊ ကျွန်မရဲ့မိဘနှစ်ပါးဟာ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကတည်းက ကွယ်လွန်သွားခဲ့ကြပါတယ်၊ ဒါကြောင့်မို့ ကျွန်မဟာ အားကိုးရာမဲ့ပြီး ဘဝလမ်း ကြမ်းခဲ့ရပါတယ်။ ကျောင်းလည်း ကောင်းကောင်းမနေခဲ့ရပါဘူး၊ သိုင်းပညာလည်း ပေါက်ပေါက်ရောက်ရောက် မသင်ကြားခဲ့ရပါဘူး၊ အသက်မွေး ဝမ်းကျောင်းပညာဆိုရင်လည်း ဘာမှမယ်မယ်ရရ မရှိဘူး၊ ဒါကြောင့် တစ်နယ်တစ်ကျေးလာပြီး ဓားသည် လုပ်စားနေရပါတယ်ရှင်'

'စိတ်မကောင်းစရာပဲ၊ ဒါနဲ့ လုံမလေးမှာ တခြား ရည်ရွယ်ချက်ကော မရှိဘူးလား'

'ဘယ်လို ရည်ရွယ်ချက်လည်း သခင်လေး၊ မိန်းမသားတစ်ယောက်အနေနဲ့တော့ ခုလိုဘဝမျိုးမှာ လင်ယူဖို့ပဲ ရှိတော့တာပေါ့ရှင်၊ ဒါပေမယ့်လည်း ခုလို ဟိုတယ်မယ်၊ ဓားသည်လုပ်နေမိတော့ ဘယ်ယောကျ်ားက အတည်တကျ ယူတော့မှာလည်းရှင့်၊ ကဲ. . . သခင်လေးတော့ ကျွန်မကို လက်ထပ်ချင်ရဲ့လားရှင့်'

မင်းရင်ကြွယ်သည် မမျှော်လင့်သောအမေးကို ကြားလိုက်ရသဖြင့် ခေါင်းနားပန်း ကြီးသွားသည်။

အတန်ကြာမှ ရယ်ကြဲကြဲ ပြန်ဖြေသည်၊

'လုံမလေးကို လက်မထပ်ချင်ဘူးလို့ မပြောချင်ပါဘူး၊ ပြောစရာလည်း အကြောင်းမရှိပါဘူး၊ တကယ်တော့ ကျုပ်ဟာ စာပေသမားတစ်ယောက်ပါ၊ ကျုပ် တစ်ကိုယ်တည်းတောင် အနိုင်နိုင် ရှာစားနေရတဲ့ဘဝပါ၊ လုံမလေးဘဝနဲ့ ဘာမှ မထူးပါဘူး ဒါကြောင့် မိန်းမယူဖို့ကိစ္စတို စိတ်ကူးထဲတောင် မထည့်ဝံ့ပါဘူးဗျာ'



'ကျွန်မ မေးနေတာက သခင်လေးအနေနဲ့ ကျွန်မကို လက်ထပ်ယူဝံ့သလား၊ မယူဝံ့ဘူးလား ဆိုတာပါ'

'ကျုပ်ပြောနေတာက မယူဝံ့ဘူးလို့ ပြောနေတာ မဟုတ်ပါဘူး'

'ကျွန်မသဘောကတော့ မေတ္တာစစ်နဲ့ လက်ကမ်းလာရင် ဘဝခုက္ခ ဟူသမျှကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲပါတယ်ရှင်'

မင်းရင်ကြွယ်သည် ခေါ်ရုံလည်း မညိတ်၊ ခေါင်းလည်း မခါတော့ပေ။ မိန်လန်ကျွင်းကား ခေါင်းကိုသာ တွင်တွင်ခါယမ်းနေပြန်သည်။

ထိုစဉ် မင်းရင်ကြွယ်သည် အရက်ခွက်ကိုမြှောက်ကိုင်ပြီး. . .

'ကဲ. . . လုံမလေး၊ ဒီအထဲက အရက်တွေကို သောက်လိုက်ပါဦး၊ ကျုပ်မှာ မေးစရာတွေ ရှိနေပါသေးတယ်'

မင်းရင်ကြွယ်က စကားလမ်းကြောင်း ပြောင်းရန် ကြိုးစားသည်။

သို့သော် မိန်လန်ကျွင်းက စကားလမ်းကြောင်း အပြောင်းမခံ။

'နေပါဦး၊ သခင်လေးရဲ့၊ ကြမ်းတမ်းတဲ့ဘဝခရီးလမ်းပေါ်က ဓားသည်မလေးကို မယူဝံ့တော့ဘူး မဟုတ်လားရှင့်၊ ကွေ့ကွေ့ကောက်ကောက်တွေ ပြောနေစရာ မလိုပါဘူး'

မိန်လန်ကျွင်းသည် မင်းရင်ကြွယ် ကမ်းပေးသော အရက်

www.burmeseclassic.com

www.burmeseclassic.com



ခွက်ကို မော့သောက်လိုက်ပြန်သည်။

ထိုအခါ သူမ၏မျက်နှာသည် စောစောကထက် ပိုပြီး နီရဲလာတော့သည်။ ထို့နောက် တစ်စုံတစ်ရာပြောရန် ပါးစပ်ဟလိုက်မိပြန်သည်။

ထိုစဉ် အပြင်ဘက်မှ ချောင်းဟန့်သံကို ကြားလိုက်ရသည်။

တစ်စုံတရာ အဆက်အသွယ်လုပ်သည့် ချောင်းဟန့်သံဟု ထင်သည်။

ခြံဝင်းထဲတွင် ရှိနေသော တစ်စုံတစ်ယောက်၏ ချောင်းဟန့်သံ ဖြစ်လိမ့်မည် ထင်သည်။

ထိုစဉ် မင်းရင်ကြွယ်၏ အမူအရာလည်း ပြောင်းသွားသည်။ အရက်တစ်ခွက် ထပ်သောက်လိုက်ပြီး ဗလုံးဗထွေး ပြောတော့သည်။

'ဟုတ်တယ်၊ ကျုပ်မှာ သတ္တိ မရှိဘူး'

မိန့်လန်ကျွင်း မျက်လုံးပြူးသွားသည်။

'သခင်လေး. . . ဘာပြောလိုက်တာလဲရှင်'

မင်းရင်ကြွယ်က ထပ်မဖြေ၊ မိန့်လန်ကျွင်းကိုသာ စိုက်ကြည့်လိုက်သည်။

'ကျုပ်မေးတာကို ဖြေစေချင်ပါတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဖျင်စောင်းဓားရှည် စာပေသမားဆိုတဲ့ သိုင်းသမား



တစ်ယောက်ကို အရက်ထဲမှာ အဆိပ်ခတ်ခဲ့လို့ ဒုက္ခရောက်သွားတဲ့အကြောင်း ကြားဖူးသလား လုံမလေး'

မင်းရင်ကြွယ် အဆက်အစပ် မရှိဘဲ မေးသည်။

မိန့်လန်ကျွင်းက ထူးဆန်းဟန် မပြ၊ ဖြစ်ရိုးဖြစ်စဉ် တစ်ခုလို့ပင် သဘောထားပုံ ရသည်။

'ဟုတ်ကဲ့၊ ကြားဖူးပါတယ် သခင်လေး။ သိပ်သနားစရာကောင်းတယ်နော်'

'အင်း. . . လူတွေက အဲ ဒီလိုပဲ ပြောနေကြပါတယ်၊ အဲဒီတုန်းက ကျုပ်လည်း သူ့မင်္ဂလာပွဲကို သွားရောက်ချီးမြှင့်ခဲ့ပါတယ်၊ အဲဒီကိစ္စကို သင်ခန်းစာယူပြီး ကျုပ်လည်း နောင်ကို ဘယ်တော့မှ အရက်မသောက်တော့ဘူးလို့ ကိုယ့်ဘာသာ သစ္စာဆိုခဲ့ဖူးပါတယ်၊ ဒါပေမယ့်. . .'

'အို. . . ဒါကတော့ သခင်လေးရဲ့ အစိုးရိမ်ကြီးမှုပါ'

'မဟုတ်ဘူး၊ တစ်ယောက်ယောက်ကသာ ကျုပ်ကို အဲဒီနည်းအတိုင်း လုပ်ကြံခဲ့ရင် ကျုပ် သေမှာအမှန်ပဲ'

'ကဲပါ ရှင်းရှင်းပဲ ပြောပါရစေ၊ ကျွန်မတိုက်တဲ့အရက်ကို သင်္ကာမကင်းဖြစ်လို့ ပြောနေတာ မဟုတ်လား'

'မဟုတ်ပါဘူး၊ ကျုပ်က ယန်ကျိုးမြို့ရဲ့ ကျက်သရေဆောင် ထိပ်တန်းဟိုတယ်ကြီးက အရက်ကို ပြောနေတာပါ'

'ဘာကို ဆိုလိုတာပါလဲ သခင်လေးရဲ့'

'ဟဲဟဲ. . . မင်္ဂလာပွဲအတွက် အထူးစီမံထားတဲ့ ထိပ်တန်း

www.burmeseclassic.com

www.burmeseclassic.com



တို့တယ်ကြီးက သီးသန့်အရက်အကြောင်းကို လုံမလေး တတယ် မသိလို့ မေးနေတာလားဗျာ'

မိန့်လိန့်ကျွင်းရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သို့သော် ကျွန်မပျက် ထိန်းပြီး ပြောသည်။

'ခု ကျွန်မတိုက်တဲ့အရက်က ကျွန်မတိုယ်တိုင် ချက်ထားတဲ့ အရက်ပါ၊ စိတ်ချလက်ချ သောက်လို့ ရပါတယ်ရှင့်'

'ဟဲဟဲ၊ ကျုပ်ခင်ဗျားကို ယုံပါတယ်၊ ဒါကြောင့်လည်း သုံးခွက်တိတိ သောက်ပြီးသွားပါပြီ၊ ကျုပ်ကိုယ်တိုင် တျှိန်ဆို သစ္စာပြုထားတာကို ပယ်ဖျက်ပြီးမှ သံဝေဂ ရလာမိလို့ပါ'

'ဟင်း. . . ဟင်း သခင်လေးဟာ တော်တော် အပြော ကောင်းတဲ့လူကိုး'

'ထင်လို့ပါ လုံမလေး၊ ဒါနဲ့ လုံမလေး ယန်ကျိုးကို ရောက်နေတာ တော်တော်ကြာသွားပြီလား'

'တစ်နှစ်ကျော်ပါပြီ၊ ဘာဖြစ်လို့လဲ သခင်လေးရဲ့'

'ထိပ်တန်းဟိုတယ်က အထက်လူကြီးတွေနဲ့ ရင်းများ ရင်းနှီးသလားလို့ပါ'

'ကိစ္စရှိလို့လား သခင်လေးရဲ့'

'ကျုပ် သိချင်တာလေးတွေ စုံစမ်းချင်လို့ပါ'

'ဘယ်သူ့အကြောင်းများလဲရှင်'

'မန်နေဂျာ ငွေကိုင်ကြီးခုန်ဖန်းရဲ့ အကြောင်းပါ၊ သူဟာ လျှို့ဝှက်ပြီး ဘဝပြောင်းထားတဲ့ သိုင်းသမားတစ်ယောက် မဟုတ် လားဗျာ'



မိန့်လိန့်ကျွင်း၏ သေးငယ်သော မျက်ခုံးတန်းကလေး များသည် နဖူးပေါ် မြင့်တက်သွားသည်။

'ဟင်း. . . ဟင်း သခင်လေး အထင်လွဲနေတာပါ'

'မလွဲပါဘူးဗျာ၊ သူက ကျုပ်အထင် မှန်ကန်ကြောင်း ဝန်ခံပြီးသွားပါပြီ'

မိန့်လိန့်ကျွင်းမျက်နှာ သိသိသာသာ ပျက်သွားသည်။

'သူ ဝန်ခံတယ်ဆိုတာ တကယ်ဟုတ်ရဲ့လားရှင်'

'ဟုတ်ပါတယ်၊ ကျုပ် လုပ်ကြံ မပြောတတ်ပါဘူး'

'ဒါဆို အံ့ဩစရာပဲ၊ သူ့လို စိန်ကပ်ခြောက်သယောင်း နေတဲ့ အဘိုးကြီးတစ်ယောက်ဟာ သိုင်းသမား ဖြစ်ရတယ်ဆိုလို့ ဟင်းဟင်း. . . ကျွန်မကတော့ သူ ဝန်ခံတယ်ဆိုလဲ ဟုတ်မယ် မထင်ပါဘူးရှင်'

'လောကမှာ ပုံပန်းသဏ္ဌာန်ကိုမြင်ရုံနဲ့ အတွင်းသဘောကို မသိနိုင်တာတွေ အများကြီးပါပဲဗျာ၊ ဒီလူကလည်း သူ့အတွင်း သရုပ်ကို ဟန်လုပ်ပြီး အကြာကြီး နေနိုင်စွမ်းရှိတဲ့လူကိုးဗျ'

'ဒါဖြင့်လည်း ဘာကြောင့် မေးနေရတာလဲ ရှင်'

'ဟုတ်ပါတယ်၊ ကျုပ် ထပ်မမေးတော့ပါဘူး'

မိန့်လိန့်ကျွင်းသည် ဘာမျှဆက်မပြောတော့ဘဲ၊ တဟင်း ဟင်း ရယ်နေတော့သည်။

သူတို့နှစ်ယောက်သည် ကိုယ့်အကြံနှင့်ကိုယ် အကွက်

www.burmeseclassic.com



ချောင်းနေသူများတည်း။

သူတို့သည် တိတ်တဆိတ်ချိန်းဆိုပြီး တစ်ယောက်ကို တစ်ယောက် မေးမြန်းစုံစမ်းနေကြသော်လည်း တွက်ချေ မကိုက်ကြချေ။

အချိန်သာ တရွေ့ရွေ့ကုန်ဆုံးသွားခဲ့သော်လည်း မိမိတို့ လိုချင်သော သတင်းကို ဘာမျှ နှိုက်မယူနိုင်ကြချေ။

မင်းရင်ကြွယ်သည် ဆက်လက်ဆွေးနွေးရန် မလိုအပ်တော့ဟု ယူဆမိလိုက်ပြီဖြစ်သဖြင့် မိန်လိန်ကျွင်းကို နှုတ်ဆက်ကာ ထိုင်ရာမှ ထလိုက်တော့သည်။

မိန်လိန်ကျွင်းကလည်း မတားပါ။ မင်းရင်ကြွယ်၏ လှုပ်ရှားမှုကိုသာ ကျောက်ရုပ်ကြီးလိုငြိမ်ပြီး ငေးကြည့်နေတော့သည်။

---

မင်းရင်ကြွယ်သည် အဆောင်ရှေ့တံခါးမှ မထွက်ဘဲ အနောက်တံခါးမှ ထွက်ခဲ့သည်။

ရုတ်တရက် ခြေချော်ပြီး ယိုင်သွားသည်။

လဲပြိုကျမည့် အခြေအနေမှာပင် နူးညံ့ပျော့ပျောင်းသော လက်တစ်ဘက်က ဖမ်းဆွဲပြီး ကူညီလိုက်သည်။

သူ့ကို လိုက်ပို့သော ရှောင်ချင်း၏ ဖေးမမှုပင်။

မင်းရင်ကြွယ် ရှက်သွားသည်။

သတိမမူလျှင် ဝူမမြင်တတ်ချေတကား။

'တော်ပါသေးရဲ့၊ ရှောင်ချင်း ကူပေလို့၊ ကျေးဇူးသိပ်တင်တယ်'

ရှောင်ချင်းက နှစ်လိုစွာ ပြုံးသည်။

'ကိစ္စမရှိပါဘူး သခင်လေးရယ်၊ အားလပ်တဲ့အခါ လာလည်ပါလို့ ဖိတ်ခေါ်ပါတယ်၊ ခုတော့ သွားပေဦးတော့'

မင်းရင်ကြွယ်က ပြုံးပြီး ခေါင်းညိတ်သည်။

ထို့နောက် အမှောင်ထုထဲ ပြေးဝင်ပြီး ပျောက်ကွယ်သွားတော့သည်။

---

သူ့ကိုယ်သူ 'မင်းရင်ကြွယ်'ဟု ပြောခဲ့သော အကျီဖြူသည် ကိုက်တစ်ရာခန့် လျှောက်လာမိသည်နှင့် နောက်ယောင်ခံ လိုက်လာမှုကို သတိပြုမိလာသည်။

နောက်ယောင်ခံ လိုက်နေသူများသည် တစ်ယောက်တည်း မဟုတ်ပါ။

သူတို့ထဲတွင် အဆင့်မြင့်သိုင်းသမား ပါကြောင်း ရိပ်မိသည်။

သို့နှင့် ဦးတည်ချက် လမ်းကြောင်းပြောင်းပြီး တူးမြောင်းရှိရာ ခြေဦး လှည့်လိုက်သည်။

တူးမြောင်းနှင့် နီးလာသောအခါ လာစဉ်က မြင်ခဲ့ရသော ရွက်လှေကြီးကို မတွေ့ရတော့ချေ။

ကြယ်ရောင်လရောင်နှင့် ရေပြင်သည် ကြည်နူးဖွယ် တောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အကျီဖြူသည် ထိုအရာများကို အာရုံမခံစားနိုင်ပေ။

နောက်ယောင်ခံလိုက်သူများကိုသာ မသိဟန်ဆောင်ပြီး ရေပြင်ကို ငေးကြည့်နေလိုက်သည်။

ခပ်ဝေးဝေးမှ ခြေသံများသည် တဖြည်းဖြည်း နီးကပ်လာလေပြီ။

အကျီဖြူသည် ဘေးအိတ်ကို ဂရုမစိုက်မိဟန်နှင့် သဘာဝအလျောက် ငေးပြီး ခပ်ကျယ်ကျယ် ရေရွတ်လိုက်ပြန်သည်။

'ကောင်းကင်ထက်မှ မိုးရေစက်၊
မြစ်ဝါမြစ်ထဲ ခုန်ဆင်းသက်၊
မြစ်ဝါမိုးစက် ပေါင်းစုံရော၊
မင်လယ်ထဲသို့ တရပေါ။'

ရုတ်တရက်-

'ကဗျာဆရာပါလားဟားဟား၊ အတွင်းအားတော့ တော်တော်ကောင်းပုံရတာပဲ၊ အန္တရာယ်ကိုတော့ မြင်တတ်ပုံ မရပါဘူး'

စကားသံနှင့်အတူ အရပ်မြင့်မြင့်၊ အကျီနက်ဝတ်ထားပြီး မျက်နှာကို အဝတ်နှင့် ဖုံးအုပ်ထားသောလူတစ်ယောက်နှင့် အရပ်ပုပြီး အကျီနက်ဝတ် မျက်နှာဖုံးစွပ်တို့သည် အကျီဖြူကို ဝဲယာညှပ်ထားလျက်ကြလေပြီ။

ထိုနောက်တွင်မူ အကျီနက် ဝတ်ထားပြီး မျက်နှာဖုံးနှင့်လူအယောက်သည် ငါးယောက်စီခွဲ ပြီး ဝဲယာ ဝိုင်းရံကြပြန်သည်။



အကျီဖြူက တဖဲ့တဖြဲဖြစ်သွားဟန်နှင့် ဝိုင်းရံနေသူများကို လှည့်ကြည့်လိုက်သည်။

ထို့နောက်. . .

'မိတ်ဆွေတို့က. . .' ဟု ဆိုပြီး စကားရပ်လိုက်သည်။

အရပ်မြင့်မြင့် အကျီနက်နှင့် မျက်နှာဖုံးစွပ်က ခပ်မြန်မြန်ဖြတ်ပြောသည်။

'ကျုပ်နာမည်က ဝိညဉ်နှုတ်သူ ဝူချန်'

'ဝိညာဉ်နှုတ်သူ ဝူချန်တဲ့လား၊ လူသား စစ်စစ်ဖြစ်လျက်သားနဲ့ တစ္ဆေဟန်ဆောင်နေတာလားဗျ'

'တစ္ဆေဟန်ဆောင်နေတာ မဟုတ်ဘူး၊ ကျုပ်တို့က တစ္ဆေလို အစွမ်းထက်ကြလို့ တစ္ဆေဘဝကို ခံယူထားသူတွေဗျ၊ ကျုပ်တို့ဟာ တစ္ဆေ ဝူချန်တွေချည်းပဲ၊ ဝိညာဉ်နှုတ်တဲ့လူတွေ. . . အဲ တစ္ဆေတွေလေဗျာ'

'ဟားဟား. . . ညကြီးသန်းခေါင်ကျော် တစ္ဆေတွေနဲ့တွေ့နေရတာကိုး၊ နေဝါဦး ခင်ဗျားတို့က ဘယ်သူ့ဝိညာဉ်ကို နှုတ်ကြမလို့လဲ'

'ခင်ဗျာကို. . .'

အရပ်မြင့်မြင့် အကျီနက် မျက်နှာဖုံးစွပ်က ခပ်တည်တည် ပြောသည်။

'ကျုပ်ကို. . . ဟုတ်လား'

'ဟုတ်တယ်. . . ခင်ဗျားကိုပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ၊ ခင်ဗျားနဲ့ကျုပ်ဟာ သိကျွမ်းသူလည်း မဟုတ်၊ ရန်ငြိုးရန်စ ရှိသူလည်း မဟုတ်၊ ဒါနဲ့တောင် ကျုပ်ဝိညာဉ်ကို နှုတ်ချင်တယ် ဟုတ်လား'

'ကျုပ်တို့က အပြစ်မရှိဘဲ အပြစ်မပေးတတ်ပါဘူးဗျာ၊ ခု ကိစ္စတ ငရဲမင်းကြီးက ခင်ဗျားမှာ အပြစ်ရှိတယ်ဆိုပြီး လွှတ်လိုက်လို့ ပါ၊ တဲဟဲ. .'

'ကျုပ်မှာ အပြစ်ရှိတယ် ဟုတ်လား၊ ဘယ်လို အပြစ်မျိုး ရှိနေလို့လဲဗျ'

'ကိုယ်လုပ်တာတွေ ကိုယ်အသိဆုံးပါဗျာ'

'ကျုပ်က မတော်မတရားတဲ့ကိစ္စတွေကိုသာ ဝင်ရောက် ဖြေရှင်းတတ်တဲ့လူမျိုးပါ၊ ကျုပ် လုပ်ခဲ့တာတွေဟာ အဲဒါမျိုးတွေ ချည်းပါ၊ ဒီတော့ ဒီလို လုပ်ခဲ့တာတွေဟာ အပြစ်လားဗျာ'

'ဒီတော့ ကျုပ်မသိဘူး၊ ငရဲမင်းကြီးကတော့ ခင်ဗျားကို ကိစ္စတစ်ခုကြောင့် ဖမ်းခိုင်းလိုက်တာပဲ'

'ဒီလိုဆိုလည်း အစောကြီးကဘည်းက လာသင့်တာပေါ့ ဗျာ၊ ခုမှ လာရတယ်လို့'

'ကျုပ်တို့အတွက်တော့ ခုမှ အချိန်ကျလာတာကိုးဗျ'

မင်းရင်ကြွယ်သည် အရပ်မြင့်မြင့် အကျီနက် မျက်နှာဖုံး စွပ်ကို ခပ်ရဲရဲ စိုက်ကြည့်လိုက်သည်။

ထို့နောက် ကောင်းကင်ကို မော့ကြည့်လိုက်ပြီး ဟက်ဟက် ပက်ပက် ရယ်လိုက်မြန်သည်။



'ကဲ. . . စကားကို အရှည်ကြီး သွယ်ဝိုက်သိုင်းဝိုင်းပြီး ပြောမနေပါနဲ့တော့ဗျာ၊ မြွေမြွေချင်း ခြေမြင်ပါတယ်၊ ခင်ဗျားတို့က ကျုပ်ကို သေလူအဖြစ် သတ်မှတ်ပြီလား၊ ကိစ္စက ကျုပ် ဝင်စွက် တာကို မကျေနပ်လို့၊ စောင့်ကြည့်နေတာကြာပြီ၊ ခု ပိုင်ပြီဆိုပြီး ရောက်လာတာ ဒါပဲမဟုတ်လား'

အရပ်မြင့်မြင့် အကျီနက် မျက်နှာဖုံးစွပ်က ဟက်ခနဲ ရယ်၏။

'ကျုပ်လာရင်းကိစ္စကို ပြောပြီးပါပြီ'

'ဟဲဟဲ တကယ်တော့ ခင်ဗျားတို့ ခုလို မလာသင့်ကြပါဘူး၊ လာရင်လည်း တိတ်တိတ်ဆိတ်ဆိတ် လာကြမှပေါ့၊ ခုတော့ ဟဲ. . . ဟဲ. . . ကျုပ်က လုပ်ကြံတဲ့လူရဲ့ သဲလွန်စကို ရှာနေတာဗျ၊ ခုရှာမတွေ့သေးလို့ စဉ်းစားနေတာ၊ တဲကောင်းချင်တော့ သေချင် တဲ့လူတွေက ကျုပ်ဆီ ရောက်လာကြပြီကိုး၊ ဟဲ. . . ဟဲ. . . ဟဲ'

မင်းရင်ကြွယ်က သရော်ဟန်နှင့် ပြောသည်။

အရပ်မြင့်မြင့် အကျီနက်မျက်နှာဖုံးစွပ်က မဲ့ပြုံးပြုံးသည်။

'ခင်ဗျားဘာတွေ လျှောက်ပြောနေတာလဲ၊ ခင်ဗျားပြော နေတာတွေ ကျုပ် နားမလည်းဘူး'

'ဒီလိုဆိုရင် ပွင့်ပွင့်လင်းလင်း ပြောပြပါမယ်၊ ကျုပ်က ဗျပ်စောင်းဓားရှည် စာပေသမား အဆိပ်ခတ်ခံရတဲ့ကိစ္စကို စုံစမ်းနေတာဗျ၊ ထိပ်ထန်းဟိုတယ်ကိုလည်း ရောက်ပြီးပါပြီ၊ ဒါကြောင့် ဟိုတယ်မန်နေဂျာ ငွေကိုင်ကြီးက ခင်ဗျားတို့ထို

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်တာ မဟုတ်လား'

'ဟား. . . တား. . . သူက ဘာကောင်မို့လဲဗျ၊ ကျုပ်တို့ကို စေခိုင်းနိုင်တဲ့ အရည်အချင်း သူ့မှာ ရှိလို့လားဗျ'

'ကျုပ်ပြောတာတွေဟာ လွဲစရာအကြောင်း မရှိဘူး မိတ်ဆွေ၊ ခင်ဗျားတို့က သူ့ကိစ္စကို လွှဲပြောင်း တာဝန်ယူခဲ့သူတွေပဲ'

'ခင်ဗျားက ပြဿနာကို ရှုပ်သထက်ရှုပ်အောင် လုပ်နေတာကိုး'

'သတ္တိရှိတဲ့လူတွေဟာ ဘယ်တော့မှ ဖုံးဖုံးကွယ်ကွယ် မလုပ်တတ်ကြဘူး မိတ်ဆွေ၊ မိတ်ဆွေဟာ သတ္တိရှိသူတစ်ယောက်ပဲ။ ဒါတောင် ဘာဖြစ်လို့ မျက်နှာဖုံးစွပ်ထားရတာလဲဗျာ'

'ဒီကိစ္စဟာ ကျုပ်တို့ကိစ္စပါ ခင်ဗျားနဲ့ ဘာမှမဆိုင်ပါဘူး'

'ကျုပ်အမြင်-ပြောရရင် ခင်ဗျားတို့ မျက်နှာဖုံးစွပ်ထားကြတာဟာ မျက်နှာသိ ဖြစ်နေလို့ပါဗျာ၊ ဒီလိုမှ မဟုတ်ရင်လည်း ကျုပ် မှတ်မိသွားမှာ စိုးလို့ပေါ့၊ ဒီအချက်ဟာ သတ္တိမရှိခြင်းနဲ့ ခိုးကြောင်ခိုးဝှက် လုပ်တတ်ခြင်းရဲ့ သက်သေပြချက်ပဲ'

'ဘာဗျ. . . ခင်ဗျားက ကျုပ်တို့ကို သိနေလို့လား'

'ခုမသိလဲ မကြာခင် သိရမှာပါဗျ'

'ကဲ. . . ပြောစရာရှိသေးရင် ဆက်ပြောစမ်းပါ'

'တစ်စုံတစ်ယောက်ကို အသက်ရှင်လျက် ချန်ထားလိုက်ရင် ခင်ဗျားတို့ ဘယ်သူဆိုတာ မုချ သိရမှာပါ'

'ဟား. . . ဟား. . . ဟား. . . ခင်ဗျားက တော်တော်



အကြွားသန်တဲ့လူပဲ၊ စမ်းကြည့်ကြသေးတာပေါ့ဗျာ၊ ဒါမှ မြွေလား ကင်းလား သိရမှာပေါ့'

၄ စကားမဆုံးမီမှာပင် ဓားသံများ ဝှီးခနဲ၊ ဝှစ်ခနဲ၊ ချွမ်းခနဲ ချွမ်းခနဲ မြည်သွားသည်။

မဘားမှ ဓားဆယ်ချောင်းကလည်း လရောင်တွင် ဝင်းခနဲ ဝင်းခနဲ ဖြစ်သွားသည်။

'အမေ့ သတ်ကြ. . .'

အရပ်မြင့်မြင့် အကျီနက်နှင့် မျက်နှာဖုံးစွပ်၏ အမိန့်ပေးသံဖြစ်သည်။

ထိုလူသည် အမိန့်ပေးပြီးသည်နှင့် နောက်သို့ ဖျတ်ခနဲ ဆုတ်သွားသည်။

မင်းရင်ကြွယ်၏ ဘေးပတ်လည်တွင် ဓားစကြာများ ဖြန့်ကျက်နေလေပြီ။

သို့သော် မင်းရင်ကြွယ် မျက်နှာ မပျက်ချေ။

'မီးပုံကို နှံကောင် ဝင်တိုးသလိုပါဗျာ'

မင်းရင်ကြွယ်သည် တဟဲဟဲ ရယ်ရင်း ရှောင်ရင်းတိမ်းရင်း ပြိုးပြိုးပြက်ပြက်ဖြစ်နေသောဓားများကို ဝင်လုတော့သည်။

အသည်းယားဖွယ်၊ ထိတ်လန့်ဖွယ်ကောင်းသော မြင်ကွင်း ပေတည်း။

▶▶ ◀◀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## မမျှော်လင့်သော တိုက်ပွဲ

အံ့ဖွယ်ပင်ဖြစ်တော့သည်။ သူ၏လက်ချောင်းငယ် ကလေးများသည် ဓားထက်ပင် ကြောက်စရာကောင်းနေသည်။ လက်ချောင်းငယ်တိုက်ကွက်များသည် အံ့သြလောက်အောင် မြင်းထန်ထက်မြက်နေသည်။

ဓားဆယ်ချောင်းပိုင်ရှင်များသည် လက်ချောင်းငယ်တိုက်ကွက်ရှင်ကို အရိုးထဲမှနေ၍ စိမ့်ပြီး ကြောက်ရွံ့လာကြလေပြီ။ တဖြည်းဖြည်းနှင့် ဓားပိုင်ရှင်များ နောက်ဆုတ်သွားကြရလေပြီ။

သည်ကြားထဲက တစ်ယောက်နှစ်ယောက်သည် အရဲစွန့်



ပြီး ရှေ့ကို ပြန်တိုးလာသည်။ မင်းရင်ကြွယ်၏လက်နှစ်ဘက်ကို ဖြတ်တောက်ပစ်ရန် ကြိုးစားလာကြသည်။ မင်းရင်ကြွယ်သည် လက်နက်မဲ့သိုင်းသမား။ အများနှင့် တစ်ယောက်သမား။ သို့သော် ခုချိန်ထိ အရှုံးမပျက်သေး။

'မင်းတို့လူစုဟာ တက်ညီလက်ညီ မရှိဘူး၊ သတ္တိရှိသူနဲ့ သတ္တိမရှိသူ ရောနေတယ်'

မင်းရင်ကြွယ်၏စကားကြောင့် နောက်ဆုတ်သွားကြသူများထဲမှ တစ်ချို့သည် ရှေ့ကို တိုးလာကြပြန်သည်။တစ်ခဏအတွင်းမှာပင် ဓားဓားချင်း ထိမိသံများ ဆူညံသွားပြီး မီးပွင့်မီးပွားများ တဖွားဖွား ဖြစ်သွားသည်။မင်းရင်ကြွယ်က သူ့ကိုယ်ပေါ်ဝဲလာသောဓားများကို လက်ဖြင့် ရိုက်ထုတ်ပစ်နေသည်။ထိုစဉ် 'အင့်' ဟူသော အသံ မြည်လာပြီး ဝင်းပြောင်နေသော ဓားရှည်ကြီးတစ်ချောင်းသည် မင်းရင်ကြွယ်၏လက်ထဲသို့ ရောက်ရှိလာတော့သည်။ ဤတိုက်ကွက်သည် မင်းရင်ကြွယ်၏ 'ရန်သူ့လက်နက်ကိုယ့်လက်နက်' တိုက်ကွက်ပင်ဖြစ်သည်။

'ကဲ. . . ဓားဓားချင်း ယှဉ်ကြည့်ကြဦးစို့လား'

'ဝှီး. . . ဝှစ်. . . ဝှစ်'

မင်းရင်ကြွယ်လက်ထဲမှဓားသည် လျှက်တစ်ပြက်အတွင်းမှာပင် ဓားစက်ဝိုင်းကြီးကိုးခု ဖြစ်သွားသည်။ အဆင့်မြင့်သိုင်းသမားများ၏ တိုက်ပွဲကြီး ဖြစ်နေသဖြင့် ဓားချက်တိုင်း ဓားကွက်တိုင်းသည် လျှပ်ပြက်သည်ထက် မြန်နေသည်။ အဖြူရောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အမည်းရောင်များသည် ရောထွေးသလို ဖြစ်နေသည်။ ဓားသံများ မာန်သွင်းအော်ဟစ်သံများ ဆူညံနေသည်။ ဓားမားချင်း ရိုက်မိ၍ ထွက်လာသောမီးပွင့်များသည် မီးပန်းများလား အောက်မေ့ရသည်။ မင်ရင်ကြွယ်၏ ထက်တိယမြောက်ဓားကွက်နှင့် သိုင်းကွက်ကို ထုတ်ပြီးသွားသောအခါ၌ကား အကျီနက်တစ်ယောက်သည် နားစူးငါးရါး အော်ဟစ်ပြီး လွင့်စဉ်သွားတော့သည်။

ဤဖြစ်ရပ်ကြောင့် ရန်သူများအည် ဘေးသို့ ရှဲထွက်သွားကြသည်။ မင်ရင်ကြွယ်သည် ရန်သူများ၏အလယ်တွင် မားမားကြီး ရပ်နေဆဲပင်။ အကျီနက်နှစ်ယောက်သည် ဘေးတွင် လဲကျနေပြီ။ ခြောက်ယောက်ကား လက်ကောက်ဝတ်မှနေ၍ ပြတ်နေလေပြီ။ နောက်တစ်ယောက်ကား လက်တစ်ဘက် လုံးဝ မရှိတော့။ အရပ်မြင့်မြင့် အကျီနက် မျက်နှာဖုံးစွပ်သည် အံကိုတင်းတင်း ကြိတ်ပြီး မင်ရင်ကြွယ်ကို စိုက်ကြည့်နေသည်။

အတန်ကြာမှ စိတ်လှုပ်ရှားနေသံနှင့် ပြောလာသည်။

'မိတ်ဆွေရဲ့ သိုင်းပညာဟာ ဝန်ရှင်မော်နဲ့ တန်းတူ ရှိနေတာပဲ'

ဟုတ်လား ဒီလိုဆိုရင် ကျုပ်ဟာ သိုင်းလောကရဲ့ နံပါတ်တစ် ဓားသမား ဖြစ်ပြီပေါ့ ဟုတ်လား'

အရပ်မြင့်မြင့် အကျီနက်မျက်နှာဖုံးစွပ်တ သူ့နောက်လိုက် တပည့်များကိုသာ လှမ်းပြီးဝေါက်လိုက်သည်။

'ဖောကောင်တွေ ဘေးဖယ်ကြစမ်း၊ အလကား အသုံးမကျ



တဲ့ကောင်တွေ. . . ထွီ'

မင်ရင်ကြွယ်က ပြုံးပြီး ပြောသည်။

'ခင်ဗျား အနိုင်တိုက်တော့မယ်လား၊ စိတ်ကူးသိပ်ယဉ် မနေနဲ့ မိတ်ဆွေ၊ ကျုပ်က တစ်ယောက်တည်း ချန်ထားမှာ'

'အင်း မိတ်ဆွေက တော်တော် အပြောကြီးနေတာကိုး'

အရပ်မြင့်မြင့် အကျီနက် သိုင်းကွက်နင်းလိုက်သည်နှင့် အရမ်ပုပု အကျီနက်လည်း ရှေ့ကိုတစ်လှမ်းတိုးလာသည်။ ဘေးတွင် ရှိနေကြသော အကျီနက်ဝတ် နောက်လိုက်များမှာ လဲပြိုနေသော ရောင်းရင်းများကို သယ်ပိုးချီမပြီး ပြေးထွက်ကြလေပြီ။

'ခင်ဗျားတို့နှစ်ယောက်က အပိုင်အနိုင် တိုက်ကြတော့မှာကိုး၊ ရပါတယ်. . . ရပါတယ်၊ ကျုပ်က၊ အရေအတွက် မရွေး လူမရွေးတဲ့လူပါ'

အရပ်မြင့်မြင့် အကျီနက် မျက်နှာဖုံးစွပ်လူက အသံထွက်၍ ရယ်သည်။

'ဟား. . . ဟား. . . ကျုပ်တို့ကို မိတ်ဆွေယှဉ်နိုင်မယှဉ်နိုင် မကြာခင် သိရမှာပါ'

'ဟဲ ဟဲ. . . အချိန်ဟာ အမှန်ကန်ဆုံး အဆုံးအဖြတ်ပေးနိုင်တဲ့ တရားသူကြီးပါဗျာ၊ ကဲ. . . အသင့်ဖြင်'

မင်ရင်ကြွယ်က ဓားကိုမြှောက်ပြီးပြောသည်။ အကျီနက်နှစ်ယောက် နောက်သို့ တစ်လှမ်းစီ ပြန်ဆုတ်သွားသည်။

'ကျုပ်တို့က လက်နက်မဲ့ တိုက်ခိုက်မှာပါ မိတ်ဆွေ'

www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . . ဩော်. . . ကျုပ်ကလည်း အခွင့်အရေး ပိုယူတတ်တဲ့လူစား မဟုတ်ပါဘူး၊ ကြိုက်သလို ရပါတယ်'

မင်းရင်ကြွယ်က စကားဆုံးသည်နှင့် သူ့လက်ထဲမှ ဓားကို ထောက်ခနဲ မြည်အောင် ချိုးပစ်လိုက်ပြီး ဓားကျိုးနှစ်ပိုင်းကို ဝှစ်ခနဲ ပစ်လိုက်တော့သည်။ ဓားကျိုးနှစ်ခုသည် မြားတံကလေးများကဲ့သို့ အကျီနက် နှစ်ယောက်ထံ ပြေးဝင်သွားတော့သည်။

'အိုး. . .'

အကျီနက်နှစ်ယောက်ထံမှ အာမေဋိတ်သံပင်ဖြစ်သည်။

မြန်သည်။ သူတို့နှစ်ယောက်စလုံး မြန်ပါသည်။ မြားလို ဝင်လာသော တိုက်ကွက်ကို ကြောင်လိုရှောင်တိမ်းသွားနိုင်သည်။ ဓားကျိုးနှစ်ပိုင်းသည် ဂိုးခနဲ မြည်ပြီး တူးမြောင်းရေပြင်ထဲ စွပ်ခနဲ ကျသွားသည်။

အကျီနက်နှစ်ယောက်သည် လျှပ်တစ်ပြက်တိုက်ကွက်ကို ရှောင်တိမ်းနိုင်ခဲ့သော်လည်း ချွေးပြန်လာသည်ကား အမှန်ပင်။ မင်းရင်ကြွယ်က သူတို့ကို ကြည့်ပြီး ပြုံးသည်။ ထို့နောက် မခံချင်အောင် ထပ်ပြောသည်။

'ကျုပ်တိုက်ကွက်ကို ရှောင်နိုင်တယ်ဆိုပြီး ကိုယ့်ကိုယ်ကို သိပ်ပြီး အထင်ကြီးမသွားကြနဲ့၊ ဓားကျိုးနှစ်ခုကို နည်းနည်းလေး နှိမ်ပြီးပစ်လိုက်ရင် ခင်ဗျားတို ဘယ်လိုမှ ရှောင်မလွတ်ဘူး၊ ကျုပ်က ခင်ဗျားတို့ကို အရှင်ဖမ်းချင်လို့ ရှုပ်ပစ်တာ၊ သဘောပေါက်ရဲ့လား'

အကျီနက်သည် ဘာမျှ ပြန်မပြော။ လရောင်အောက်မှ



မျက်နှာနှစ်ခုသည် ပိုပြီး နီရဲလာသည်။ ထို့နောက် နှစ်ယောက်ပူး တိုက်ကွက်နှင့် တဟုန်ထိုး ခုန်ဝင် လာကြတော့သည်။ တစ်ပြိုင်နက်တည်းတွင်လည်း သူတို့၏ လက်ဝါး ရိုက်ချက်များသည် ဆက်တိုက် ကျရောက်လာသည်။ သို့သော် မင်းရင်ကြွယ်က ရှဉ့်လို လျှောခနဲ လျှောခနဲ ရှောင်ထွက်သွားသည်။

'ခင်ဗျားတို့နှစ်ယောက်ဟာ ဟိုအကျီနက် ဆယ်ယောက်ထက် သိုင်းပညာ ထက်မြက်သူတွေပဲ၊ ကျုပ် ခန့်မှန်းထားတာ နည်းနည်း လွဲသွားတယ်၊ တကယ်တော့ ခင်ဗျားတို့နှစ်ယောက်ဟာ ရှားပါထက်မြက်တဲ့ သိုင်းပညာရှင်တွေပဲ'

ထိုစဉ် အကျီနက်နှစ်ယောက်၏ ရိုက်ချက်က တစ်ပြိုင်နက် ဝင်လာပြန်သည်။

'ဖြောင်း. . . ဖြောင်း. . .'

မင်းရင်ကြွယ်က ရှေ့ [illegible] ရိုက်ချက်ကို ထိပ်တိုက်ရင်ဆိုင်ပြီး တန်ပြန် ရိုက်ထုတ်လိုက်[illegible] လက်ဝါးချင်း ရိုက်မိသံသည် ကြောက်မက်ဖွယ် မြည်ဟ[illegible]သည်။ အကျီနက်နှစ်ယောက်သည် ပြင်းထန်သော တန်ပြန်အားကြောင့် ကနောက်သို့ အနည်းငယ် လွင့်ထွက်သွားသည်။ သို့သော် တန်မပျက်ဘဲ နောက်ဆုတ်နိုင်ခဲ့သည်။

'ဟဲဟဲ. . . ကျုပ်လက်ဝါးကို ရင်ဆိုင်ပြီး ဟန်မပျက်ဘဲ နောက်ဆုတ်သွားနိုင်တဲ့လူတွေဟာ သိုင်းလောကတစ်ခုလုံးမှာ လေးငါးယောက်ပဲ ရှိလိမ့်မယ်ထင်တယ်၊ တော်ပါတယ်၊ ခင်ဗျားတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လည်း တော်ပါတယ်'

အရပ်မြင့်မြင့် အကျီနက်ဝတ် မျက်နှာဖုံးစွပ်က တစ်ချက် ရယ်ပြသည်။

'ဟဲဟဲ. . . ကျုပ်တို့ နှစ်ယောက်ရဲ့ လက်ဝါးဆိုင်းကွက်ကို ခုခံနိုင်တဲ့လူတွေဟာ ခင်ဗျားပါနဲ့မှ သုံးယောက်လောက် ရှိတာပါ။ ဟဲဟဲ. . . တိတိကျကျ ပြောရရင် သတ္တမနတ်မင်း ကျိုးတုန်းချွင် ရယ်၊ ဗျပ်စောင်းဓားရှည် စာပေသမား ဝန်ရှင်မော်ရယ်၊ အမည်မသိ ခင်ဗျားရယ်၊ ဒါပါပဲ၊ ဒါပါပဲ'

'ဟုတ်ပါတယ်၊ ကျုပ်ဟာ တတိယလူပဲ'

မင်ရှင်ကြွယ်က မထီတရီ ပြောသည်။ အရပ်မြင့်မြင့် အကျီနက်က ရီတီတီ ပြန်ပြောသည်။

'ကျုပ်တို့ရဲ့တိုက်ကွက်သစ်ကို ခင်ဗျား ခုခံနိုင်ဦးမလား။ ကျုပ်တော့ သံသယ ရှိနေဆဲပါပဲ'

'ဒါကတော့ ခင်ဗျားတို့ရဲ့လက်တွေက ခင်ဗျားတို့ကို အမြင်မှန် ပေးထားပြီးပါပြီ၊ ကျုပ်ပြောချင်တာက ဗျပ်စောင်းဓားရှည် စာပေသမားဟာ အဆိပ်သင့်လို့ ရူးသွပ်နေပါပြီ၊ ဒါကြောင့် ခင်ဗျားတို့ညီနောင်ရဲ့ တိုက်ခိုက်မှုကို ခုခံနိုင်သူ စာရင်းထဲက ပယ်ဖျက်ရလိမ့်မယ်'

'လျော်တန်သင့်မြတ်တဲ့ အကြံပေးချက်ပဲ. . . ဟဲဟဲ'

အကျီနက်နှစ်ယောက်သည် တစ်သံတည်းရယ်ရင်း လျှပ်စစ်ပြက် တိုက်ခိုက်လာသည်။ သူတို့၏တိုက်ကွက်များသည်



မင်ရှင်ကြွယ်၏ အရေးကြီးသော အစိတ်အပိုင်းများနှင့် သွေးကြောမများကိုသာ ရွေးချယ် တိုက်ခိုက်သည့် တိုက်ကွက် များဖြစ်သည်။

ဤနေရာတွင် မင်ရှင်ကြွယ်အစား အခြားလူတစ်ဦး တစ်ယောက်သာ ဖြစ်နေခဲ့ပါက သူတို့၏တိုက်ကွက် အောက်တွင် အသက်ပျောက်နေလောက်ပေပြီ။

ထို့ကြောင့် မင်ရှင်ကြွယ် မပေါ့ဆဝံ့တော့ချေ။ သူ၏ တိုက်အားကို အဆင့်ရှစ်ထိအောင် တိုးမြှင့်ပြီး တိုက်ခိုက်ရတော့ သည်။ တိုက်ပွဲသည် တစ်ချိန်ထက်တစ်ချိန် ကြောက်စရာကောင်း သည်ထက်ကောင်းလာသည်။ ပြင်းထန်သည်ထက်ပြင်းထန်လာ သည်။

တိုက်ကွက်ပေါင်းရှစ်ကွက်ထိအောင် မြင့်တက်လာပြီ ဖြစ်သော်လည်း မင်ရှင်ကြွယ်သည် အထက်စီး မရရှိသေးပေ။

အရပ်မြင့်မြင့် အကျီနက်တိုက်ကွက်နှင့် အရပ်ပုပုအကျီ နက်၏တိုက်ကွက်သည် ဆက်စပ်ကွင်းသေကွက်ကိုသာ ဦးတည်နေသော တိုက်ကွက်များဖြစ်ကြောင်း ထင်ရှားနေသည်။

ဤမျှ သဲကြီးမဲကြီး ဖြစ်နေသည်မှာ အံ့သြဖို့ကောင်းသည်။ သူတို့သည် မည်သူတွေ ဖြစ်လေသနည်း။ မင်ရှင်ကြွယ် စဉ်းစား၍ မရသေးချေ။

ယန်ကျိုးမြို့ ထိပ်တန်းဟိုတယ်တွင်လည်း ဤ လူနှစ် ယောက်ကို မမြင်ဖူးခဲ့ချေ။ မိမိသည် အတွေ့အကြုံများသူဖြစ် သော်လည်း ဤလူနှစ်ယောက်၏ဆိုင်းကွက်များကို ဘယ်ဂိုဏ်း

www.burmeseclassic.com



ဘယ်အဖွဲ့က သိုင်းကွက်ဟု၍ပင် မခန့်မှန်းနိုင်ဖြစ်နေသည်။

ယခု အတွေ့အကြုံသည် အလွန်ထူးခြားဆန်းကြယ်သော အတွေ့အကြုံပင်။ ထိုစဉ် ရန်သူ၏တိုက်ကွက်သစ်သည် လျှပ်တစ်ပြက် ဝင်လာပြန်တော့သည်။

သို့သော် မင်းရင်ကြွယ် မြန်ပါသည်။ ပြင်းထန်ရက်စက်စွာ ဝင်လာသော တိုက်ကွက်များကို ဖျလွှားငှက်လို ရှောင်တိမ်းပေးလိုက်သည်၊ တစ်ပြိုင်နက်တည်းတွင် တိုက်ကွက်ကိုးကွက်ကို ထုတ်သုံးတော့သည်။

ရန်သူသည် မင်းရင်ကြွယ်၏တိုက်ကွက်ဆယ်ကွက်ကို ကျော်လွှားလွန်မြောက်နိုင်ပါက အံ့ချီးစရာကောင်းလိမ့်မည်။ သိုင်းလောကကြီးတစ်ခုလုံး တုန်လှုပ်ခြောက်ခြားသွားလိမ့်မည်။

မကြာပါ။ မင်းရင်ကြွယ် ဆယ်ကွက်မြောက်တိုက်ကွက်ကို ထုတ်သုံးရတော့သည်။

အဟုတ်ပြင်းထန်သော တိုက်အဖွဲ့ပင်။ဘယ်ဟာအကျီနက် ဘယ်ဟာ အကျီဖြူ ဟူ၍ပင် ခွဲခြား မရအောင်ဖြစ်လာသည်။

ထိုစဉ်. . .

'အွန့်. . . အား. . .' ဟူသော အသံနှင့် 'ရှီး. . .' ဟူသော အသံများ တစ်ပြိုင်နက်ပေါ်လာသည်။

မင်းရင်ကြွယ်၏ လက်ထဲတွင် အကျီလက်အိုးစတစ်ခု ရောက်ရှိနေပေပြီ။ အရပ်ပုပု မျက်နှာဖုံးစွပ်၏ နဖူးတွင် ချွေးများသီးနေ လေပြီ။တစ်ဆက်တည်း မြင်လိုက်ရသောအရာကား ထိုလူ၏



လက်ဝဲဘက်လက်မောင်းဆီမှ စီးကျလာသော သွေးများ။

အရပ်မြင့်မြင့်လူ၏ ညာလက်တစ်ဘက်ကား ပခုံးမှ နေ၍ပြတ်ထွက်နေလေပြီ။ ပန်းထွက်နေသောသွေးများသည် ရေပန်းတစ်ခုမှ ရေအလား အောက်မေ့ရတော့သည်။နှစ်ယောက်စလုံးသည် မင်းရင်ကြွယ်ကို ထိတ်လန့်စွာ ကြောင်ကြည့်နေရာမှ ချာခနဲလှည့်ပြီး ထွက်ပြေးကြတော့သည်။

'မိတ်ဆွေတို့ နှစ်ယောက်စလုံး ပြေးလို့ မဖြစ်သေးဘူးလေ၊ တစ်ယောက်တော့ ကျန်ရစ်နေစေရမယ်လို့ ပြောထားတယ်မဟုတ်လား'

မင်းရင်ကြွယ် သွေးအေးစွာပြောရင်း တရကြမ်း ပြေးလိုက်တော့သည်။ ဤတွင် အကျီနက်နှင့်လူနှစ်ယောက်ထံမှ လက်နက်ပုန်းများ လွင့်လာသည်ကို တွေ့ကြုံရတော့သည်။ မင်းရင်ကြွယ်သည် ဝေါခနဲ ထွက်သွားရာမှ လက်နက်ပုန်းများကို ခုန်ပျံရှောင်တိမ်းပေးလိုက်သည်။

'ဘယ်လိုလဲဗျ၊ ခင်ဗျားတို့က ကောက်ကျစ်စဉ်းလဲတဲ့ တိုက်နည်းကိုတောင် သုံးရဲကြတယ် ဟုတ်လား'

အကျီနက်မျက်နှာဖုံးစွပ်နှစ်ယောက်သည် နောက်သို့လုံးဝ လှည့်မကြည့်တော့။ သူတို့ ပစ်လွှတ်လိုက်သော လက်နက်ပုန်းများသည် မင်းရင်ကြွယ်၏ ခြေထောက်အောက်မှ ဝင်းခနဲဝင်းခနဲ ပြတ်သန်း သွားကြသည်။

ထိုအချိန်၌ အကျီနက်နှစ်ယောက်သည် မင်းရင်ကြွယ်နှင့်

www.burmeseclassic.com



ကိုက်ငါးဆယ်ကျော်လောက်သို့ ရောက်ရှိသွားကြပြန်သည်။

မင်းရင်ကြွယ်သည် ဒေါသထွက်ထွက်နှင့် ဖျတ်ခနဲ ခုန်ပျံပြီး ပြေးလိုက်ပြန်သည်။ အင်္ကျီနက်နှစ်ယောက်နှင့် မင်းရင်ကြွယ်တို့ ကိုက်သုံးဆယ်မျှသာ ကွာလှမ်းတော့သည့်အချိန်တွင် လက်ဝဲဘက်အေး ဆယ် ကိုက်ကျော်လောက်ဆီမှ ဝှစ်အိနဲ ဝှစ်ခနဲ လွင့်ပျံလာတော့ သည်။ နံဘေးဘက်မှ ချောင်မြောင်းပစ်လွှတ်လိုက်သော လက်နက်ပုန်းများသည် အင်္ကျီနက်နှစ်ယောက် ထုတ်သုံးခဲ့သော လက်နက်ပုန်းအမျိုးအစားများပင်။

ထူးခြားသည်ကား ယခုလက်နက်ပုန်းဖစ်အားသည် စောစောက လက်နက်ပုန်းပစ်အားထက် ပိုပြီးအားကောင်းနေ ပြင်းပင်။ ထို့ပြင် လက်မှန်းလည်း ပိုဖြောင့်နေသည်။

မင်းရင်ကြွယ်၏ ရင့်ထဲတွင် ဒိန်းခနဲ မြည်သွားသည်။ မင်းရင်ကြွယ် လက်နက်ပုန်းများကို တိမ်းရှောင်နေစဉ်မှာပင် အင်္ကျီနက်မျက်နှာဖုံးစွပ်နှစ်ယောက်တာ အခွင့်ကောင်းယူပြီး ကွယ်ပျောက် တိမ်းရှောင်သွားကြတော့သည်။ ချောင်းမြောင်း ပစ်လွှတ်လိုက်သော လက်နက်ပုန်းများသည် မင်းရင်ကြွယ် အရှောင် ကောင်းလွန်း၍ တူးမြောင်း ရေပြင်ထဲသို့ လွင့်စဉ်သွားကြလေပြီ။

မင်းရင်ကြွယ်သည် လက်နက်ပုန်းများ လွင့်လာရာတို မှန်းဆချိန်ချိန်ပြီး လေ့လာလိုက်သည်။ တီကျူးသေချာသော အရှေ မတွေ့။

မတ်ဝန်းကျင်တွင် ရန်သူ ပုန်းကွယ်နေနိုင်သည့် နေရာ



လည်း မရှိ။ အုံးသြဖို့ ကောင်းသည်။ လက်နက်ပုန်းများသည် မည်သည့်နေရာမှ လွင့်လာကြလေသနည်း။ ရန်သူသည် အဘယ် နေရာမှ ပစ်လွှတ်လိုက်လေသနည်း။ မင်းရင်ကြွယ် ဝေခွဲမရသေး ချေ။ ရုတ်တရက် မင်းရင်ကြွယ်သည် တစ်စုံတစ်ရာကို စဉ်းစား လိုက်မိသည်နှင့် ရပ်နေရာမှ ခုန်ပျံပြီး ပြေးထွက်သွားတော့သည်။

---

အံ့သြဖို့ ကောင်းသည်။ မင်းရင်ကြွယ်သည် ထိပ်တန်း ဟိုတယ်ကြီးဆီသို့ ဦးတည် ပြေးခဲ့ပြန်လေပြီ။

မကြာပါ။

ထိပ်တန်းဟိုတယ်ကြီးထဲသို့ ရောက်ရှိခဲ့တော့သည်။

ဟိုတယ်ကြီးသည် တိတ်ဆိတ်ငြိမ်သက်နေလေပြီ။ တေး သံညီတို့၏ သီချင်းသံများကိုလည်း မကြားရတော့ချေ။ မူးမူးရူးရူး နှင့် အော်ဟစ်ပြောဆိုနေသံများလည်း တိတ်ဆိတ်နေလေပြီ။ ဧည့်ခန်းအလယ်မှ မီးအိမ်ကြီးလည်း ငြိမ်းသွားနေလေပြီ။

ယင်းလိပ်ကာနောက်မှ တမြက်ချည်းလှဲနေသူများကိုကား မြင်နေရသည်။ စားပွဲခုံများကို ရွှေ့မြှောက်ဆေးကြောနေကြ သည်ကိုလည်း တွေ့ရသည်။

မင်းရင်ကြွယ်သည် ခေါင်းတညိတ်ညိတ် လုပ်လိုက်ပြီး ယင်းလိပ်ကာ အတွင်းဘက်ဆီသို့ လှမ်းဝင်လိုက်သည်။

သူ့ကို တွေ့လိုက်ကြသော စားပွဲထိုးများသည် အား အသင့်ကြီး သင့်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုတယ် မိတ်ပြီဗျ၊ မီးအိမ်တွေလည်း ငြိမ်းထားပြီးပြီ၊ အချိန်မတော်ဗျာ၊ မနက်မှ လာတော့'

စားပွဲထိုးတစ်ယောက်က စားပွဲခုံကို သုတ်နေရင်း လှမ်းပြောသည်။ မင်ရင်ကြွယ်က မခိုးမခန့် ပြုံးလိုက်သည်။

'ကျုပ်က စားဖို့သောက်ဖို့ လာတာမဟုတ်ပါဘူး၊ ခင်ဗျားတို့ရဲ့ ငွေကိုင်မန်နေဂျာကြီးနဲ့ တွေ့ချင်လို့ပါ'

'ဩော် . . . ငွေကိုင်ကြီးနဲ့ တွေ့ချင်လို့ကိုး၊ ဒီလိုဆို ကြွပါ . . ကြွပါ၊ အထဲကို ကြွပါ'

စားပွဲထိုးတစ်ယောက်က လေးစားဟန်နှင့် ပြောပြီး လှည့်ထွက်သွားသည်။

'ဟေ့လူ . . . နေဦး၊ ကျုပ်ကို ငွေကိုင်ကြီး ရှိတဲ့နေရာဆီ ရောက်အောင် လိုက်ပို့ပေးပါ'

မင်ရင်ကြွယ်က ဒရောသောပါး လှမ်းပြောသည်။ ထိုအချိန်မှာပင် အခန်းလေးတစ်ခုအတွင်းမှ ခြေသံကို ကြားရသည်။

'ငွေကိုင်ကြီး ထွက်လာပြီ ထင်တယ်ဗျ'

စားပွဲထိုးတစ်ယောက်က သူ့ဘာသာ ရေရွတ်သလို ပြောသည်။

မကြာပါ။

အခန်းငယ်လေးတစ်ခုအတွင်းမှ လူတစ်ယောက် ထွက်လာတော့သည်။ ထိုလူသည် အသားအရေ စိုပြည်ပြီး ဖွံ့နေသည်။ ထားတယ် သူဌေးဟန် ပေါက်သည်။



သူသည် အပြင်သို့ရောက်သည်နှင့် စားပွဲထိုးများကို ဟိန်းလား ဟောက်လား လုပ်တော့သည်။

'မပြီးကြသေးဘူးလားကွ၊ ခုဘယ်အချိန်ရှိနေပြီလဲ၊ လုပ်ကြ၊ မြန်မြန်လုပ်ကြ၊ အေးအေးဆေးဆေး လုပ်နေလို့ မဖြစ်ဘူး၊ အချိန်ဟာ တန်ဘိုးသိပ်ကြီးတယ်၊ မင်းတို့လုပ်နေပုံက ဘယ်သူ့ စင်လုပ်လုပ် ရတယ်ကွ၊ မြန်မြန် . . . မြန်မြန်'

ထိုစဉ် စားပွဲထိုးတစ်ယောက်က ထိုလူ့အနားသို့ တိုးသွားပြီး ခပ်ရှိ့ရှိ့ပြောသည်။

'သခင်ကြီးကျင်း၊ ဟောဟိုက ဧည့်သည်သခင်လေးက သခင်ကြီးနဲ့ တွေ့ချင်လို့တဲ့ဗျ'

ထိုလူက မင်ရင်ကြွယ် လှမ်းကြည့်ပြီး ခပ်မာမာ လှမ်းမေးသည်။

'မိတ်ဆွေ ဘာပြောချင်လို့လဲ'

'ကျုပ်က ငွေကိုင်ကြီးနဲ့ တွေ့ချင်တာပါ၊ စားပွဲထိုး အပြောမှားနေပြီ ထင်တယ်'

'မမှားပါဘူး၊ ငွေကိုင်ဆိုတာ ကျုပ်ပဲ'

ကျင်းက မာဆတ်ဆတ် ပြောသည်။

မင်ရင်ကြွယ် နှာခေါင်းရှုံ့မိသည်။

'ခင်ဗျားက ထိပ်တန်းဟိုတယ်ကြီးရဲ့ ငွေကိုင်ကြီးလား'

'ဟုတ်တယ် ဘာဖြစ်လို့လဲ၊ ခင်ဗျား ဆိုင်မှားနေပြီ ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆိုင်လဲ မမှားဘူး၊ လူလည်း မမှားဘူးဗျ၊ နေပါဦး ခုန်ဖန်း ဆိုတဲ့လူက ဘယ်ရောက်နေလို့လဲ'

'ဩော် . . . ဩော် . . . စောစောပိုင်းတုန်းကတော့ ခုန်ဖန်းဟာ ငွေကိုင်ပဲ၊ ခုတော့ သူ မဟုတ်တော့ဘူး၊ ကျုပ်ပဲ ဟဲ. . . ဟဲ'

ကျင်းက ရှင်းရှင်းပြတ်ပြတ်ပြောပြီး တဟဲဟဲ ရယ်တော့သည်။ မင်ရင်ကြွယ် ခေါင်းရှုပ်သွားတော့သည်။

'ကျုပ် ခေါင်းရှုပ်သွားပြီ၊ ရှင်းအောင်ပြောစမ်းပါ၊ ခင်ဗျားက ဘယ်နှယ်ချက်ချင်းကြီး ငွေကိုင် ဖြစ်လာရတာလဲ'

'ဟားဟား . . . ဒါများ အဆန်းလုပ်လို့ဗျာ၊ ပထမ ငွေကိုင်ကြီးခုန်ဖန်းဟာ ဒီအလုပ်ကို သိပ်လုပ်တဲ့လူဗျ'

ကျင်းက ဖဲရိုက်သည့်ပုံစံနှင့် အမူအရာ လုပ်ပြသည်။

မင်ရင်ကြွယ် မျက်မှောင်ကြုတ်သွားသည်။

'ရှင်းအောင် ပြောစမ်းပါဗျာ'

'ဒီလိုဗျာ ဒီလို၊ ငွေကိုင်ကြီး ခုန်ဖန်းဟာ လောင်းကစား ဝါသနာ သိပ်ကြီးတဲ့လူဗျ၊ ခုအဖြစ်ဟာလည်း တစ်ညတည်းနဲ့ ရှိတဲ့ပစ္စည်းကုန်အောင် လောင်းကစားသွားလို့ပဲ၊ ဒါကြောင့် ဒီထိပ်တန်းဟိုတယ်ကြီးကို စာချုပ်စာတမ်းနဲ့ ကျုပ်လက်ထဲ အပ်ခဲ့ရပြီဗျ၊ ဟားဟား . . .'

ကျင်းက ဝမ်းမြောက်ဝမ်းသာနှင့် ပြောသည်။မင်ရင်ကြွယ်၏မျက်ခုံးနှစ်ဘက် နဖူးပေါ် မြင့်တက်သွားသည်။



'ဟုတ်မှ ဟုတ်ရဲ့လားဗျ'

'ဟုတ်သမှ သိပ်ဟုတ်ပေါ့ဗျာ၊ ဒီကိစ္စကို ဟန်ကျိုးမြို့တစ်မြို့လုံး အသိပါ၊ သခင်လေးက တကယ်မသိလို့ မေးနေတာလား'

မင်ရင်ကြွယ် ဘာမှ မပြောနိုင်တော့ပေ။၎င်းအဖြစ်သည် အံ့ဩဘွယ်ကောင်းသောအဖြစ်ပင်။ကျင်းက လှမ်းပြောပြန်သည်။

'သခင်လေး မယုံရင် ဟောဒီက အလုပ်သမားတွေကို မေးကြည့်နိုင်ပါတယ်'

မင်ရင်ကြွယ်က စားပွဲထိုးများကို လှမ်းကြည့်သည်။

'ဟုတ်ပါတယ် သခင်လေး၊ ဒီအဖြစ်ဟာ အမှန်ပါ၊ ဒီမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အဖြစ်ပါ'

သွက်လက်ချက်ချာဟန်ရှိသော စားပွဲထိုးက မမေးဘဲ လှမ်းဖြေသည်။မင်ရင်ကြွယ်ကား ယုံရအခက် မယုံရအခက် ဖြစ်နေသည်။ကျန်ရှိနေသော စားပွဲထိုးများကလည်း . . .

'ဟုတ်ပါတယ် သခင်လေး၊ ဟုတ်ပါတယ်'

ဟု ဝင်ဖြေကြလေသည်။ သူတို့ဖြေနေပုံသည် အမှန်တကယ် ဖြစ်ပျက်ခဲ့ပုံပေါ်နေသည်။ ဟန်ဆောင်လိမ်ညာသော အမူအရာများ မရှိကြ။ စားပွဲထိုးအားလုံးလိုလို ၎င်းဟိုတယ်တွင် လုပ်နေကြသည်မှာ အနှစ်နှစ်ဆယ်ဝန်းကျင် လုပ်သက်ရှိသူများ ပင်တည်း။

၎င်းမြို့ကြီး၌ ထိတ်ထိတ်ကြ သူဌေးကြီးများသည် လောင်းကစားကိစ္စကြောင့် နေ့ချင်းညချင်း ကုန်းကောက်စရာ မရှိအောင်

www.burmeseclassic.com

www.burmeseclassic.com



မွဲပြာကျသွားသည်မှာ ရိုးနေသောကိစ္စဖြစ်သည်။မယုံ၍လည်း မဖြစ်။ရင်ထဲ၌ကား မသင်္ကာမှု အစိုင်အခဲသည် ဖြစ်တည်နေဆဲ သာတည်း။

မတတ်နိုင်။သူတို့ပြောသည့်အတိုင်း ယုံလိုက်ရတော့မည်။

'ဒီလိုဆိုရင် ငွေတိုင်ကြီးခုန်ဖန်းက ဘယ်ရောက်သွားပြီလဲ'

'ဘယ်ရယ်လို့တော့ မပြောတတ်ဘူးဗျ၊ သူ့အဝတ်အစား တွေယူပြီးတော့ ထွက်သွားတာပဲ၊ သူ ဒီမှာ မရှိတာတော့ အမှန်ပဲ။ သူ့ဘက်က ကြည့်ရင်တော့ စိတ်မကောင်းစရာပေါ့ဗျာ၊ လောင်း ကစားသမားရဲ့ဘဝဟာ နွံသမားယီးစပ်လို ပိန်လိုက်ဖောင်းလိုက် ဖြစ်တာ သဘာဝပါပဲဗျာ'

မင်းရင်ကြွယ်က ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

'ဒါနဲ့ မိန်လန်ကျွင်း ဆိုတဲ့ တေးသည်မလေးကောဗျ'

'မိန်လန်ကျွင်း၊ ဒီနာမည်ကို မကြားဖူးပါဘူး၊ ဟော့. . . မင်းတို့ကော သိကြသလား'

ကျွင်းက စားပွဲထိုးများကိုပါ တဆက်တည်း လှမ်းမေး သည်။အားလုံးက 'မသိဘူး' ဟု တညီတည်း ဖြေသည်။

မင်းရင်ကြွယ် ဦးနှောက်ခြောက်သွားပြန်သည်။

'နေဦးဗျာ၊ အဲဒီ မိန်းကလေးရဲ့နာမည်က မန်မန်လို့လည်း ခေါ်သေးတယ်ဗျ'

'ဟာ. . .အား. . . လက်စသတ်တော့ မန်မန်ကိုး၊ သိပါတယ်၊ သိပါတယ်၊ အဲ. . . တိုက်ဆိုင်တယ်လို့ပဲ ဆိုရလိမ့်မယ်ထင်တယ်၊



အဲဒီမိန်းကလေးလည်း မရှိတော့ဘူးဗျ၊ သူလည်း ပြောင်းရွှေ့သွားပြီ'

'ဗျာ. . . သူလည်း ထွက်သွားပြီ ဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါအဆန်းလား သခင်လေးရဲ့၊ ခုန်ဖန်း ပြောင်းမှတော့ သူလည်း ပြောင်းရတော့မှာပေါ့၊ ခုန်ဖန်းဆိုတာက မယားတွေ အများကြီး ယူထားတဲ့လူပဲဥစ္စာ၊ သူ့တိုအိမ်က ချော ချောလှလှတွေဟာ သူ့ရဲ့အပျော်မယား ဖြစ်ကုန်တာ များပါတယ် ဗျာ. . . ဟဲဟဲ'

ကျွင်းက မထူးဆန်းဟန်နှင့် ပေါ့ပေါ့ပြောသည်။

မင်းရင်ကြွယ် အသက်ရှူ မှားသွားတော့သည်။

'ခင်ဗျားကလည်း အဲဒီ မိန်းကလေးနဲ့ တော်တော်ရင်းနှီး နေပြီလား'

ကျွင်းက ပြုံးမစနှင့် မေးသည်။

'သိကျွမ်းရုံလောက်ပါပဲ ကျွင်း၊ ကျုပ်အနှောင့်အယှက် ပေးသလို ဖြစ်သွားတာ ခွင့်လွှတ်ပါ၊ ကဲ. . . သွားဦးမယ်'

မင်းရင်ကြွယ်က စကားဖြတ်ပြီး လှည့်ထွက်တော့သည်။

'ဖြည်းဖြည်းပေါ့ သခင်လေးရယ်၊ နောင်လည်း ကျုပ်တို့ ဟိုတယ်ကိုလာပြီး အားပေးပါ၊ မိတ်ဟောင်းကို ခင်သလို မိတ်သစ် ကိုလည်း ခင်သင့်ပါတယ်ဗျာ၊ လာပြီး အားပေးပါဦးနော၊ သခင် လေး စိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်'

'ကောင်းပါပြီ မိတ်ဆွေ၊ ကဲ. . . ကျုပ်ကို ခွင့်ပြုပါဦး'

မင်းရင်ကြွယ်သည် ပြောပြောဆိုဆို လှည့်ထွက်လာခဲ့၏

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယင်းကာအပြင်သို့ရောက်သောအခါ ကျင်း၏ 'အင်း. . . တော်တော် မတရားတာပဲ' ဟူသည့် ရေရွတ်သံကို ကြားလိုက်ရသည်။

မင်းရင်ကြွယ်သည် ထိုစကားကြောင့် ခပ်ပြုံးပြုံးဖြစ်သွားသည်။

ထို့နောက် ထိပ်တန်းဟိုတယ်ကြီး အပြင်သို့ ခပ်သုတ်သုတ် ထွက်လာခဲ့တော့သည်။

အဖြစ်အပျက်များသည် မဟောင်ဦးဆန်းသော အဖြစ်များပေတကား။

▶▶ ◀◀



အခန်း (၁၂)

## လျှို့ဝှက်သော သမားတော်

တစ်ညတာ လွန်မြောက်၍ တစ်မိုးပင် သောက်ခဲ့ပြန်လေပြီ။

အရှေ့ဆီမှ နေဝန်းသည် တစတစ မြင့်တက်နေလေပြီ။

ထိုအချိန်၌ မင်းရင်ကြွယ်သည် 'စိုးစီဟူး' အမည်ရှိ ရေကန်ကြီးအနီးသို့ ရောက်ရှိနေပေပြီ။

ထိုနေရာသည် 'စူတန်း' တောင်တန်းနေရာဖြစ်သည်။

တောင်ခြေလက်တွင်မှ ကျယ်ဝန်းသာယာသော ဥယျာဉ်ခြံဝင်းကြီးတစ်ခု ရှိနေသည်။

ထိုဝင်းကြီးထဲတွင် တည်းခိုနားနေရန် ဇရပ်နှင့် ခန်းညား

www.burmeseclassic.com

www.burmeseclassic.com



ထည်ဝါသော အဆောက်အအုံတစ်ခုရှိသည်။

အဆောက်အအုံ၏ အနီရောင်တံခါးချပ်ကြီးကို အဝေးမှပင် လှမ်းမြင်နေရသည်။

တံခါးအဖွင့်အပိတ်နေရာတွင် ပြောင်ပြီးနက်သော သံကွင်းကြီးများ တပ်ဆင်ထားသည်။

အဆောက်အအုံ၏ နဖူးစည်းတွင်မူ 'ကျိုးမိသားစု အိမ်တော်မဟာ' ဟု စာလုံးများ ရေးထိုးထားသည်။

ဤအိမ်တော်မဟာသည် ကျိုးကုံးချွင်၏အိမ်ပင် ဖြစ်တော့သည်။

မှန်ပါသည်။ စွီစီးဟူ ရေကန်ကြီး၊ စူကွန့်တောင်ကုန်းနှင့် ဤအိမ်ကြီးသည် ကြီးကျယ်ခမ်းနားမှုတို့ စုဝေးသောနေရာပင် ဖြစ်သည်။

ပစ္စုပ္ပန် သိုင်းလောက၌ ဤမျှ ကြီးကျယ်ခမ်းနားသော ပိုင်ဆိုင်မှုရှိသူသည် ကျိုးကုံးချွင် တစ်ဦးတည်းသာ ရှိသည်။

ယင်းသို့ ကြီးကျယ်ခမ်းနားသူနှင့် ထူးဆန်းသော ညီသည် စိတ်ဝင်စားဘွယ်အဖြစ်များနှင့် တွေ့ဆုံကြပေတော့မည်။

ထူးခြားသည်ကား ဤမျှ ကြီးကျယ်ခမ်းနားသောနေရာဒေသသည် အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေခြင်းဖြစ်သည်။

အာရုဏ်ဖြူသည် ပတ်ဝန်းကျင်ကို သေသေချာချာ လေ့လာပြီး ငြိမ်သက်နေမိပြန်သည်။ သို့နှင့် နေမင်းကြီးသည်ပင်လျှင်



တဖြည်းဖြည်း မြင့်တက်လာတော့သည်။

နေရောင်ခြည်သည် ကန်ရေပြင်ပေါ် ဖြာကျနေသဖြင့် ရွှေရောင်ငွေရောင်တောက်ပြီး သာယာလွန်းနေသည်။

နေမြင့်သည်နှင့်အမျှ လူသွားလူလာများလည်း များပြားစပြုလာတော့သည်။

ရေကန်ကြီးအနီးတွင် တည်ရှိနေသော လက်ဘက်ရည်ဆိုင်များနှင့် စားသောက်ဆိုင်များသည် စောစောက စားသောက်သူနည်းသလောက် ယခုမူ များပြားစည်ကားစ ပြုလာလေပြီ။

မင်ရင်ကြွယ်သည် တစ်စုံတရာကို အတွေးနက်ပြီး ငြိမ်နေမိသည်။

ထိုအချိန်မှာပင် ခေါင်းလောင်းသံနှင့်အတူ သမားတော်ကြီးတစ်ဦး ရောက်လာတော့သည်။

---

သမားတော်ကြီးသည် ခေါင်းလောင်းလေးတစ်ခုကို လှုပ်ယမ်းပြီး တလှုပ်လှုပ် လျှောက်လာသည်။

အသားမည်းပြီး ပိန်လှီသောအဘိုးကြီးတစ်ဦးဖြစ်သည်။

ခေါင်းပေါ်တွင် ဦးထုပ်ဆောင်းထားပြီး မီးခိုးပြာရောင် အင်္ကျီကို ဝတ်ထားသည်။

အင်္ကျီသည် ဒူးဆစ်ကျော်အောင်ရှည်သော အင်္ကျီကြီးပင်။

ကျောကုန်းပေါ်တွင်မူ ပိတ်စပေါ် ရေးထားသည့် ကြော်ငြာစာတန်းတစ်ခု ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



စာလုံးများသည် အနက်ရောင်စာလုံးများဖြစ်ပြီး 'ကုမရတော့ဟု ဆုံးဖြတ်ထားသည့်ရောဂါဝေဒနာများကိုသာ ကုပေးသည်' ဟူသည့် စာတန်း ရေးထားသည်။

ထိုစာတန်းအပေါ်ဘက် နဖူးစည်းနေရာတွင်မူ သမားတော်ကြီး 'စိုက်ဝါထို'ဟု ကင်ပွန်းတပ်ထားသည်။

အဘိုးကြီးသည် သိပ်မထူးခြားလှသော်လည်း ကြွားဝါတတ်သောလက္ခဏာ ရှိနေသည်။

ဤကား ပိတ်ဖြူပေါ်မှ စာတန်းကို အစိပ္ပာယ် ကောက်ချက်ဖြစ်သည်။

ထူးခြားသည်ကား သူ၏မျက်လုံးဖြစ်သည်။

မျက်လုံးထဲမှ အနက်ရောင်မျက်ဆန်သည် သာမန်ထက် သေးငယ်နေခြင်းဖြစ်သည်။

သမားတော်ကြီးသည် ဘလှုပ်လှုပ် လျှောက်လာရာမှ စည်ကားစပြုနေသော လက်ဘက်ရည်ဆိုင်ထဲသို့ လှမ်းဝင်သွားသည်။

လက်ဘက်ရည်ဆိုင်ရှင်သည် ဝင်လာသမျှသော ဧည့်ပရိသတ်များကို လိုက်လံပျူငှာစွာ ဖိတ်ခေါ်လျက်ရှိသည်။

'ကြွကြွပါခင်ဗျာ… ကြွကြွပါ၊ စိတ်အေးချမ်းသာစွာ သုံးဆောင်နိုင်ကြပါတယ်၊ ဪ… သမားတော်ကြီးပါလား မရောက်တာတောင် အတော်ကြာသွားပြီနော်၊ ထိုင်ပါ သမားတော်ကြီး ထိုင်ပါ'



သမားတော်ကြီးက ခေါင်းကို အသာညိတ်ပြပြီး လွတ်နေသောစားပွဲတွင် ဝင်ထိုင်လိုက်သည်။

စားပွဲထိုးတစ်ယောက် အနားကိုရောက်လာပြီး မေးသည်။

'ဆရာကြီး… ဘာများ သုံးဆောင်ချင်ပါသလဲ၊ တိုင်ရင်းလက်ဘက်ခြောက်မျိုးစုံနဲ့ဖျော်တဲ့ လက်ဖက်ရည် အမျိုးမျိုးရပါတယ်'

သမားတော်ကြီးက မျက်ဖြူလှန်ပြီး ကြည့်သည်။

ထို့နောက် လေးလက်မမျှ ရှည်လျားနေသည့် လက်သည်းများရှိသည့်လက်နှင့် ဆေးသေတ္တာထဲကို ထိုးနှိုက်လိုက်သည်။

'ရော့… အဲဒါ 'နဂါးလျှာမြက်' လို့ခေါ်တယ်၊ အဲဒါနဲ့ ဖျော်ခဲ့၊ တျသင့်တဲ့အတိုင်း ပေးမယ်၊ အဲဒီဆေးပင်ဟာ တစ်နေ့တစ်ကြိမ်သောက်ရုံနဲ့ အသက်တစ်နှစ် ပိုရှည်တယ်'

သမားတော်ကြီးက မျက်ဖြူလှန်ကြည့်ပြီး…

'အပိုတွေ ပြောမနေနဲ့၊ အဲဒါကို မြန်မြန်ဖျော်ပြီး ယူခဲ့၊ ဆေးကောင်းဆေးမြက်ဆိုတာ အန်ချင်အောင် ခါးတာချည်းပဲ'

ထိုစဉ် သမားတော်ကြီးကို စိတ်ဝင်စားနေသော လူတစ်ယောက်က အနားသို့ တိုးကပ်လာသည်။

'သမားတော်ကြီး… အယ်အရပ်က လှည့်လာတာလဲ ခင်ဗျာ'

'ယွင်ကွေ့မြို့က…'

သမားတော်ကြီးက ထိုလူကို မကြည့်ဘဲ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



မေးသူ၏ပါးစပ်ထဲမှ လျှာသည် ပြူတစ်ပြူတစ် ဖြစ်သွားသည်။

'အားပါး. . . ကြောက်စရာကောင်းအောင် ဝေးတဲ့ဒေသကပါလား'

'ဘာဆန်းလည်းကွ၊ ဆေးဆရာဆိုတာ လူနာရှိရာ သွားရတာပေါ့၊ တို့က လူနာတွေ ငရဲပြည်မှာ ရှိနေတယ် ဆိုရင်တောင် ငရဲပြည်အထိ လိုက်ကုရမှာကွ၊ ဒါ သမားတော်တွေရဲ့တာဝန်ပဲ၊ နောက်တစ်ခုက ဆေးမြစ်တို့ ဆေးရွက်တို့လည်း စုရသေးတယ်၊ ဆေးကောင်းဆေးမြတ်တွေ ဘယ်တောဘယ်တောင်မှာ ရှိသလဲ၊ ရှိတဲ့နေရာကို လိုက်ရှာရတာ၊ တို့ဟာ ဆေးဆရာဆိုပေမယ့် အသက်စွန့်တန်စွန့်ပြီး ကုသရှာဖွေရတာကွ၊ ခုလဲ ယွင်ကွေ့က အပြန်လမ်းကြုံလို့ ဒီမြို့ကို ဝင်လာခဲ့တာပဲ'

သမားတော်ကြီးစိုက်ဝါထိုက ခပ်ကြွားကြွား ပြောလာသည်။

ရပ်နေသူက. . .

'ဆေးမြစ်ဆေးရွက်တွေကိုလည်း အဲဒီလောက်ဝေးလံတဲ့နေရာတွေမှာ သွားရှာရတာပဲလား၊ မြို့တိုင်းမြို့တိုင်းမှာ ဆေးဆိုင်တွေ ရှိနေတာပဲဟာ'

'ဒါတာ မင်း အမြင်ကိုး၊ ဝရဆေးဆိုင်တွေ ဘယ်မြို့မှာ ဘယ်နှစ်ဆိုင်ရှိတယ်ဆိုတာ ငါ သိပြီးသားပါ၊ ဒါပေမယ့် ဆေးဆိုင်တွေက ဆေးတွေဟာ အတုတွေ များတယ်၊ ဒီအချက်ကိုမင်း



နားလည်လို့လား၊ နားမလည်ရင် ဆရာ မလုပ်ရဘူးကွ'

ရပ်နေသူသည် ဘုကျကျစကားကြောင့် အခံရခက်သွားသည်။

သို့သော် ဇီဇကတည်းက စကားများတတ်သူမို့ ပါးစပ်ထဲရှိရာ လျှောက်မေးနေပြန်သည်။

'ဆရာကြီး သွားလာခဲ့တဲ့နေရာတွေဟာ မြွေဆိုးပေါတဲ့နေရာတွေပဲ'

'ဟားဟား. . . ငါက မြွေဆိပ်ကို ကောင်းကောင်း ဖြေနိုင်တဲ့လူပါကွ၊ မြွေနိုင်ဆရာလို့ ခေါ်ရင်တောင် ရတယ်ကွ၊ ဘယ်လောက်ကြောက်စရာကောင်းတဲ့မြွေဖြစ်ဖြစ် ငါ နိုင်ပါတယ်၊ ဆေးကောင်းဆေးမြတ်ဆိုတာကလည်း အင်မတန် အန္တရာယ်များတဲ့ တောထဲတောင်ထဲမှာသာ ရှိကြတာကွ'

'အဲဒီလို သွားရတာ ဆရာကြီး မကြောက်ဘူးလားဗျ'

'ဘာဖြစ်လို့ ကြောက်ရမှာတုန်း၊ အဲဒီနေရာတွေဟာ ငါ ဆယ်နှစ်ဆယ့်ငါးနှစ် ခြေရာထပ်ခဲ့တဲ့နေရာတွေကွ၊ သေသေချာချာ တွက်ကြည့်ရင် အခေါက်ပေါင်း လေးဆယ်မကတော့ဘူး'

'ဆရာကြီး ဘကယ်ပြောတာလား၊ အဲဒီဒေသတွေဟာ အဆိပ်ပြင်းတဲ့ မြွေဆိုးတွေ အင်မတန် ပေါတာဗျ'

'မင်းကလည်း တော်တော် လက်ဝင်တဲ့ကောင်ပဲ၊ မြွေမနိုင်ရင် ပထမအခေါက်ထဲက ငါ သေပြီပေါ့၊ ခုလို ရှင်နေတာဟာ နည်းတောင်းလမ်းကောင်း ရှိလို့ပေါ့ကွ၊ အ လိုက်တာ လွန်ပါတွာ'

www.burmeseclassic.com

www.burmeseclassic.com



လျှာရှည်နေသူသည် သမားတော်ကြီး၏စကားကြောင့် မျက်နှာကြီး နီရဲသွားသည်။

အတန်ကြာအောင်ငြိမ်နေပြီးမှ ကြော်ငြာစာတန်းကို လက်ညှိုးထိုးပြသည်။

'ဆရာကြီး ကြော်ငြာက စိတ်ဝင်စားစရာကောင်းပါတယ်၊ ဆရာကြီးက ကုမရဘူးဆိုပြီး လက်လွှတ်ထားတဲ့ ရောဂါမျိုးကို တကယ် ကုနိုင်လို့လား'

သမားတော်ကြီးက ထိုလူကို မျက်မှောင်ကြုတ်၍ ကြည့်တော့သည်။

'ဘာလဲ . . မင်းက ငါ့ကို သမားတု သမားလိမ်လို့ ထင်နေသလား၊ မယုံရင် မင်းကိုယ်တိုင် စမ်းကြည့်ပါလား'

'အိုး . . ကျုပ်ကို ကုဖို့ မလိုပါဘူး၊ ကျုပ်မှာ ဘာရောဂါမှ မရှိပါဘူး'

သမားတော်ကြီးသည် မျက်နှာကြောတင်းသွားရာမှ ပြန်ပြီး ပျော့ပျောင်းလာသည်။

'ငါဟာ သမားတော် လုပ်နေတာ အတော်ကြာပြီ၊ အတွေ့အကြုံလည်း သိပ်များနေပြီ၊ 'သမားဆို အိုမှ' စကားလို တတ်ကျွမ်းတဲ့သူကွ၊ ဘယ်လိုရောဂါပဲဖြစ်ဖြစ် ငါနဲ့တွေ့ရင် ကောင်းသွားတာချည်းပဲ၊ ချန်အန်းမြို့က သူဌေးကြီးရဲ့ အရိုးထိနေတဲ့အနာတောင် ပျောက်အောင် ကုခဲ့တာကွ၊ အဲဒီသူဌေးကြီးဟာ ငါနဲ့တွေ့တုန်းက အသက်တောင် ယဲ့ယဲ့ကလေး ရှိတော့တာ၊ ငါ မြော



တာကို မယုံရင် ချန်အန်းမြို့ကို သွားပြီး မေးကြည့်'

သမားတော်ကြီး၏စကားကြောင့် လက်ဖက်ရည် သောက်နေသူများ ပြုံးစိစိဖြစ်သွားသည်။

ချန်အန်းသည် အလွန်ဝေးလံသောနေရာတွင် ရှိသည့် မြို့ဖြစ်သည်။

ထိုမြို့သို့ မည်သူမျှ အပင်ပန်းအဆင်းရဲခံပြီး သွားမေးကြမည် မဟုတ်ချေ။

ထိုအချိန်မှာပင် စားပွဲထိုးက ဆေးလက်ဖက်ရည်အိုးတစ်လုံး ယူလာပြီး စားပွဲပေါ် တင်ထားလိုက်သည်။

'ဆရာကြီး ဆေးရွက်တွေဟာ တော်တော်ထူးဆန်းတဲ့ ဆေးရွက်တွေပဲ၊ စောစောက ဝင်းစားတုန်းက အန်ချင်အောင် ခါးတာဗျ၊ ခုတော့လည်း ချိုနေပြန်ပြီ၊ အရသာကလည်း အေးစိမ့်နေတာပဲ'

'အဲဒါဆေးကောင်းဆေးမြတ် ဖြစ်လို့ပေါ့ကွ'

သမားတော်ကြီးသည် အငွေ့တထောင်းထောင်း ဖြစ်နေသော လက်ဖက်ရည်ကို လှမ်းယူလိုက်သည်။

ထို့နောက် ပန်းကန်လုံးထဲ ထည့်မသောက်ဘဲ အိုးလိုက် မော့ချလိုက်တော့သည်။

တစ်ခဏအတွင်းမှာပင် ပူလောင်နေသော ဆေးလက်ဖက်ရည် တစ်အိုးလုံး ကုန်သွားတော့သည်။

တခြားစားပွဲဝိုင်းမှလူများသည် သမားတော်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး မျက်လုံးပြူးကြည့်နေကြသည်။

'ဟော့ကောင်. . . ရေနွေးထပ်တည့်ပေးအုံး'

စားပွဲထိုးသည် တအံ့တသြနှင့် မကျေမနပ်ဖြစ်သွားသည်။

'ဟော့ကောင် နားလေးနေသလား၊ ထပ်ထည့်ပေးလေကွာ'

စားပွဲထိုးသည် လက်ဘက်ရည်ကရားကို ကောက်ကိုင်လိုက်ပြီး. . .

'ဒီလောက်ပူတဲ့ လက်ဘက်ရည်ကို တစ်ခါတည်း သောက်မစ်လိုက်တာ မပူဘူးလား ဆရာကြီးရဲ့'

'အိုး. . . အဲဒါ ဆေးပင်တန်ခိုးကွ၊ ဒီအချက်ကို ကိုယ်တိုင်သောက်ကြည့်မှ သိနိုင်တာ'

သမားတော်ကြီးသည် ဘေးတွင် ရှိနေသော စပ်စုသူကို လှည့်ပြောပြန်သည်။

'ဘယ်လိုလဲ မိတ်ဆွေ၊ ငါ လုပ်ပုံကို မြင်ရုံနဲ့ တကယ် ဆေးကုနိုင်တဲ့လူလို့ သဘောပေါက်လာပြီ မဟုတ်လား'

စပ်စုသူက ဘာမျှ မပြော။

စားပွဲထိုးကသာ ဝင်ပြောသည်။

'ဒီမယ် ဆရာကြီး. . . ဒီမြို့မှာ ဆေးကုလို့မရတဲ့ အရူး တစ်ယောက် ရှိနေတယ်ဗျ၊ ဝေဒနာဖြစ်တာ သုံးနှစ်လောက် ရှိပါပြီ။ အဲဒီလူကို ကုပေးလိုက်ပါလားဗျာ'

'အိုး. . . သူကမှ ငါ့ဆီမလာဘဲကွ၊ ငါက သူ့အိမ်သွားပြီး ခယယယ လုပ်ကုရမှာလား'



ထိုအချိန်မှာပင် စားပွဲဝိုင်းတစ်ဝိုင်းမှ လူတစ်ယောက်သည် သုတ်သုတ်ပျာပျာ ထသွားတော့သည်။

'ဟော. . . အရူးစာပေသမားအိမ်တော်က လူတော့ ပြန်ပြေးပြီ၊ သမားတော်သတင်း သွားပို့ပြီထင်တယ်'

စားပွဲထိုးက သူ့ဘာသာ ရေရွတ်သလိုလို သမားတော်ကြီးကို ပြောသလိုလို ရေရွတ်သည်။

သမားတော်ကြီးကမူ ဘယ်ကိုမျှ လှည့်မကြည့်။

စားပွဲထိုးသည် တရားကို ယူသွားပြီး ချက်ချင်း ပြန်ရောက်လာသည်။

သမားတော်ကြီးက လက်ဘက်ရည်ကရားကိုယူပြီး မော့သောက်ပြန်သည်။

ထို့နောက် လက်ဘက်ရည်ကရားအိုးကိုချပြီး မကျေမနပ် ပြောတော့သည်။

'ဟေ့. . . စားပွဲထိုး၊ မင်းယူခဲ့တဲ့ ရေနွေးအိုးက အေးနေပြီ၊ ပူပူ ထည့်ပေးပါကွ'

'ဟုတ်. . . ဟုတ်ကဲ့ဆရာကြီး၊ ခုချက်ချင်း ယူခဲ့ပါမယ်'

စားပွဲထိုးသည် လက်ဘက်ရည်ကရားကိုယူပြီး ထွက်သွားတော့သည်။

---

ထိုအခါကျမှ စပ်စုသူက ဝင်ပြောပြန်သည်။

'ခုဆို ကျူပ်အသက် လေးဆယ်ကျော် ငါးဆယ်တွင်း

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီဗျ၊ ဒီအသက်အရွယ်တွင်းမှာ ခင်ဗျားလို သမားတော်မျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ စားပွဲထိုးပြောတဲ့ အရှုံးလှူငယ်ကိုသာ ပျောက်ကင်းအောင် ကုပေးနိုင်ရင် ခင်ဗျားတော့ ရွှေတွေငွေတွေ တစ်ပုံကြီးရမှာ သေချာတယ်ဗျ'

'ခင်ဗျား ဘယ်လို ပြောလိုက်တာလဲဗျ'

'ဒီလိုပါ သမားတော်ကြီးရဲ့၊ အရှုံးလှူငယ်ဆိုတာ ဒီမြို့က သူ့ရဲကောင်းကြီးတစ်ယောက်ရဲ့မိတ်ဆွေပါ၊ အဲဒီပုဂ္ဂိုလ်ဟာ သူ့မိတ်ဆွေရဲ့ရောဂါကို ပျောက်အောင်ကုနိုင်တဲ့ ဆေးဆရာကို ရှာနေတာဗျ၊ ခုချိန်ထိတော့ ဆရာပေါင်း အတော်စုံသွားပြီ၊ ဒီ သူ့ရဲကောင်းဟာ ကျိုတိုတက်အောင် ချမ်းသာတဲ့ပုဂ္ဂိုလ်၊ ဒီတော့. . .'

'တော်ပြီ. . . တော်ပြီ၊ ကျုပ် သဘောပေါက်ပြီ'

'ဘယ့်နှယ်လဲ ခင်ဗျား ဝမ်းမသာဘူးလား၊ ခင်ဗျားရမယ့် ရွှေတွေငွေတွေဟာ နည်းမှာ မဟုတ်ဘူး'

'တော်စမ်းပါ၊ ခင်ဗျားက ကျုပ်ကို ရွှေငွေမက်တဲ့လူလို့ ထင်နေလို့လား'

'ရွှေငွေဆိုတာ လူတွေရဲ့ သည်းခြေကြိုက်ပစ္စည်းပါဗျာ'

'ဟား. . . ဟား. . . ခင်ဗျားဟာ တော်တော်ရယ်စရာကောင်းတဲ့လူပဲ၊ ကျုပ်သာ ရွှေငွေ မက်ခဲ့ရင် ကျုပ် ဆေးကုတတ်ကတည်းက ချမ်းသာနေပြီဗျ၊ သိရဲ့လား'

'ဒါဖြင့် ခင်ဗျားဟာ အခကြေးငွေ မယူတဲ့ ဆေးဆရာပေါ့ ဟုတ်လား'



စပ်စုသူက လှောင်သံနှင့် မေးသည်။

သမားတော်ကြီးက မဲ့ရွဲ့ပြီး ဆက်ပြောသည်။

'ဒီမယ်မိတ်ဆွေ၊ ကျုပ်ဟာ ခင်ဗျားပတ်ဝန်းကျင်က လူစားမျိုး မဟုတ်ဘူး၊ ကျုပ်က ရွှေငွေ အဓိကသမား မဟုတ်ဘူး၊ ထိုက်သင့်တဲ့ဆေးဖိုးဝါးခကို ယူသင့်ရင် ယူတယ်၊ မယူသင့်ရင် မယူဘူး၊ သေမတတ်ဖြစ်နေတဲ့ လူတစ်ယောက်ကို ရေတစ်ခွက်တိုက်ရုံနဲ့လည်း ကုပေးချင် ကုပေးတယ်၊ ရွှေတွေ ငွေတွေ တောင်လိုပုံပေးလည်း ယူချင်မှ ယူတယ်. . .။

ကျုပ်ရဲ့သဘောကတော့ လူ့အသက်ကို ကယ်တင်ပေးခြင်းဟာ ကြီးမြတ်တဲ့ မင်္ဂလာတစ်ပါးပဲ၊ အဲဒါဟာ ဘယ်အရာနဲ့မှ လဲလို့မရတဲ့ ပစ္စည်းပဲ၊ ရှင်းရှင်းပြောရရင် ကျုပ်ဟာ ငွေပေးမှ ကုပြီး ငွေမပေးရင် မကုတဲ့ သမားတော် မဟုတ်ဘူး၊ ငွေပေးမှ ကုပြီး ငွေမပေးရင် မကုတဲ့ ဆေးဆရာဟာ ငရဲရှစ်ထပ်ရဲ့ အောက်ဆုံးအထပ်မှာ ချိုးကပ်နေမယ့် လူစားတွေပဲ၊ ရှင်းရဲ့လား'

သမားတော်ကြီးက အာဘောင်အာရင်းသန်သန်နှင့် တရစပ်ပြောတော့သည်။

လက်ဘက်ရည်သောက်နေကြသူများသည် သမားတော်ကြီး၏စကားကြောင့် တုန်လှုပ်သွားကြသည်။

စပ်စုသူကား သမားတော်ကြီးကို စိုက်ကြည့်ပြီး လက်မထောင် ပြောတော့သည်။

'အင်း. . . သမားတော်ကြီးပြောပုံက ဆေးပညာရပ်မှာ

www.burmeseclassic.com



ဆရာဇီဝကလို တတ်ကျွမ်းနေတဲ့အတိုင်းပဲ၊ ကျုပ်ကတော့ သမားတော်ကြီးကို နတ်ဆေးဝိဇ္ဇာကြီးလို့ သဘောထားပါတယ်၊ လူနာတွေကို စေတနာအပြည့်နဲ့ ကုပေးတတ်တယ်ဆိုလို့လည်း သာဓုခေါ်မိပါရဲ့ဗျာ၊ ဟဲဟဲ. . .'

'ကျုပ်တို့ မြှောက်သလိုလို၊ ပင့်သလိုလို၊ လှောင်သလိုလို၊ ပြောင်သလိုလို လုပ်မနေစမ်းပါနဲ့၊ ကျုပ်နဲ့တွေ့ရင် ဘယ်လိုရောဂါဆည်မှုဆို ဝေဒနာပျောက်တင်းရတာ အမှန်ပဲ၊ သမ္မာဒေဝ နတ်တောင်းနတ်မြတ်တွေက မစနေသလားတော့ မပြောတတ်ဘူး'

သမားတော်ကြီးနှင့် စပ်စုသူတို့ အချီအချ ပြောနေစဉ်မှာပင် 'စို့စီးဟု' ရေကန်ကြီးဘက်မှ လူနှစ်ယောက်သည် ခပ်သုတ်သုတ် လျှောက်လာနေ၏။

စပ်စုသူသည် အမှတ်မဲ့ မြင်လိုက်ရသော မြင်ကွင်းကြောင့် လက်ညှိုးထိုးပြီး ပြောပြန်၏။

'ဟော. . . ဟိုမှာ လာနေကြပြီ၊ ရှေ့ကလူကတော့ ခုနကတင် ဆိုင်ထဲက ထွက်သွားတဲ့လူပဲ၊ နောက်ကလူကတော့ ကျိုးမိသားစုအိမ်တော်က အိမ်ထိန်းကြီးဗျ'

စပ်စုသူစကားကြောင့် ဆိုင်ထဲမှလူများသည် သမင်လည်ပြန် လှမ်းကြည့်လိုက်ကြသည်။

သမားတော်ကြီးက စိတ်ဝင်စားဟန် မရှိဘဲ ငြိမ်မြဲငြိမ်နေသည်။ သူ့ပုံက ဘာမျှ မကြားမသိဟန်ဖြစ်သည်။



မကြာခင်မှာပင် ထိုလူနှစ်ယောက်သည် ဆိုင်ထဲသို့ ရောက်ရှိလာတော့သည်။

ရှေ့မှလူက ဆိုင်ထဲသို့ ဝင်မိသည်နှင့် သမားတော်ကြီးကို လက်ညှိုးထိုးပြီး ပြောတော့သည်။

'သမားတော်ကြီးဆိုတာ အဲဒီအဘိုးကြီးပဲ သခင်ကြီးတို့'

အိမ်ထိန်းကြီး တုံထန်းကျသည် သူ့လူ၏ အပြုအမူကို မနှစ်မမြို့ ဖြစ်သွားသဖြင့် ခပ်ငေါက်ငေါက်ပြောတော့သည်။

'မင်းလုပ်ပုံက တော်တော်ရိုင်းတာပဲ၊ ကဲ. . . ဘေးဖယ်နေ၊ စကားဆိုတာ ဂါရဝတရား လက်ကိုင်ထားပြီး ပြောရတယ်ကွ'

ရှေ့မှ ရပ်နေသော အကျီနက်နှင့် လူသည် ခပ်ကုပ်ကုပ်ဖြစ်သွားပြီး ဘေးဖယ်ပေးတော့သည်။

အိမ်ထိန်းကြီး တုံထန်းကျသည် သမားတော်ကြီးအနားသို့ တိုးသွားပြီး လက်အုပ်ချီ ဂါရဝပြုလိုက်သည်။

'သမားတော်ကြီးကို တွေ့ရတာ အမှန်ပဲ ဝမ်းသာမိပါတယ်ခင်ဗျာ၊ ကျေးဇူးပြုပြီး ထိုင်ခွင့်ပြုပါ'

'ထိုင်ပါ. . . ထိုင်ပါ၊ နောင်ကြီးမှာ ဘာပြောစရာတွေများ ရှိနေလို့လဲ'

သမားတော်ကြီးက မင်သေသေနှင့် မေးသည်။

တုံထန်းကျက မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်ပြီး ပြုံးပြုံးရွှင်ရွှင် စကားဆိုသည်။

'သမားတော်ကြီးဟာ ကုမရတဲ့ရောဂါတွေကို ကုပေးနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ကြားမိလို့ပါ'

'အိမ်း . . . မှန်သပေါ့ဗျာ၊ ဟောဒီမှ တိတိကျကျ ပွင့်ပွင့်လင်းလင်း ရေးထားတာပဲဥစ္စာ'

သမားတော်ကြီးက ဘေးတွင် ဖြန့်ချထားသော ပိတ်ဖြူကြော်ငြာစာတမ်းကို လက်ညှိုးထိုးပြသည်။

သမားတော်ကြီး၏အမူအရာသည် အလွန်အေးစက်စက်နိုင်သော အမူအရာဖြစ်သည်။

ဘေးတွင်ရပ်နေသော အကျီနက်နှင့်လူသည် သမားတော်ကြီး၏ အမူအရာကို မနှစ်မြို့နိုင်အောင် ဖြစ်သွားသည်။

တုံထန်းကျကား မည်သို့မျှ မခံစားရသောအသွင်နှင့် မြူးတူးတူး လုပ်နေသည်။

'သမားတော်ကြီးရဲ့ ကြော်ငြာစာတမ်းဟာ သိပ်စိတ်ဝင်စားစရာကောင်းတဲ့ စာတန်းပါပဲ၊ ကဲ . . . ကျွန်တော့်ရဲ့ လူနာအတွက် သမားတော်ကြီးကို ပင့်ဖိတ်ပါတယ်၊ ကျွန်တော်တို့နဲ့ တပါတည်း လိုက်ခဲ့ပါလို့လည်း တောင်းပန်ပါတယ်'

'အိမ်း . . . ဒီလိုမှပေါ့၊ ဒါနဲ့ ကျုပ်က ဘယ်ကို လိုက်ရမှာလဲ'

'ကျိုမိသားစုရဲ့ အိမ်တော်ကိုပါ၊ ကျွန်တော်ဟာ 'ကျိုမိသားစုအိမ်တော်ရဲ့ အိမ်ထိန်းကြီးပါ၊ သမားတော်ကြီးကို ပင့်ဖိတ်နေရတဲ့အကြောင်းကတော့ ကျွန်တော်တို့ရဲ့ ဒုတိယသခင်လေးကို ဆေးကုပေးစေဖို့ပါပဲ၊ ဝေဒနာက လွန်ခဲ့တဲ့သုံးနှစ်လောက်က ရခဲ့တဲ့



ဝေဒနာဆိုးပါ'

'သိပါပြီ သိပါပြီ၊ ဒါနဲ့ ဘယ်လိုရောဂါလဲဗျ'

'ဝေဒနာရှင်ကို တွေ့ရင် သိပါလိမ့်မယ် သမားတော်ကြီး၊ ကျွန်တော်တို့အမြင်နဲ့ သမားတော်ကြီးအမြင်ဟာ ကွာခြားပါလိမ့်မယ်၊ ဝေဒနာကသမားတော်ကြီးသာ အဆုံးအဖြတ် ပေးနိုင်တဲ့ဝေဒနာမျိုးပါ'

'ကောင်းပြီ၊ သွားရမှာက တော်တော်ဝေးသလား'

'သိပ်မဝေးပါဘူး၊ စုကန်းတောင်ကုန်းပေါ်မှာပါ'

'ကောင်းပြီ၊ ကျုပ် လိုက်ခဲ့မယ်'

သမားတော်ကြီးသည် စကားဆုံးသည်နှင့် ထိုင်ရာမှ ထလိုက်တော့သည်။

သမားတော်ကြီးသည် သူ၏ ဆေးပစ္စည်းများကိုပင် လှည့်မကြည့်တော့ချေ။

တုံထန်းကျသည် သမားတော်ကြီးကို အကဲခတ်လိုက်ပြီးသည်နှင့် အကျီနက်ကို လှမ်းပြောလိုက်သည်။

'အကျီနက်၊ သမားတော်ကြီးရဲ့ ဆေးပစ္စည်းတွေကို ယူပြီးလိုက်ခဲ့'

'ဟုတ်ကဲ့ . . . ဟုတ်ကဲ့'

အကျီနက်သည် တုံထန်းကျ၏အမိန့်ကြောင့် သမားတော်ကြီး၏ ပစ္စည်းများကို စုယူထမ်းပိုးလိုက်ရသည်။

စိတ်ထဲကမူ သမားတော်ကြီးကို သိပ်မကျေနပ်လှချေ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထိန်းကြီးတုံထန်းဂျာနှင့် သမားတော်ကြီးတို့ကား ရှေ့မှနေ၍ သုတ်သုတ်သွားနေကြလေပြီ။

အကျီနက်သည် သမားတော်ကြီး၏ ဆေးသေတ္တာနှင့် ကြော်ငြာစာတန်းကို ဆွဲကိုင်ထမ်းပိုးပြီး အပြေးလိုက်ရတော့သည်။

လက်ဘက်ရည်ဆိုင်ထဲတွင် ရှိနေကြသောလူများသည် သမားတော်ကြီးတို့ကို လှမ်းကြည့်ရင်း အမျိုးမျိုး ဝေဖန်ပြောဆို နေကြတော့သည်။

▶▶ ◀◀

စာစဉ်(၁)ပြီး၏။

စာစဉ်(၂)ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC

www.burmeseclassic.com